လူ့ဘဝခန္ဓာအိမ်
www.burmeseclassic.com
နောက်တစ်ကြိမ်ပြန်လာကြသူများ

# လူဝင်စား

တက္ကသိုလ် သျှင်သီရိ ဓမ္မာစရိယ(ဘိဓဒဝ)



www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝခန္ဓာအိမ်
နောက်တစ်ကြိမ် ပြန်လာကြသူများ

# လူဝင်စား

တက္ကသိုလ်သျှင်သီရိ(မဟာစရိယ၊ ဘီ–အေ)

ဖြန့်ချိရေး ⇨ မြတ်ပန်းရဂုံစာပေ၊ ဈ/၉၁၉၊ ရော ၆–လမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ● ၃၄/၉၈ (၅)
မျက်နှာဖုံးခွင့်ပြုချက် ● ၂၆/၉၈ (၉)
ပထမအကြိမ် ● ၁၉၉၈၊ နိုဝင်ဘာလ
အုပ်ရေ ● ၅၀၀
မျက်နှာဖုံးဒီဇိုင်း ● ရွှေစိုးဟန်
မျက်နှာဖုံးကာလာခွဲ ● အယ်လ်ဖာ
ကွန်ပျူတာစာစီ ● မျိုးမော်ကွန်ပျူတာ
(ဖုန်း - ၂၅၃၃၅၂)

BURMESE CLASSIC

ထုတ်ဝေသူ

ဦးမြသန်း (မြ-၀၁၅၁)၊ အသိုင်းအဝိုင်းစာပေ
အမှတ်-၁၅၊ သမားစီလမ်း၊ ရွှေဆံ့ရပ်
မရမ်းကုန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးကျော်ငွေ (မြ-၀၂၇၇၃)၊ ရွှေစင်ကျော်ပုံနှိပ်တိုက်
အကွက် ၆၄/၄၆၇၊ စက်မှုလက်မှုရပ်ကွက်၊ တောင်/ဒဂုံမြို့သစ်
၁၅၁/၃၄-လမ်း (အထက်)၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်။

တန်ဖိုး ●

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

"ငါ့သားကလေးက ကုလားစစ်သားလေး ဝင်စားတာတော့"

ငယ်စဉ်က စာရေးသူ၏ မိခင်ကြီးက ချစ်စနိုးဖြင့် စာရေးသူကို ချီမြှောက်၍ ပွေ့ဖက်နမ်းရှုံ့ရင်း ခဏ ခဏ နှုတ်မှ လှစ်ဟ ဖွင့်ဆို၍ ပြောလေ့ရှိပါသည်။

BURMESE CLASSIC

စာရေးသူ၏ ဖခင်ကား ရွှေဘို ညောင်ပင်သာရွာ အဆက်၊ မိခင်ကား ပြည်မရှမ်း–ဗမာကပြား၊ ညီအစ်ကိုမောင်နှမ လေး ယောက်ဝယ် အားလုံးသည် အမေ ရှမ်း–ဗမာကပြားနှင့်တူကာ အသားဖြူကြသည်၊ ချောကြသည်။ စာရေးသူကျတော့ အသား ကမည်း၏၊ ရုပ်ကဆိုး၏၊ စကားပြောက မြန်၏။ မိသားစုထဲတွင် အရုပ်ဆိုး အကျည်းတန်သော ဘဲကလေးသဖွယ် ဖြစ်ခဲ့ရ၏။ မိခင်ကြီးက ပြောပါသည်...

"ငါ့သားလေး ကိုယ်ဝန်ရှိမယ်လုပ်တော့ ဝတ်ဖြူစင်ကြယ် ဝတ်ထားသော ပုဂ္ဂိုလ်ကြီးတစ်ဦးက ခပ်ရွယ်ရွယ် လူငယ် တစ် ယောက်ကို ခေါ်လာတယ်။ လူငယ်မှာ ဥပဓိရုပ် ဆိုးတယ်၊ ကုလားလူငယ်ဖြစ်တယ်၊ ဝတ်ဖြူစင်ကြယ်နှင့် လူကြီးက ဒီကောင် လေးက နင့်ဆီမှာ နေချင်တယ်ပြောလို့ ငါလာပို့တာ၊ နင့်အိမ်မှာ သူနေလိမ့်မယ်၊ ဒီကောင်လေးကို နင့်ယောကျ်ားက ရှေ့တိုက်ခဲ့ဖူး တယ်၊ မုန်းကျွေးခဲ့ဖူးတယ်၊ အဲဒါ နင်က ဆက်ကျွေးမွေးပါလို့

www.burmeseclassic.com

www.burmeseclassic.com

ပြောပြီးအပ်တယ်။ မေမေကလည်း သူ့ကိုကြည့်ပြီး သနားတာနဲ့ လာနေပါ၊ ကျွေးပါမယ်လို့ ပြောလိုက်တယ်။ အဲဒီလိုပြောပြီး လန့်နိုးခဲ့တယ်။ သားအဖေကို ပြောပြတယ်။ သူကလည်း သဘောကောင်း စေတနာကောင်းသူဆိုတော့ လာနေပါလို့ ပြောတယ်။ သူ မုန့်ကျွေး ရေတိုက်တဲ့ကိစ္စ မေးကြည့်တော့ ဟုတ်တယ်၊ ဖြူးဆေးရုံကို သူကိစ္စတစ်ခုနှင့် ရောက်သွားတယ်။ ဆေးရုံမှာ သေလုဆဲဆဲ ရောဂါဖြစ်နေတဲ့ ကုလားစစ်သားကလေး ကို ရေတိုက်ခဲ့တယ်။ ထမင်းကျွေးခဲ့တယ်။ အဲဒီစစ်သားကလေးက သူကျွေးတဲ့မုန့်နဲ့ရေ သောက်ပြီး မကြာခင်ပဲ သူ့ကို ကျေးဇူးတင် မျက်လုံးနှင့် ကြည့်ပြီး သေဆုံးသွားတယ်တဲ့"

သေဆုံးသွားတဲ့ ကုလားစစ်သားလေး ဝိညာဉ်ဟာ စွဲလမ်းမှု တဏှာကြောင့် အဖေ့ထံ လိုက်လာဟန်တူပြီး မေမေ့ထံ ဝင်စားတာ ဖြစ်လိမ့်မယ်ထင်တယ်ဟု မိခင်ကြီးက ပြောပြဖူးပါသည်။

မှန်ပါလိမ့်မည်။ ဒုတိယကမ္ဘာစစ် စစ်မီးတောက်ချိန်ကာလ ဝယ် မြန်မာနိုင်ငံကို ဂျပန်တို့၏တိုက်ခိုက်မှု ကာကွယ်ရန် အိန္ဒိယနိုင်ငံမှ အမှတ်(၁၇) တပ်မတော်ကြီး ဝင်ရောက်ခဲ့ပါသည်။ ထိုတပ်မတော်သည် ဂျပန်ကို ခုခံရင်း တဖြည်းဖြည်း စစ်ဆုတ်ခဲ့ရ ပါသည်။ ထိုစစ်တပ်တွင် ပါဝင်ခဲ့သော ကုလားစစ်သားကလေး သည် ရောဂါအသည်းအသန်ဖြစ်ပြီး သေဆုံးခဲ့ရပါသည်။ စာရေးသူ မွေးဖွားခဲ့သည်မှာ (၁၇-၄-၄၃)နေ့ ဖြစ်ပါသည်။ ထိုစစ်သားလေး

www.burmeseclassic.com

www.burmeseclassic.com

ဘယ်နေ့ ဘယ်ရက် ဘယ်နှစ်က သေဆုံးခဲ့သည်ကို မသိပါ။ စာရေးသူ စကားပြောတတ်သော အရွယ်တွင် ဘဝဟောင်းကိုတော့ မပြော၊ ဟိန္ဒူ စကန်နီ ကုလားစကားလိုလို စကားမျိုး ပြောသည်။ ကုလားကြိုက်သော ပဲ၊ ထောပတ်၊ ပူရီ၊ ပလာတာတို့ကို ကြိုက်သည်။ အသားကို သိပ်မကြိုက်တတ်။ ဟိန္ဒူကုလားလူမျိုး မြင်လျှင် တစိုက်မတ်မတ် ငေးမောကြည့်တတ်သည်။ ဤမျှသာ အခြေအနေထူးသည်။ စကားပြောမြန်မှုကတော့ ယခုထက်ထိပင် အကျင့်ပါလာသည်။ စကားကို ပီသနားလည်အောင် အတော် သတိထား ပြောရသည်။

ဤသည်မှာ စာရေးသူ၏ အမေက စာရေးသူကို ပြောပြသော ငါ့သားလေးက ကုလားစစ်သားလေး ဝင်စားတာဟူသော ဘဝ ဇာတ်လမ်း ဖြစ်ပါသည်။

စာရေးသူဘဝတွင် အလားတူ တွေ့ရသော လူဝင်စားမှာ စာရေးသူ၏ ညီတစ်ဝမ်းကွဲတော်သူ ယခု မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်တွင် သုတ္တန္တ ဌာနတွင် နယဒေသ ကဆရာတော်အဖြစ် တာဝန်ထမ်းဆောင်နေသော ဘဒ္ဒန္တ နရိန္ဒာ စာရ (ပါဠိပါရဂူ)ဆရာတော် ဖြစ်သည်။ ထိုအရှင်သည် ဂျပန် စစ်သား ဝင်စားသူ ဖြစ်ခဲ့သည်။ ငယ်စဉ်က လေယာဉ်ပျံသံကြားက လက်ထဲရှိ ဝါးခြမ်းစိပ်ကို သေနတ်ပြုကာ တဒက်ဒက်နှင့်မြည်ကာ ပစ်သည်။ သူသည် ဂျပန်ပြည်ကလာခဲ့သည်။ ဂျပန်မှာ မိန်းမနှင့်

www.burmeseclassic.com

www.burmeseclassic.com

သားသမီး ရှိသည်ဟု ဆိုခဲ့သည်။ ဂျပန်ပြည်ကို ညွှန်ပြနိုင်လျှင် ပြပါဟု ပြောလျှင် အရှေ့အရပ်ကို လက်ညှိုးထိုးပြီး ဟိုဘက်မှာ ငါတို့ပြည်ရှိတယ်၊ ငါ့မိန်းမနဲ့ သမီးတွေ ရှိတယ်ဟု ပြောလေ့ ရှိသည်။ လေယာဉ်ပျံသံကြားက ကြောက်လန့်မှုမရှိ။ သူက ပစ်ပြနေသည်။ သူဘာပြု၍ သေသလဲဟုမေးက လေယာဉ်ပျံ စက်သေနတ်မှန်၍ ညောင်ပင်ပေါ်က ကျ၍ သေသည်ဟု ပြော လေ့ရှိသည်။ သူ့အဖြစ်အပျက်ကို (၄)နှစ်သားထိ ပြောလေ့ရှိသည်။ ကျောင်းနေသောအခါ ထိုအဖြစ် အပျက်တို့ကို မပြောတော့ချေ။

ဤသည်မှာ စာရေးသူဘာဝဝန်းကျင်တွင် တွေ့ရသော ညီတော် ခဲ့သော ဆရာတော်ဦးနရိန္ဒာစာရေး၏ ဝင်စားမှု အတွေ့အကြုံ ဖြစ်ပါသည်။

စာရေးသူသည် နတ်ပြည်ရောက် လူသားတို့၏ ဘဝအတွေ့ အကြုံ စာအုပ်ထဲတွင် သေရွာပြန်တို့၏ ဘဝအတွေ့အကြုံ စာအုပ်နှင့် ပတ်သက်၍ မေးခွန်း(၃)ခု မေးသည်ကို ခံခဲ့ရသည်ဟု ဆိုခဲ့ပါသည်။

- သေရွာပြန်တွေ သတိရလာလျှင် ပထမဦးစွာ ဘာပြုလို့ အစားအစာ မကောင်းတဲ့ ရေကို အရင်တောင်းရပါသလဲ။
- နတ်ပြည်က ပြန်လာသော သေရွာပြန်တွေကော မရှိဘူး လား။
- လူ့ပြည်ပြန်ရောက်တဲ့ သေရွာပြန်တွေကော မရှိဘူးလား

www.burmeseclassic.com

www.burmeseclassic.com

ဤမေးခွန်း (၃)ရပ်နှင့် ပတ်သက်၍ နောက်ဆုံးမေးခွန်းဖြစ်သော လူဝင်စားများ အကြောင်းကိုရေးပါမည်ဟု ဝန်ခံကတိပြုကြေညာပေးထားခဲ့ပါသည်။

တချို့ကလည်း အနောက်နိုင်ငံသားများ သုတေသနပြုစုထားသော လူဝင်စားများအကြောင်းကို ဖတ်ရှုလေ့လာကြပြီး စာရေးသူကို...

"ဘာပြုလို့ လူဝင်စား ဖြစ်ရသလဲ"

"လူဝင်စားသာ ဘဝဟောင်းကို ပြန်ပြောနိုင်သလား"

"ဘာပြုလို့ ဘဝဟောင်းကို ပြောပြနိုင်ရပါသလဲ"

"သူတို့က ဘဝတစ်ခုက ဝင်စားလာကြတာပဲ၊ သူတို့ကျတော့ ဘာပြုလို့ သူတို့အတိတ်ဘဝကို ပြန်မပြောနိုင်ကြပါသလဲ"

"ဗုဒ္ဓဘာသာက လူဝင်စားဖြစ်ပေါ်လာမှုကို ဘယ်လိုလက်ခံပါသလဲ" စသည်ဖြင့် မေးခွန်းအစုံကို မေးကြပါသည်။

ထိုအမေးများအတွက် စာရေးသူသည် ဤစာအုပ်ကို ပြုစုရေးသားပါသည်။

ဤစာအုပ်ကို ဖတ်ရှုပြီးက အထက်ပါမေးခွန်းများ အဖြေကိုရှင်းလင်းစွာ သိကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဗုဒ္ဓဘုရားတော်သည် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟူသော လောကအကြောင်းစုံကို လိုလေသေးမရှိ ဘက်စုံ အစစအရာရာ ပြည့်စုံအောင် ဖော်ညွှန်းပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုတရားများကို သိရှိနိုင်ရန် လေ့လာကြည့်ဖို့ လိုအပ်ပါသည်။ စာရေးသူသည် ဘုရားရှင် ဟောကြားထားခဲ့သော လောကသုံးပါးထဲမှ အကြောင်းအရာ အစိတ်အပိုင်းကလေး တစ်ခုမျှဖြစ်သော ဘဝကူးမှု၊ ဘဝနိကန္တိကတဏှာကြောင့် ဘဝသစ်ဖြစ်ရမှုဟူသော သတ္တဝါတို့၏ သံသရာလည်မှု နိယာမ ဖြစ်စဉ်ကလေးကို ဤ **"လူဝင်စား"** စာအုပ်ဖြင့် စာဖတ်သူတို့အား ဝေငှပေးကမ်းလိုက်ရပါသည်။

အားလုံးကျေနပ်နှစ်သက်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။ ထိုမှအစပြု၍ ထိုထက်အလွန် အသိပညာကြွယ်ဝကြကာ တစ်မင်္ဂ တစ်ဖိုလ်ရအောင် တက်လှမ်းနိုင်သည်အထိ (ဝါ) ကံဇာတ်ဆရာကို အဆက်ဖြတ်ပြီး နိဗ္ဗာနဓာတ်သို့ ဝင်ရောက်နိုင်သည်အထိ ကြိုးစားနိုင်ကြပါလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဤစာမူ ဖြစ်မြောက်ရေးအတွက် ဆွေးနွေးကြသော မွေမိတ်ဆွေများ၊ ဌာနဆိုင်ရာ အလုပ်တာဝန်များကြားနှင့် အိမ်မှုကိစ္စစားဝတ်နေရေးအဝဝ သားသမီးကိစ္စအဝဝ တို့ကို စိုးရိမ်သောကမရှိရလေအောင်၊ ဤစာကို အေးချမ်းစွာ ရေးသားနိုင်အောင် ပါရမီဖြည့်ပေးသော ချစ်ဇနီး ဒေါ်တင်အေး၊ စာများဝိုင်းဝန်းကူညီရှာဖွေပေးသော၊ ကူးယူပေးကြသော သမီးကြီး မစန္ဒာလင်း၊ သမီးလတ် ခင်သူဇာ( စာရေးဆရာမ ခင်သူဇာမြင့်)နှင့်တကွ ထုတ်ဝေသူ မြတ်ပန်းရဂုံစာပေမှ ဦးခင်မောင်ဦး၊ ဦးအောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ထူး၊ ဦးသိန်းဇော်တို့အား အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်း ပြုအပ်ပါသည်။

တက္ကသိုလ်သျှင်သီရိ
ဓမ္မာစရိယ၊ ဘီ–အေ

ဦးကိုကိုမြိုင်
အမှတ်/စ–၅၅
သုနန္ဒာ(၃)လမ်း၊ မ/ဥက္ကလာပ။

www.burmeseclassic.com

www.burmeseclassic.com


**မြတ်ပန်းရဂုံစာပေတိုက်တွင် ရရှိနိုင်သော**

**စာရေးဆရာတက္ကသိုလ်သျှင်သီရိ (မှော်ဇရိယ ဘီ-အေ)၏**

**စာအုပ်ကောင်းများ**

- သေရွာပြန်တို့၏ ဖြစ်ရပ်မှန် ဘဝအတွေ့အကြုံများ
- ငရဲဟူသည်
- ရူပာနန္ဒာဟူသည်
- လူ့နတ်ပြဟ္မာဟူသည်
- လာခြင်းကောင်း၍ ပြန်ခြင်းချမ်းမြေ့ပါစေ
- ရကြပါစေ အမျှဝေ၏
- ဖုတ် ပြိတ္တာများနှင့် ကမ္မဝါစာအစွမ်း
- လင်ကောင်းတစ်ယောက် ကျောက်ကောင်းတစ်ခဲ
- ဤသည်မိန်းမဏ္ဍတ္ထိဇက်
- မွေးဖွား့သင်းထုံ မြတ်သီလဂုဏ်
- ပရိတ်တန်ခိုး ပရိတ်အကျိုး
- သစ္စာတန်ခိုး သစ္စာအကျိုး
- အိုဘယ့်မြတ်ရဟန်း

ယခု

- လူဝင်စား

ဆက်လက်၍

- သမီး၊သားတို့အတွက် မိဘမေတ္တာ
- နတ်ပြည်ရောက် လူသားတို့၏ ဘဝအတွေ့အကြုံများ
- ဗုဒ္ဓဂုဏာ မြတ်ဂါထာ

အမြို့မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| • အမှာစာ | |
| **အခန်း(၁)** | |
| **လူ့ဘဝခန္ဓာအိမ် နောက်တစ်ကြိမ်တည်ဆောက်သူများ** | |
| • သေသူတို့၏ လားရာဂတိ | ၁ |
| • ဒေါက်တာစတီဗင်ဆင်၏ လူဝင်စားလေ့လာချက်များ | ၃ |
| • လူဝင်စားတို့၏ ဘဝကျေနပ်မှု | ၇ |
| • လူဝင်စားဖြစ်ပေါ်လာမှုအခြေအနေ | ၆ |
| • လူဝင်စားယောကျာ်း မိန်းမဖြစ်မှုပြဿနာ | ၉ |
| • လူဝင်စားများ၏ အထုံဝါသနာ | ၁၀ |
| • လူဝင်စား၏ ကြောက်စိတ် | ၁၂ |
| • လူသေ လူဝင်စား လက်ခံယုံကြည်သောနိုင်ငံများ | ၁၂ |
| • အနောက်အာဖရိက အယူအဆ | ၁၃ |
| • မြောက်အမေရိကတိုက် | ၁၄ |
| • ကနေဒါ | ၁၆ |
| **အခန်း(၂)** | |
| **ဘဝသံသရာဟူသည်** | |
| • သတ္တဝါတို့ သံသရာ | ၁၇ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


- သံသရာတဏှာဝယ် မျောနေရသည့်တရားများ ........ ၂၀
- ထာဝရဝိညာဉ်နှင့် တမလွန်ဘဝ ........ ၂၃
- သေခြင်း မွေးဖွားခြင်းအကြောင်းများ ........ ၂၅
- သေခါနီး နိမိတ်ထင်ပုံ ........ ၂၇
- ဘဝသစ် ပဋိသန္ဓေ ........ ၃၂
- နိယာမသဘောနှင့် အသက်ဖြစ်ပေါ်မှု ........ ၃၅
- အသက်ဇီဝ ........ ၃၉
- သစ်ပင်တို့၏ အသက် ........ ၄၁
- သေဆုံးမှု ........ ၄၃
- ဘဝဖြစ်ပေါ်မှု ........ ၄၄
- ပရမတ်သဘောအရ ဘဝကူးပြောင်းပုံ ........ ၄၉
- ဘဝဟောင်းကို ပြန်ပြောင်းသိမှု ........ ၆၀
- ဇာတိဿရဉာဏ် ........ ၆၂
- ပုဗ္ဗေနိဝါသ အဘိညာဉ်ဉာဏ် ........ ၆၆
- အတိတ်ဘဝ မေ့ရခြင်းအကြောင်း ........ ၇၁
- ဘဝသံသရာလည်မှု
  မဟာစည်ဆရာတော်၏ ဩဝါဒ ........ ၇၂
- ဘဝကူးမှု ဆရာတော်ဦးဇနက ဟောပြောချက် ........ ၇၄


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| • နတ်တို့ သေခါနီး မှာကြားပုံ | ၇၅ |
| • ပုဗ္ဗနိမိတ်မထင်သော နတ်များ | ၇၆ |
| • နတ်တို့စုတေ၍ ခန္ဓာမကျန်ခြင်း | ၇၇ |
| • နတ်တို့စုတေလျှင် နတ်ဘုံ၌ပြန်ဖြစ်သူနည်းခြင်း | ၇၇ |
| • တိဘက်(မဟာယာနဗုဒ္ဓဘာသာ)တို့၏ တမလွန်ပြောင်း ယုံကြည်မှု | ၇၉ |
| • ကံဇာတ်ပြတ်ရန် | ၈၅ |


## အခန်း(၃)

### ဘဝဟောင်းကို ပြန်ပြောင်းပြောနိုင်သူများ


| | |
|---|---|
| • ဇာတိဿရဉာဏ်ရ ဆိတ်ကလေး | ၉၀ |
| • ဘဝဟောင်းက သူဌေးအကောင်းစား ဘဝသစ်မှာ သူတောင်းစား | ၉၄ |
| • လာရာလမ်းကို ပြန်လေသူ | ၁၀၁ |
| • ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုပ်ရှုပ် မယ်သုမန | ၁၀၄ |
| • နှစ်ဘဝဇာတ်လမ်းကို မှတ်တမ်းရောင်ခဲ့သော ဆရာတော်ဦးကြယ် | ၁၁၀ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ● လေးဘဝ သတိရ ဇာတိသူရရှင် | ၁၁၅ |
| ● သုံးဘဝကူး မုံတောဆရာတော် | ၁၁၉ |
| ● သုံးဘဝ ခန္ဓာအိမ်ပြောင်းရသော ဆရာတော် | ၁၂၃ |
| ● မဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ရ ဒုတိယလူ့ပြည်ပြန် ဆရာကြီးဦးအေးနိုင် | ၁၃၀ |
| ● ဆရာတော် ဦးတိလောက(ရဝေထွန်း)၏ လူဝင်စား အဆို | ၁၄၁ |




www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

# လူ့ဘဝခန္ဓာအိမ် နောက်တစ်ကြိမ် တည်ဆောက်သူများ

**သေသူတို့၏ လားရာဂတိ**

ဗုဒ္ဓဘာသာ စာပေတွင် သေပြီးနောက် လားရာဂတိ (၅)ပါး ရှိပါသည်။

၁။ ဒေဝဂတိ - နတ်ပြည်သို့ရောက်သွားသူ

၂။ တိရစ္ဆာနဂတိ - တိရစ္ဆာန်ဘဝသို့ ရောက်သွားသူ

၃။ နိရိယဂတိ - ငရဲပြည်သို့ရောက်သွားသူ

၄။ ပေတဂတိ - ပြိတ္တာဘဝသို့ရောက်သွားသူ

၅။ မနုဿဂတိ - လူ့ပြည်သို့ပြန်ရောက်သူ

ဤတွင် ဘဝဟောင်း၊ ဘဝသစ် တစ်ဆက်တည်း ဖြစ်နေသော လူဝင်စားများသည် မနုဿဂတိ လူ့ပြည်သို့ ပြန်ရောက်သူဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုရပါမည်။ သေဆုံးပြီးနောက် ဝိညာဉ်လောကသို့ ရောက်သွားသူ ဟူသည် ပြိတ္တာဘဝ (ပေတဂတိ)သို့ ရောက်သွားသူဟု ဆိုရပါမည်။ ထိုပြိတ္တာဘဝမှ တစ်ဖန် စုတေ၍ လူ့ပြည်သို့ ပြန်လည်ဝင်ရောက်ခြင်း ဖြစ်ပါသည်။

ကုသိုလ်ကောင်းမှုရှိ၍ အဆင့်အတန်းမြင့်သော ပြိတ္တာဘဝသို့ ရောက်နေရသောသူ (ဝါ) ဘုမ္မစိုး၊ ရုက္ခစိုး အနိမ့်စား နတ်ဘဝသို့ ရောက်နေရသောသူများသည် မိမိတို့၏ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် မိမိဝင်စားမည့်အကြောင်းကို မိခင်အား အိပ်မက်ပေးနိုင်သည်။ သို့မဟုတ် မိမိထက်ကြီးမားသော တန်ခိုးရှိသော ပုဂ္ဂိုလ်က မိမိကို စောင့်ရှောက်ပြီး အကူအညီပေးသည်လည်း ဖြစ်နိုင်ပါသည်။

အချို့သည် ကြားကာလကို မေ့သည်။ အဖြစ်အပျက်ကို မပြောပြနိုင်ခြင်းမှာ ထိုမိမိရောက်နေသော ပြိတ္တာဘဝ၏ အဆင့်အတန်း နိမ့်ကျသော အခြေအနေကြောင့်လည်းကောင်း၊ မိမိ၏ ထိုဘဝကို မှတ်မိနိုင်သော ဇာတိဿရဉာဏ် မရှိ၍လည်းကောင်း ထိုဘဝကို ပြန်လည်ပြောပြနိုင်ခြင်းမရှိ ဖြစ်ရပါသည်။

အမှန်မှာ လူတို့သည် လူဝင်စားများ ဖြစ်ကြပါသည်။ ဘဝသံသရာ ခရီးတစ်လျှောက် ကံအဖြစ်ကို မဖြတ်နိုင်သေးသမျှ ကာလပတ်လုံး သတ္တဝါတိုင်းသည် (၃၁)ဘုံဝယ် လူဝင်စား၊ နတ်ဝင်စား၊ ဗြဟ္မာဝင်စား၊ တိရစ္ဆာန်ဝင်စား၊ ပြိတ္တာဝင်စား၊ သရဲဝင်စား ဖြစ်နေကြရမည်သာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဘဝ ဆုတောင်းမှုကြောင့်လည်းကောင်း၊ သတိတရား ကြောင့်လည်းကောင်း၊ ဘဝဟောင်းကို မှတ်မိသူက ဘဝဟောင်းကို ပြန်လည်ပြောပြနိုင်ခြင်းသာ ဖြစ်ပါသည်။ ထိုသို့သော သဘော မရှိသူက ဘဝဟောင်းကို မပြောပြနိုင်ဘဲ သံသရာအဆက်ဆက် ကျင်လည်နေကြရခြင်းသာ ဖြစ်ကြပါသည်။

ထိုသို့ ဘဝလူဝင်စား သံသရာခရီးသွားမှ လွတ်မြောက်ရေး အတွက် ဘုရားရှင်က နည်းပေးသော မဂ္ဂင်ရှစ်ပါး ကျင့်စဉ် တရားဖြင့် သစ္စာလေးပါးကို သိမြင် မဂ်ဖိုလ်နိဗ္ဗာန် ဝင်နိုင်အောင် သာ ကြိုးစားပါမှ ဤဘဝ ဝင်စားဘဝမှ လွတ်ကြပေမည်သာ။

## ဒေါက်တာစတီဗင်ဆင်(အမေရိက)၏ လူဝင်စား လေ့လာချက်များ

လူဝင်စားများနှင့် ပတ်သက်၍ ဒေါက်တာစတီဗင်ဆင် (အမေရိကန်)သည် လူဝင်စားမှုများကို လေ့လာခဲ့သည်။ သူသည် အသက် (၆၀)နှစ် ရှိ၍ ဗာဂျီးနီးယားတက္ကသိုလ် စိတ်ရောဂါဗေဒ ဌာနတွင် ပါမောက္ခအဖြစ် အမှုထမ်းခဲ့သည်။ သူသည် ဂျပန်၊ အီတလီ၊ အင်္ဂလန်၊ မြန်မာ စသော နိုင်ငံများရှိ လူဝင်စားများကို ကွင်းဆင်း လေ့လာခဲ့သည်။

- သူသည် လူဝင်စားကိစ္စများကို ရှေးဦးစွာ စုံစမ်းစစ်ဆေး သည်။

www.burmeseclassic.com

www.burmeseclassic.com



- လူဝင်စားပြောသော အတိတ်ဘဝ ကွယ်လွန်သူပုဂ္ဂိုလ် အကြောင်းကို ဆိုင်ရာအရပ်ဒေသသို့ သွား၍ စုံစမ်းသည်။
- သူတို့နှစ်ဦးနှင့် သက်ဆိုင်သော အချက်အလက်၊ မိဘဆွေမျိုးသားချင်းနှင့် အပေါင်းအဖော်များ၏ ထွက်ဆိုချက်များနှင့် အရပ်ဒေသ အခြေအနေ ဆက်သွယ်ခြင်း ရှိ၊ မရှိ၊
- ဆိုင်ရာပုဂ္ဂိုလ်နှစ်ဦး၏ ရုပ်လက္ခဏာ၊ စိတ်ခါတ်စရိုက်၊ ဝါသနာ၊
- လူဝင်စားက မည်ရွေ့မည်မျှ မှတ်မိသည် (အတိတ်ဘဝက သူ၏ ခံစားချက်)စသည်တို့ကို စုံစုံစေ့စေ့ ရှာဖွေစုဆောင်းခဲ့သည်။

ထို့နောက် ရှာဖွေတွေ့ရှိချက်များကို ဗာဂျီးနီးယားတက္ကသိုလ် ကွန်ပျူတာစက်ဖြင့် ဆန်းစစ်ပေးသည်။

တစ်ဘဝနှင့် တစ်ဘဝ လိင်မတူမှု၊ လူဝင်စားမဖြစ်မီ ကြားကာလ၊ သေခါနီးစွဲလမ်းမှု၊ ဘဝဟောင်းမှ အလေ့အကျင့် စရိုက်ဝါသနာများ ပါလာမှု စသည်တို့ကို နိုင်ငံ၊ လူမျိုး၊ ဘာသာဝါဒ၊ အစဉ်အလာ၊ ယုံကြည်ချက် စသည်များနှင့် ချိန်ထိုး၍ ဆန်းစစ် လေ့လာခဲ့သည်။

ဗာဂျီးနီးယားတက္ကသိုလ်ရှိ ဒေါက်တာစတီဗင်ဆင်၏ သုတေသန ဌာန၌ မှတ်တမ်းတင်ထားသော လူဝင်စားမှုများမှာ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



၁၆၆၇–ခု ရှိသည်ဟု ဆိုပါသည်။

| | |
|---|---|
| အာရှတိုက်မှ | ၈၆၄ |
| ဥရောပတိုက်မှ | ၂၅၂ |
| မြောက်အမေရိကတိုက်မှ | ၄၉၉ |
| အခြားတိုက်မှ | ၅၂ |

ဒေါက်တာစတီဗင်ဆင်က လူဝင်စား လေ့လာမှုနှင့် ပတ်သက်၍ အများအားဖြင့် ထင်ရှားသော လက္ခဏာလေးရပ်ကို ထုတ်ပြခဲ့ပါသည်။

၁။ လူဝင်စား ဖြစ်သည်ဆိုသောသူသည် ကလေးအရွယ် အသက်သုံးနှစ်လောက်က စ၍ မိမိ၏ အတိတ်ဘဝ အကြောင်းကို မှန်ကန်စွာ ပြောပြနိုင်ခြင်း။

၂။ ဘဝဟောင်းမှ မိတ်ဆွေသားချင်း၊ မိတ်ဆွေအပေါင်း အသင်း၊နေရာဌာနနှင့် ကိုယ်ပိုင်ပစ္စည်းဥစ္စာများကို ကောင်းစွာ ခွဲခြား မှတ်မိခြင်း။

၃။ မိမိဘဝဟောင်းနှင့် ပတ်သက်၍ စိတ်လှုပ်ရှား ခံစားမှုရှိခြင်း၊ ဘဝဟောင်းမှလူများ၊ နေရာဌာနများနှင့် ဖြစ်ပျက်မှုများသည် ချစ်စိတ်၊ မုန်းစိတ်၊ ကြောက်စိတ် စသည်တို့ကို ဖြစ်ပေါ်စေခြင်း။

၄။ လူဝင်စားနှင့်ဆိုင်ရာ အတိတ်ဘဝ ပုဂ္ဂိုလ်တွင် စရိုက် ဝါသနာ တူညီမှုရှိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်များသည် လူဝင်စားအားလုံးလိုလို၌ အနည်းအများ တွေ့ရသော ယေဘုယျလက္ခဏာများ ဖြစ်သည်ဟု မှတ်ချက်ချ ထားပါသည်။

သို့သော် သူကား လူသတ္တဝါတို့၏ ရုပ်နာမ်တရား ဖြစ်ပျက်မှု နှင့် ပတ်သက်၍ သိပ္ပံပညာက မသိသေးသော အချက်များ အများအပြား ရှိနေသေးသည် ဆိုသည်ကို စဉ်းစားမိချင်မှ စဉ်းစားမိပေမည်။ စိတ္တဗေဒ စိတ်ဝိညာဉ် သုတေသန ဇီဝဗေဒ စသော သိပ္ပံပညာရပ်များ တိုးတက်လာသည်နှင့်အမျှ လူဝင်စားမှု ဆိုင်ရာ တွေ့ရှိချက်များကို ဆန်းစစ်မှု ပိုမို ခရီး ရောက်လိမ့်မည်ဟု သာ ဝန်ခံ မှတ်ချက်ပြုသွားပါသည်။

လူဝင်စားများ၌ ကလေးသည် ပျမ်းမျှအားဖြင့် နှစ်ခါလည်နှင့် ခြောက်လတွင် ဘဝဟောင်းကို မှတ်မိ၍ ပြောစပြုလာသည်။

အသက် (၅)နှစ်အရွယ်တွင် မေ့စပြုလာသည်။ ထိုအရွယ်တွင် ကျောင်းနေသော အရွယ်ဖြစ်၍ အရွယ်တူ အပေါင်းအသင်းများနှင့် ကစားနေရသောအရွယ် ဖြစ်နေ၍ ထိုအချိန်ဝယ် စိတ်အာရုံ များပြားလာ၍ ဘဝဟောင်းကို မေ့စပြုလာခြင်း ဖြစ်သည်။

သို့ရာတွင် လုံးဝမေ့သွားခြင်းမဟုတ်၊ ဘဝဟောင်းဆိုင်ရာ အမှတ်သညာများ တစ်စ တစ်စ မှေးမှိန်လာခြင်းမျှသာ ဖြစ်၍ ယေဘုယျအားဖြင့် အသက် (၁၀)နှစ်လောက်တွင် လုံးဝနီးပါး လျှား မေ့ပျောက်သွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## လူဝင်စားတို့၏ ဘဝကျေနပ်မှု

လူဝင်စားတို့သည် ဘဝဟောင်းကို မှတ်မိသောကြောင့် နှစ်သိမ့်ကျေနပ်လိမ့်မည်ဟု ထင်ရသော်လည်း အတိတ်ဘဝကို မှတ်မိနေသောကြောင့် အခြားသူများလောက် စိတ်ချမ်းသာမှု တူရှိသည်ဟု မယူဆနိုင်ပါ။

ငယ်စဉ်က ဘဝဟောင်းမှ မိဘများကို အမြဲသတိရနေပြီး ထိုမိဘများ၊ ဆွေမျိုးများထံသို့ သွားလိုသောဆန္ဒ၊ နေလိုသောဆန္ဒ လက်ရှိမိဘများနှင့် ပဋိပက္ခ ဖြစ်ရသည်။ မိမိနှင့် အတူနေသော သူများကို ဆွေမျိုးသားချင်း အစစ်ဟု မယုံကြည်၍ ချစ်ခင်လေးစားမှု၊ အားကိုးမှု အားနည်းသည်။

သူတို့မှတ်မိသော အကြောင်းအရာများမှာလည်း အများအားဖြင့် လင်မယား ရန်ဖြစ်မှု၊ ရာဇဝတ်မှု၊ ဆိုးဆိုးဝါးဝါး အသတ်ခံရမှု စသော စိတ်မချမ်းသာဖွယ်ရာများဖြင့် ပြည့်နေသည့်အတွက် လူဝင်စားများမှာ စိတ်သောကဖြစ်စရာ၊ ဒေါသဖြစ်စရာ၊ ကြောက်စရာ အဖြာဖြာနှင့်သာ ကြုံတွေ့နေကြရသည်။

ဘဝဟောင်းနှင့် ပတ်သက်သော အမှတ်သညာများသည် တစ်ခါတစ်ရံ မျက်မှောက်လုပ်ငန်းကိစ္စရပ်များကို နှောက်ယှက်၍ လူဝင်စား ပတ်ဝန်းကျင်နှင့် အံမဝင် ဂွင်မကျ ဖြစ်နေတတ်သည်။

ထို့ကြောင့် လူဝင်စားဘဝမှာ နှစ်သက်တပ်မက်ဖွယ်မဟုတ်။ ဘဝဟောင်းကို မှတ်မိသမျှသည် ကုသိုလ်ထူးသည်ဟု မဆိုနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝင့်ခံရခြင်းတစ်မျိုးဟု ဆိုရပေမည်။

ဘဝဟောင်းကို မှတ်မိခြင်းသည် ရိုးရိုးမသေဘဲ အစိမ်းသေ သူများက အများဆုံး ဖြစ်နေသည်။ အစိမ်းသေ သေသူများ၌ မသေမီ ပြင်းပြစွာ စိတ်လှုပ်ရှား ခံစားရ၍ အမှတ်သညာကို ပိုမိုခိုင်မြဲစေသော သဘောရှိသလောဟု စဉ်းစားရန် ရှိပါသည်။

လူဝင်စားမှုများကို လေ့လာရာ၌ ဘဝဟောင်းမှ သွေးရိုးသားရိုး သေဆုံးသူများလည်း လူဝင်စားဖြစ်သည်ကို တွေ့ရပါသည်။ ယင်းတွင်–

– အများအားဖြင့် လောဘရမ္မက်ကြီးသော ငွေရှင်ကြေးရှင် ယောကျ်ားများ၊
– ဘာသာတရားကို ကြည်ညိုရှိ၍ စိတ်ထားကောင်းသော မိန်းမများ၊

လောဘကြီးသောသူများမှာ ပစ္စည်းဥစ္စာကို စွဲလမ်း၍ ဘဝဟောင်းကို မှတ်မိခြင်း ဖြစ်သည်။

ဘုရားတရား ကြည်ညိုပြီး စိတ်သဘောထားကောင်းသော မိန်းမများမှာ စိတ်ကြည်လင်သန့်ရှင်းသောကြောင့် မှတ်မိခြင်း ဖြစ်ဟန်ရှိပါသည်။

လူသေလူဝင်စားမှုနှင့် ပတ်သက်၍ လူအများ အံ့ဩစိတ် ဝင်စားသော အချက်မှာ ဘဝဟောင်းက ပြုခဲ့သော အမှုများနှင့် ဘဝသစ် ဆက်စပ်နေမှုပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာ ကမ္မဝါဒက ဘဝဟောင်းမှ မကောင်းမှု၊ ကောင်းမှုများသည် ဘဝသစ်ကို ပြုပြင်ဖန်တီးသည်ဟု ဆိုထားသည်။ သို့သော် ဤကမ္မဝါဒသည် လူသေ လူဝင်စားဖြစ် ယုံကြည်မှုနှင့် အမြဲယှဉ်တွဲနေသည်ဟူ၍ မမှတ်ရပါ။

## လူဝင်စားဖြစ်ပေါ်လာမှုအခြေအနေ

ဗုဒ္ဓဘာသာဝင် လူဝင်စားများသည် ဘဝဟောင်းမှ လူသေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်သည်အထိ ကြားကာလကို လူဝင်စားက မှတ်မိနေသည်။

ထိုကြားကာလသည် အချို့လူဝင်စားများအဖို့ (၆)လမျှသာ ကြာ၍ အချို့မှာ နှစ်ပေါင်းအတန်ကြာပြီးမှ လူဝင်စား ဖြစ်ကြရသည်။

## လူဝင်စား ယောကျ်ား မိန်းမဖြစ်မှုပြဿနာ

မြန်မာနိုင်ငံတွင် လူဝင်စားများကို လေ့လာကြည့်လျှင် ယောကျ်ားဘဝမှ မိန်းမဘဝသို့ ပြောင်းလဲသော လူဝင်စားအတော်များများကို တွေ့ရသည်ဟု သုတေသီတို့က ဆိုပါသည်။ ဒေါက်တာစတီဗင်ဆင် လေ့လာသော လူဝင်စားများမှာ (၂၃၀) ရှိခဲ့သည့်အနက် (၇၅)ဦးမှာ လိင်ပြောင်းလဲသော လူဝင်စားများဖြစ်သည်ကို တွေ့ရှိရသည်ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ဘဝယောင်းက ယောကျ်ားဖြစ်ခဲ့သည်ဆိုသော လူဝင်စားမိန်းမ (၅၆)ဦး။

အတိတ်ဘဝက မိန်းမ ဖြစ်ခဲ့သည်ဆိုသော လူဝင်စား ယောကျ်ား (၁၉)ဦးကို လေ့လာသိရှိခဲ့ရသည်ဟု ဆိုပါသည်။

မြန်မာနိုင်ငံတွင် လိင်ပြောင်းလဲသော လူဝင်စား အထူးများပြားခြင်းမှာ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား၊ မိန်းမ မရှိဆိုသော ဘုရားရှင်၏ အနတ္တဝါဒနှင့်အညီ မြန်မာဗုဒ္ဓဘာသာဝင်မှာ လိင်ဘဝကို စွဲလမ်းမှုမရှိသောကြောင့် ဤသို့ဖြစ်သည်ဟု ဆိုပါသည်။

ဗုဒ္ဓဘာသာတွင် ဆုတောင်းမှုနှင့် ဘဝနိကန္တိကတဏှာ တောင့်တမှုအရနှင့် ကံ ကံ၏အကျိုး ဖြစ်ပေါ်မှုအရ ဖြစ်သည်ကို လက်ခံယုံကြည်ထား၍ ယောကျ်ားများမှ မိန်းမ၊ မိန်းမမှ ယောကျ်ား ဖြစ်မှုသည် ဆုတောင်းနှင့် ဘဝတဏှာအလိုရ ဖြစ်သည်ဟု ဆိုရပါမည်။

ကျား၊ မ ခွဲခြားမှုကို အလေးထားသော ဘူရကီ စသော နိုင်ငံများတွင် လိင်ပြောင်းလဲသော လူဝင်စားမှုကို မတွေ့ရဟု ဆိုပါသည်။

## လူဝင်စားများ၏ အထုံဝါသနာ

ကလေးသူငယ်များ၏ အထုံဝါသနာများသည်လည်း ဘဝယောင်းနှင့် ဆက်စပ်နေတတ်သည်။ ဘဝဟောင်း၌ စိတ်ဝင်စားသော

www.burmeseclassic.com

www.burmeseclassic.com



ကလေးများမှာ ဘဝဟောင်းက ဘုရားတရား ကြည်ညိုသော မိန်းမများ ဖြစ်နေသည်။

စက်ပစ္စည်းအင်ဂျင်များကို ကိုင်တွယ်စမ်းသပ်လိုသော ကလေးများသည် အတိတ်ဘဝက မော်တော်ကားမောင်း ဝါသနာပါသူ ဖြစ်သည်။

လူဝင်စားများ၏ ထူးခြားသော လက္ခဏာခြင်းရာတစ်ရပ်မှာ ကလေးနှင့် ဘဝဟောင်း ပုဂ္ဂိုလ်တို့၌ တူညီသော စိတ်နေသဘောထား အမူအကျင့် စရိုက်ဝါသနာများ ရှိနေခြင်း ဖြစ်ပါသည်။

လူဝင်စားများသည် အများအားဖြင့် အတိတ်ဘဝက မိမိတို့အမိနိုင်ငံ၏ အမည်မှတစ်ပါး အခြားအကြောင်းအရာ အဖြစ်အပျက်များကို လုံးဝ ပြောပြနိုင်ခြင်း မရှိချေ။

သို့သော် အတိတ်ဘဝက မြန်မာလူမျိုး မဟုတ်ဘဲ အခြားတိုင်းတစ်ပါးသားဖြစ်ကြောင်း ထပ်တလဲလဲ ပြောတတ်သည်။ စိတ်ဓာတ်စရိုက်၊ ဝါသနာ၊ အမူအကျင့် စသည်တို့တွင် ပတ်ဝန်းကျင်လူများနှင့် သိသိသာသာ ကွဲပြားခြားနားသည်။

ဥပမာ–ဘဝဟောင်းက ဂျပန်စစ်သား ဖြစ်သည်ဆိုသော လူဝင်စားသည် မြန်မာနိုင်ငံ၏ ပူပြင်းသော ရာသီဥတု၊ ပူစပ်သော မြန်မာအစားအစာနှင့် ပေါ့ပါးသော မြန်မာအဝတ်အစားတို့ကို မနှစ်သက်ချေ။

ဂျပန်ဘောင်းဘီ၊ ခါးပတ်များနှင့် ဂျပန်အကြိုက်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



အချို့ မုန့်ပဲသရေစာနှင့် မကျက်တကျက် ချက်ထားသော ငါးကို ကြိုက်နှစ်သက်သည်။ အလုပ်ကြမ်းကို မညည်းမညူ မမောမပန်း ကြာရှည်လုပ်နိုင်သည်။ လေယာဉ်ပျံသံကြားက ကြောက်တတ်သည်။ အင်္ဂလိပ်၊ အမေရိကန်အကြောင်း ပြောသံကြားလျှင် ဒေါသထွက်သော အမူအရာ ပြတတ်သည်။

## လူ့ဝင်စား၏ ကြောက်စိတ်

လူ့ဝင်စားများ၌ အကြောင်းရှာမရသော ကြောက်စိတ်သည် ဘဝဟောင်းမှ ပါလာသော အစွဲဥပါဒါန် ဖြစ်သည်။ လူ့ဝင်စားများကို လေ့လာတွေ့ရှိချက်အရ–

- ဘဝဟောင်းက ရေနစ်သေခဲ့ရသောကလေးသည် ရေမြင်က ကြောက်သည်။
- သေနတ်မှန်သေခဲ့ရသော ကလေးသည် သေနတ်သံကြားက ကြောက်သည်။
- ကားတိုက်ခံရ၍ သေခဲ့ရသောကလေးသည် ကားသံကြားက ကြောက်သည်။

## လူသေလူ့ဝင်စား လက်ခံယုံကြည်သော နိုင်ငံများ

လူ့ဝင်စားဖြစ်မှုကို နိုင်ငံအတော်များများက လက်ခံယုံကြည်ကြသော်လည်း ဗုဒ္ဓဘာသာ၏ ကမ္မဝါဒအရ လက်ခံယုံကြည်ကြ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း မဟုတ်ကြပါ။

တူရကီ၊ လီဘနွန်နှင့် ဆီးရီးယားနိုင်ငံရှိ အချို့လူမျိုးစုတို့သည် လူသေ လူ့ဝင်စား ဖြစ်သည်ကို လက်ခံကြသည်။ ယုံကြည်ကြသည်။

လူသည် ကြီးပွားတိုးတက်ရန်အတွက် လူအဖြစ်နှင့် ဘဝပေါင်းများစွာ ကျင်လည်ရသည်။ ဘဝဟောင်း၌ ပြုခဲ့သော ကောင်းမှု၊ မကောင်းမှုအတွက် ဘုရားသခင်ဟု ဘဝသစ်၌ ဆုချီးမြှင့် အပြစ်ဒဏ်ပေးခြင်း မရှိ။

သို့ရာတွင် ဘုရားသခင်က စီရင်ချက် ချမှတ်မည့် နောက်ဆုံးနေ့၌ ဘဝသံသရာတစ်လျှောက်လုံး ပြုခဲ့သော ကောင်းမှု၊ မကောင်းမှုများကို စုပေါင်း၍ ကြည့်ရှုသုံးသပ်ပြီးနောက် ကောင်းကင်ဘုံ၌ဖြစ်စေ၊ ငရဲပြည်၌ဖြစ်စေ ထာဝရ နေရာသတ်မှတ်ပေးလိမ့်မည်။

လူ့ဝင်စားဖြစ်ရာ၌ မိမိ၏ အလိုဆန္ဒနှင့် ကောင်းမှု၊ မကောင်းမှုများမှာ အရေးမပါဘဲ ဘုရားသခင်၏ အလိုတော်အတိုင်းသာ ဖြစ်ရသည်ဟု ဆိုကြသည်။

## အနောက်အာဖရိက အယူအဆ

အနောက်အာဖရိက လူမျိုးစုတို့သည် လူသေ လူ့ဝင်စားဖြစ်ခြင်းကို လက်ခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝသည် ကောင်းသည်၊ လူ့ဘဝတစ်ခုနှင့်တစ်ခုအကြား ဝိညာဉ်လောကၡ ရှိနေရသော ဘဝသည် မကောင်းဟု ယူဆကြသည်။

မိမိပြုသော အမှုအတွက် ကောင်းကျိုးဆိုးပြစ်တို့ကို လူ့ဘဝ၌ မခံရဘဲ ဝိညာဉ်လောက၌သာ ခံရသည်ဟု ယုံကြည်ကြသည့်အတွက် ဝိညာဉ်လောက၌ နေရသည်ကို မကောင်းဟု ယူဆယုံကြည်ခြင်း ဖြစ်သည်။

## မြောက်အမေရိကတိုက်

မြောက်အမေရိကတိုက် အလတ်စကားပြည်နယ်ရှိ တလင်းဂျစ်မျိုးနွယ်စုတို့သည် လူသေ လူဝင်စားဖြစ်မှုတွင် အလိုဆန္ဒ (သို့) ယုံကြည်ချက်နှင့်အညီ ဖြစ်တတ်ပုံကို လက်ခံယုံကြည်ကြသည်။

သူတို့သည် စစ်တိုက် ဝါသနာပါသည်။ စစ်တိုက်ခိုက်ရင်းသေက မြတ်သည်။ ရန်သူနှင့် တိုက်ခိုက်ရင်း (သို့) တစ်စုံတစ်ခုသော အမှုကို ရဲရဲဝံ့ဝံ့ စွန့်စားလုပ်ကိုင်ရင်း သေသောသူသည် မြန်မြန် လူပြန်ဖြစ်၍ ပိုမိုကောင်းမွန်သော ဘဝသို့ ရောက်ရှိသည်ဟု ယုံကြည်ကြသည်။

သေသူသည် လိင်ပြောင်းလဲခြင်း မရှိဘဲ မိမိဆွေမျိုးသားချင်းအတွင်း၌သာ ဘဝသစ်တစ်ခု ပြန်ဖြစ်သည်ဟု ယုံကြည်ယူဆ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

သူတို့သည် မသေမီကပင် နောက်ဘဝတွင် မည်သူ့အိမ်၌ ငါဝင်စားမည်ဟု ပြောသွားလေ့ရှိသည်။

လူဝင်စားဖြစ်သောအခါ ဘဝဟောင်းက မည်သူမည်ဝါ ဖြစ်သည်ဟု သိရှိရန် အမှတ်အသားများ တွေ့ရပါလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြသည်။

လူဝင်စားကိုယ်ဝန်ရှိနေစဉ် မိခင်သည် မွေးမည့်ကလေးမှာ ဘဝဟောင်းက မည်သူမည်ဝါဟု အိပ်မက် မက်လေ့ရှိ၍ အိပ်မက်မှာ မှန်ကန်နေသည်ဟု ဆိုသည်။

လူဝင်စားများ၏ ထူးခြားချက်မှာ ကလေးများ၌ ဘဝဟောင်းမှ မွေးရာပါ အမှတ်များ ပါရှိနေခြင်း ဖြစ်သည်။

မွေးရာပါ အမှတ်အသားများမှ ဓား၊ လှံ၊ သေနတ်ဒဏ်ရာ၊ ထိခိုက်ဒဏ်ရာ အမှတ်များနှင့် တူနေသည်ကို တွေ့ရသည်ဟု ဆိုပါသည်။

လူဝင်စားတို့၏ အလိုဆန္ဒနှင့်အညီဖြစ်သည့် သူတို့တွင် ယောကျ်ားဘဝမှ မိန်းမဘဝ၊ မိန်းမဘဝမှ ယောကျ်ားဘဝသို့ ကူးပြောင်းခြင်း မရှိဟု ယုံကြည်ကြသည်။

တလင်းဂျစ်လူမျိုးတို့၏ အယူအဆနှင့်တူသော အယူအဆမျိုးကို ရှေးဂရိဒဿနဆရာကြီး ပလေတို၏ စာအုပ်၌—

"သေသူ၏ ဝိညာဉ်များသည် လူဝင်စားဖြစ်ရန် အချိန်ကျ

www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ မိမိတို့ နှစ်သက်သော ဘဝမျိုးကို ရွေးချယ်ကြသည်။ ထိုသို့ရွေးချယ်ရာ၌ အတိတ်ဘဝများစွာမှ ရရှိခဲ့သော အသိအလိမ္မာများနှင့် ဝင်စားလူ မဖြစ်မီ ကြားကာလက အပြစ်ဒဏ်ခံရမှုသည် အထောက်အကူပြုသည်"ဟု ဆိုထားသည်ကို တွေ့ရပါသည်။

**ကနေဒါ**

ကနေဒါနိုင်ငံ အနောက်တောင်ပိုင်းရှိ တိုင်းရင်းသားလူမျိုးများသည်လည်း လူဝင်စားမှုကို လက်ခံယုံကြည်ကြသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

# ဘဝသံသရာဟူသည်

### သတ္တဝါတို့သံသရာ

ဘဝ၏ဖြစ်မှု၊ သေဆုံးမှုနှင့် ပတ်သက်၍လည်းကောင်း၊ တမလွန်ဘဝ ကူးပြောင်းမှုနှင့် ပတ်သက်၍လည်းကောင်း၊ နောက်ဘဝ ဆက်စပ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ သတ္တဝါတို့၏ အစဦးဖြစ်ပေါ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ ဘာသာရေးဆရာတို့ အသီးသီးက ဟောပြောထားတာ ရှိသကဲ့သို့ သိပ္ပံပညာရှင်တို့က စမ်းသပ်ထားသည်မှာလည်း များစွာရှိပါသည်။

သတ္တဝါတို့၏ ဘဝအစနှင့် ပတ်သက်၍ ခရစ်ယာန်ဘာသာဝင်၊ မွတ်စလင်ဘာသာဝင်တို့ကတော့–

"အနန္တ တန်ခိုးရှင်ဖြစ်သော ဘုရားသခင်က ဤလောကကြီးနှင့် သတ္တဝါတွေကို ဖန်ဆင်းလို့ သတ္တဝါတွေအစ ဖြစ်ပေါ်လာရသည်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ယုံကြည်ကြပြီး သိပ္ပံပညာရှင်တွေကတော့-

"မိဘတွေ၏ သုက်သွေးနှင့် သားအိမ်မျိုးစေ့မှ ပေါက်ဖွားလာ၍ သတ္တဝါတွေ ဖြစ်နေရသည်။ သို့တွက်ကြောင့်လည်း ဘဝဟာ တစ်ခုပြီးတစ်ခု ဆက်ဖြစ်နေရသည်။ ဘဝ၏ ပထမဆုံးဖြစ်သော မျိုးစေ့ဗီဇနှင့် ပတ်သက်၍မူ သိပ္ပံပညာရှင်တွေက မသိသေးကြောင်း" ဖော်ပြထားသည်ကို တွေ့ရပါမည်။

ဗုဒ္ဓဘုရားကမူ-

"ဤသံသရာသည် မသိမြင်အပ်သော အစရှိသည်၊ အဝိဇ္ဇာဖြင့် ပိတ်ဖုံး၍ တဏှာဖြင့် နှောင်ဖွဲ့အပ်သည်ဖြစ်၍ ကျင်လည်ပြေးသွားနေကြသော သတ္တဝါတို့၏ ရှေးဦးအစကို မသိမမြင်နိုင်ချေ" ဟု ဟောကြားတော်မူပါသည်။

ဤဘဝရေစီးကြောင်းသည် အဝိဇ္ဇာနှင့် တဏှာဆိုသော ရှေ့ရှိနေသမျှ ကာလပတ်လုံး စီးဆင်းနေမည်သာ ဖြစ်သည်။ အဝိဇ္ဇာနှင့် တဏှာ နှစ်ပါးစလုံး လုံးဝ ပြတ်တောက်သွားသော အခါမှသာလျှင် ထိုဘဝရေစီးကြောင်း ရပ်တန့်သွားသည်။ ဘုရား၊ ရဟန္တာတို့ကဲ့သို့ ဘဝသစ်ဖြစ်ခြင်း ကုန်ဆုံးသွားသည်။

ဤဘဝရေစီးကြောင်း၏ ကနဦးအစကို သတ်မှတ်၍ မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အဝိဇ္ဇာတဏှာများ လွှမ်းမိုးခြင်းမရှိသော အချိန်အခါကို မသိမမြင်နိုင်သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓဝါဒ အလိုအရ သတ္တဝါဟူသမျှသည် ကံဟုသော မိခင်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းတွင်းမှ မွေးဖွားလာကြသည်။ မိဘနှစ်ပါးတို့က အလွန်သေး ငယ်သော ကလာပ်စည်းတွေကိုသာ ပေးကြပါသည်။ သို့တွက် သတ္တဝါတွေ တစ်ဦးမှတစ်ဦး ဆင့်ပွားဖြစ်ပေါ်လာကြသည်ဟု ဆိုပါသည်။

ပဋိသန္ဓေခဏမှာ သတ္တဝါကို အသက်ဝင်စေသော ပထမဦး ဆုံးသော စိတ်ဝိညာဉ်ကို ဖန်တီးပေးထားသော အရာသည် အတိတ်ကံပင် ဖြစ်ပါသည်။ အတိတ်ဘဝက ပြုလုပ်ခဲ့သော မမြင်နိုင်သော ဤကံ၏ အစွမ်းသတ္တိသည် ရုပ်ခန္ဓာမှာ အသိစိတ် နှင့် အသက်ဇီဝကို ဖြစ်ပေါ်စေပါသည်။

ဤအသိစိတ်၊ အသက်ဇီဝနှင့် ရုပ်ခန္ဓာများသည် သတ္တဝါကို ဖွဲ့စည်းဖြစ်ပေါ်စေသော တရားသုံးပါး ဖြစ်ပါသည်။

ဤနေရာတွင် သတ္တဝါတစ်ယောက် မွေးဖွားလာစေရန် အတွက် အခြားတစ်နေရာမှာ သတ္တဝါတစ်ယောက် သေဆုံးရပါ သည်။ သတ္တဝါတစ်ယောက် မွေးဖွားလာခြင်းသည် လွန်ခဲ့သော ဘဝတစ်ခုမှာ သတ္တဝါတစ်ယောက် သေဆုံးခြင်းကို တုံ့ပြန်လိုက် ခြင်း ဖြစ်ပါသည်။

တစ်နေရာမှာ နေထွက်ခြင်းသည် တခြားတစ်နေရာမှာ နေဝင်ခြင်းကို တုံ့ပြန်ခြင်း ဖြစ်ပါသည်။

မွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့သည် ဖြစ်စဉ်တစ်ခုတည်း၏ မျက်နှာပြင် နှစ်ခုမျှသာ ဖြစ်ပါသည်။ သေဆုံးခြင်း၏ ရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားခြင်းဆိုတာ ရှိပြီး မွေးဖွားခြင်း၏ ရှေ့မှာလည်း သေခြင်းဆိုတာ ရှိနေပြန်ပါသည်။

ဤကဲ့သို့ သေဆုံးခြင်း၊ မွေးဖွားခြင်းတို့၏ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေခြင်းကိုပင် **သံသရာလည်ခြင်း**ဟု ခေါ်ဆိုကြပါသည်။

**သံသရာတဏှာဝယ် မျောနေရသည့် တရားများ**

လောကတွင် သတ္တဝါဟူသမျှတို့သည် နိဗ္ဗာန်မရောက်မချင်း သံသရာတဏှာဝယ် ကုသိုလ်ကံ၊ အကုသိုလ်ကံအရ မျောပါလိုက်နေရသည်။ နိဗ္ဗာန်ရောက်မှသာ သံသရာ ရေယဉ်ပြတ်ပေသည်။

အပ်ချုပ်သမားသည် အဝတ်အထည်များ ချုပ်သည့်အခါ တစ်စပ်နှင့်တစ်စပ်ကို အပ်ချည်ဖြင့် ချုပ်စပ်သကဲ့သို့ တဏှာသည် ဘဝတစ်ခုနှင့် တစ်ခုကို တစ်နည်း ဘဝဟောင်းနှင့် ဘဝသစ်ကို ချုပ်စပ်ပေးသော သဘောရှိနေသည်။

တဏှာသည် သံသရာနယ်ကို ချဲ့ပေးသော တရားတစ်ပါးဖြစ်သည်။ တဏှာ၏နယ်ပယ်သည် (၃၁)ဘုံအတွင်း၌ ရှိသည်။ (၃၁)ဘုံအတွင်း၌ သတ္တဝါများကို တစ်ဘဝပြီး တစ်ဘဝ ဆုံလည်နွှားပမာ ပြောင်းလဲဖြစ်ပေါ်လာသော သတ္တဝါတို့၏ ရုပ်နာမ် ခန္ဓာ အမည်ကို သံသရာဟု ခေါ်ကြပါသည်။

ထိုသံသရာကို ချဲ့ထွင်ချင်တိုင်း ချဲ့ထွင်ပေးနေသော တရားက (၃)ပါး ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com


(၁) တဏှာ
(၂) မာန
(၃) ဒိဋ္ဌိ တို့ဖြစ်သည်။

- ဒိဋ္ဌိက သတ္တဝါတို့၏ ခန္ဓာကိုယ်ထဲ၌ အစိုးတရ ချုပ်လုပ်နေသည့် အတ္တကောင်ရှိသည်ဟု အမှားမြင်၏။
- မာနတရားက ထိုအတ္တကိုယ်ကိုပင် ငါ, ငါဟု မှတ်ယူနေ၏။ ငါမြတ်သည်၊ ငါတတ်သည်၊ ငါချမ်းသာသည် စသည်ဖြင့် အထင်ကြီး၏။
- ဤကဲ့သို့ အမြင်မှားသည့် ဒိဋ္ဌိတရား၊ တက်ကြွထောင်လွှားသည့် မာနတရားတို့ကြောင့် တဏှာတရားက မိမိ၏ ခန္ဓာကိုယ်ကို အားရပါးရ စွဲလမ်းတော့သည်။ မိမိကိုယ်နှင့်တူသော ချစ်ခင်တွယ်တာစရာမရှိ (အတ္တသမံ ပေမံ နတ္ထိ)ဆိုသည့်အတိုင်း မိမိခန္ဓာကိုယ်ထဲထက် မည်သူ့ကိုမျှ မချစ်နိုင်ကြ။ မိမိတို့ ပင်ကိုယ် ချစ်ခင်မှုကြောင့် မိမိအား ကျေးဇူးပြုနေသူတို့အပေါ်မှာလည်း မခွဲနိုင်၊ မခွာရက်အောင် ဆက်လက်စွဲလမ်းလာရပြန်၏။

ဤကဲ့သို့ မိမိကိုယ်နှင့်အတူ အဆက်အနွယ် ဟူသမျှတို့အပေါ်မှာ မခွဲနိုင် မခွာရက် စွဲမက်မှုသည် တဏှာ၏ လက်ရုံးဖြစ်သည်။

တဏှာက အလွန်အစွမ်းသတ္တိထက်သော တရား ဖြစ်ပေါ

www.burmeseclassic.com

www.burmeseclassic.com


သည်။ တဏှာတရားကပင် ဆင်းရဲဒုက္ခ အဖုံဖုံနှင့် ပြည့်နှက်နေသော ဤလောကကြီးကို ပျော်မွေ့စရာ၊ ချမ်းမြေ့စရာကောင်းအောင် အလွန်သာယာစိုပြည်သည့် လောကနိဗ္ဗာန်ကြီးအဖြစ် ဖန်တီးထားခြင်း ဖြစ်သည်။

ပုထုဇဉ်သတ္တဝါများကို ဆုံရ ကြုံရသမျှ အာရုံများ၌ဖြစ်စေ၊ မိမိခန္ဓာကိုယ်မှာဖြစ်စေ တွယ်တာမက်မောစေပြီး သံသရာဝဋ်ဆင်းရဲမှ မငြီးငွေ့အောင် ပြုလုပ်ထားသူမှာ တဏှာပင် ဖြစ်ရသည်။

သို့တွက် တဏှာနှင့် မကင်းကြသေးသော သတ္တဝါမှန်သမျှ မိမိတို့လိုချင်တွယ်တာမှု အတိုင်းအတာအရ ဆင်းရဲဒုက္ခမျိုးစုံကို ခံကာ နေ့ညမအား ရုန်းကန်လှုပ်ရှားနေကြရသည်။

သို့သော် တဏှာကို ဒုက္ခပေး ရန်သူအဖြစ် မမြင်၊ မိတ်ကောင်းဆွေကောင်းကြီး အသွင်ဖြင့်သာ အဖော်ပြုကာ ပျော်ပျော်ပါးပါး သံသရာခရီးနှင်လျက် ရှိကြသည့်အတွက် ရှည်လျားစွာသော သံသရာကြီးမှ မလွတ်မြောက်နိုင်ကြခြင်း ဖြစ်သည်ဟု ဘုရားက တဏှာပွါဒသုတ်၌ ဟောကြားထားသည်ကို တွေ့ရပါသည်။

တဏှာ၏ လက်ချက်ကြောင့် သတ္တဝါတို့ သံသရာမှ ထွက်ပေါက်မရဘဲ ဘဝပေါင်းများစွာ ကျင်လည်နေရခြင်း ဖြစ်သည်။

ဤတဏှာသည် ကုသိုလ်ကံ၊ အကုသိုလ်ကံခေါ်သော ကံမှ ဝဋ်ကို တွင်တွင်လည်အောင် လှည့်ပေးတတ်သော ကိလေသဝဋ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လိုချင်တပ်မက်မောမှု တဏှာဟူသော ကိလေသာဝဋ်ကြောင့် ကောင်းမှုကုသိုလ်ကိုဖြစ်စေ၊ မကောင်းမှု အကုသိုလ်ကိုဖြစ်စေ ပြုလုပ်နေကြရသည်။

တဏှာအရင်းခံသည့် ထိုကောင်းမှု၊ မကောင်းမှုဟူသော ကမ္မဝဋ်ကြောင့် လက်ရှိဘဝခန္ဓာ ပြတ်စဲသွားသည့်အခါ ဝိပါကဝဋ် ဆိုသော ရုပ်သစ် နာမ်သစ်များ ဖြစ်ပေါ်လာကာ ဘဝသစ်တစ်ခု ဖြစ်ပေါ်လာရပြန်ပါသည်။

ဘဝသစ်ဖြစ်ပေါ်လာ၍ မကြာမီပင် ဘဝသစ်ကို တွယ်တာ စ်သက်သော(ဘဝနိကန္တိက)လောဘဇောခေါ် တဏှာက ရခါစ ခန္ဓာကိုယ်ကို မက်မောတွယ်တာပြီး ယခင်အတိတ်ဘဝကနည်းတူ ဘဝသစ်တွင် စခန်းသွားရပြန်သည်။

## ဘဝရဝိညာဉ်နှင့် တမလွန်ဘဝ

ဗုဒ္ဓ၏ အဘိဓမ္မာအရ မွေးသေ မွေးသေ မရပ်မနား ဘဝ အထွေထွေ ဖြစ်ပျက်နေသည်ကို သံသရာဟု ခေါ်ပါသည်။

ဤသို့ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ကူးပြောင်းရာ၌ ပကတိရုပ ဝိသယ အနန္တ ရကမ္မသတ္တိစွမ်းအားမှ တစ်ပါး ဘဝဟောင်းက ရုပ်နာမ် တစ်စုံတစ်ရာမျှ ဘဝသစ်သို့ ကူးပြောင်းလိုက်ပါလာခြင်း မရှိပါ။

ဤသဘောကို ကြည့်လျှင် အတ္တလိပ်ပြာ အသက်ဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်သည် ဘဝဟောင်း ခန္ဓာဟောင်းမှ ဖဲခွာ၍ ဘဝသ
ခန္ဓာသစ်၌ ဖြစ်သည်။ ထိုအတ္တဝိညာဉ် အသက်လိပ်ပြာကော
သည် မည်သည့်အခါမျှ မသေမပျောက် အမြဲထာဝရ တည်ရှိသ
သန့်ရှင်းသော ဝိညာဉ်တော် (သို့မဟုတ်) မဟာအတ္တမ
အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိ၍ အမြဲ ဆက်သွယ်မှုရှိသ
စသည်ဖြင့် ယူဆလက်ခံ ယုံကြည်နေကြသော အယူဝါဒများသ
ဗုဒ္ဓအဘိဓမ္မာအရ ယုတ္တိမရှိကြောင်း ထင်ရှားပါသည်။

ဘုရားရှင် လက်ထက်က ပါယာသိအမည်ရှိသော မြို့
စော်ဘွားကြီးသည် သေလျှင်ပြတ်သည်ဟူသော (ဥစ္ဆေဒ) အယူ
သူဖြစ်၍ အများယုံကြည်နေသော အတ္တဝိညာဉ် ရှိသည်ဟူသေ
(သဿတဝါဒ)ကိုလက်မခံ၊ ရာဇဝတ်သားများကို လုံခြုံအော
ချုပ်နှောင်ပိတ်ဆို့၍ ကွပ်မျက်ကာ ခန္ဓာကိုယ်မှ အတ္တဝိညာ
မည်သို့ထွက်ခွာသွားကြောင်း အကြိမ်ကြိမ် လက်တွေ့စမ်းသ
သည်။ အတ္တဝိညာဉ်သည် အလောင်းကောင်မှ ထွက်ခွာသွ
သည်ကို တစ်ခါမျှ မမြင်ဖူးကြောင်း ဝန်ခံသွားရပြီး နောက်ဆ
ဗုဒ္ဓအဘိဓမ္မာကို လက်ခံသွားရလေသည်။

ဗုဒ္ဓသာသနာမှအပ အခြားဝါဒအချို့၌ အတ္တဝိညာဉ်ကို
မရှိ အမျိုးမျိုး ယူဆကြရာ တစ်ဘဝသေပြီးလျှင်ပင် နောက်ထ
ဘဝတစ်ခု မရှိ၊ ထိုဝိညာဉ်သည်ပင်လျှင် တစ်ခုတစ်ယောက်သေ
တန်ခိုးရှင်၏ အဆုံးအဖြတ်ကို ခံယူ၍ ကောင်းဆိုးဘဝနှစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ထာဝရ တည်ရှိနေသည်ဟု ယူဆကြပါသည်။

ထိုအယူဝါဒများအရ သေပြီးနောက် ဘဝသစ်တစ်ခု ဖြစ်ရ၏။ သံသရာလည်ရန်မလို။ တမလွန်ဘဝကို မယုံကြည်လိုပေ။ သို့ရာတွင် တမလွန်ဘဝ မရှိဟု ယူဆနေကြသူတို့ ပတ်ဝန်းကျင်၌ အမျိုးမျိုးသော လူ့ဝင်စားများ ရှိနေကြောင်းကို ဒေါက်တာစတီဗင်ဆင်ကဲ့သို့ ပုဂ္ဂိုလ်များက ထုတ်ဖော်လျက် ရှိကြရာ စုတိပဋိသန္ဓေ ပိုင်းဆိုင်ရာ ဗုဒ္ဓအဘိဓမ္မာသည် ယခုအခါ အယူအစွဲကြီးသော သုတေသီ အခြားဘာသာဝင် ပညာရှင်များအား များစွာ အထောက်အပံ့ပေးလျက် ရှိပါသည်။

## သေခြင်း မွေးဖွားခြင်း အကြောင်းများ

## သေခြင်း(သေပုံသေနည်း)

သတ္တဝါတို့သည် သေဆုံးခြင်းအကြောင်း၌ သေခြင်းအမျိုးအစား (၄)မျိုးတွင် တစ်မျိုးမျိုးဖြင့် သေဆုံးကြရပါသည်။

၁။ အသက်တမ်းကုန်၍သေခြင်း။

၂။ ကံအစွမ်းကုန်၍ သေခြင်း။

၃။ အသက်တမ်း ကံအစွမ်းကုန်၍ သေခြင်း။

၄။ ကြားဝင်ဖြတ်တောက်တတ်သော ကံတစ်မျိုးကြောင့် ရုတ်တရက်သေခြင်း။

ကံအစွမ်းမကုန်သေးခင်မှာပင် သတ္တဝါတို့သည် အချိန်ကာလ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းခြားသတ်မှတ်ထားသော သက်တမ်း ကုန်ဆုံးလေသဖြင့် သေရခြင်းသည် အသက်တမ်းကုန်၍ သေခြင်းမျိုး ဖြစ်သည်။

မီးစာကုန်သဖြင့် မီးငြိမ်းရသည်နှင့် တူသည်။

အားနည်းသောကံကြောင့် ဖြစ်လာရသော သတ္တဝါတို့သည် သက်တမ်းမကုန်ဆုံးသေးဘဲလျက် ကံကုန်၍ သေရခြင်းမျိုးသည် ကံကုန်၍ သေခြင်းမျိုးဖြစ်သည်။ ဆီခန်း၍ မီးငြိမ်းရသည်နှင့် တူသည်။

အသက်တမ်း (၁၀၀)ဖြစ်၍ နှစ်တစ်ရာပြည့်၍ သေရခြင်းဟူသော သမ်တမ်းကုန်၍ သေခြင်း ကံအစွမ်းကုန်၍ သေရခြင်းမျိုးသည် အသက်ကံ နှစ်ပါးစုံကုန်၍ သေခြင်းမျိုး ဖြစ်သည်။ မီးစာကုန် ဆီခန်း၍ မီးငြိမ်းရသည်နှင့် တူသည်။

အသက်တမ်းလည်းရှိ၊ ကံအစွမ်းလည်းရှိသေးလျက်နှင့်ပင် ရှေးရှေးဘဝတို့၌ ပြုလုပ်ခဲ့သော ဥပဃာတကကံကြောင့်လည်းကောင်း၊ ဤဘဝ၌ ပြုလုပ်သော ဥပဃာတကကံကြောင့်လည်းကောင်း၊ အနာဆိုး၊ ရောဂါဆိုး ရရှိတွေ့ကြုံရ၍ သေရခြင်း၊ ကားတိုက်, မိုးကြိုးထိ လူသတ်ခံရ၍ သေရခြင်း၊ မီးဘေး, ရေဘေး, လက်နက်ဘေးတို့ကြောင့် သေရခြင်း စသည်များသည် ကံတစ်ပါးဖြတ်၍ သေရခြင်းမျိုး ဖြစ်သည်။

မီးစာလည်းရှိ၊ ဆီလည်းရှိပါသေးလျက် လေပြင်းတိုက်၍ တမင်ငြိမ်းသတ်၍ ဆီမီးတောက်ငြိမ်းခြင်းနှင့် တူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သေခါနီး နိမိတ်ထင်ပုံ

ဤသေခြင်း (၄)မျိုးတွင် တစ်မျိုးမျိုးနှင့် သေရသူတို့ကား သေခါနီး သေငယ်ဇောနှင့် မြောနေသောအခါဝယ် ကံ ကမ္မနိမိတ် ဂတိနိမိတ်အာရုံ (၃)ပါးတွင် အာရုံတစ်ပါးပါး ထင်လာတတ်ပါသည်။

သတ္တဝါတို့ သန္တာန်၌ ကံ အများအပြား ရှိနေရကား ရောက်ရမည့် နောက်ဘဝသစ်၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သော ပဋိသန္ဓေမျိုး ပေးဖို့ရာ အခွင့်သာသောကုသိုလ် (သို့မဟုတ်) အကုသိုလ်ကံ တစ်ပါးပါးသည် ကံအများထဲမှ ရှေ့ရှု၍ စိတ်ထဲ၌ ပေါ်လာတတ်သည်။ ဤသို့ဖြစ်သည်ကိုပင် ကံနိမိတ်ထင်သည်ဟု ခေါ်ပါသည်။

ထိုကံကို ပြုလုပ်စဉ်အခါက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိ၊ ဓမ္မ ဟူသော အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးသည် ကမ္မနိမိတ်ဖြစ်ပါသည်။

ကုသိုလ် အကုသိုလ်ကံများကို ပြုလုပ်စဉ်အခါက ပြုလုပ်ရသော အာရုံများ ဖြစ်ကြသော ဘုရားကျောင်းကန်၊ စေတီ၊ ပုထိုး၊ ပန်းဆီမီး၊ သားငါးကြက်ဝက်၊ ဓား၊ လှံ၊ လက်နက် စသော အာရုံများကို ကမ္မနိမိတ်ဟု ခေါ်ပါသည်။

ထိုအာရုံများ စိတ်ထဲ၌ ထင်လာသည်ကို ကမ္မနိမိတ်ထင်သည်ဟု ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိလားရောက်ရတော့မည့် ဘုံဘဝဂတိ၌ ကြုံတွေ့ရလတ္တံ့သော အာရုံများကို ဂတိနိမိတ်ဟု ခေါ်သည်။

သေငယ်ဇောနှင့် မြောနေသူအား မိမိလားရောက်ရတော့မည့် ဘဝသစ်နှင့် တိုက်ရိုက်ပတ်သက်သော အာရုံများ ထိုဘဝ၌ ကြုံတွေ့ရမည့် အသုံးအဆောင်၊ အခြွေအရံဟူသော အာရုံများ ထင်မြင်လာတတ်ပါသည်။

- လူ့ဘုံသွားရမည့်သူဖြစ်လျှင် အမိဝမ်းရေ၊
- ငရဲသို့သွားရမည့်သူဖြစ်လျှင် ငရဲအိုး၊ ငရဲမီးလျှံ၊ ငရဲထိန်း၊ လင်းတ၊ ခွေး၊ ကျီး စသည်များ၊
- ပြိတ္တာဘုံသို့ သွားရမည့်သူဖြစ်လျှင် တော၊ တောင်၊ မြစ်ဝှမ်းများ၊ လိုဏ်ဂူ စသည်များ၊
- နတ်ပြည်သို့သွားရမည့်သူဖြစ်လျှင် နတ်ဗိမာန်၊ နတ်သား၊ နတ်သမီး၊ နတ်ရထား၊ ဥယျာဉ်ဗိမာန်၊ ပဒေသာပင် စသည်များ ထင်မြင်လာတတ်သည်။ ဤသို့ ထင်လာသည်ကို ဂတိနိမိတ်ထင်သည်ဟု ခေါ်သည်။

ဤသို့ မိမိပြုသော ကုသိုလ် အကုသိုလ်ကံ အားလျော်စွာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့သည် သေခါနီးကာလတွင် ထင်မြင်လာမြဲ ဖြစ်ပါသည်။ ကုသိုလ်ကံ အကျိုးပေးတော့မည် ဖြစ်လျှင် ကောင်းသေဝအာရုံများ တင်လာသောကြောင့် ထိုအာရုံကို အာရုံပြုလျက် ဖြူစင် ကြည်လင်သော ကုသိုလ်စိတ်အစဉ်

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေသည်။

အကုသိုလ်ကံ အကျိုးပေးတော့မည်ဖြစ်လျှင် မကောင်းသော အာရုံဆိုးများ ထင်လာသောကြောင့် ထိုအာရုံဆိုးကို အာရုံပြုလျက် ညစ်နွမ်းသော၊ မကြည်လင်သော အကုသိုလ်စိတ်အစဉ် ဖြစ်နေသည်။

ထို့ကြောင့် ကျွမ်းကျင်သော လူနာစောင့်များသည် လူနာ၏ မျက်နှာကို ကြည့်၍ လားရောက်ရမည့် ဂတိကို သိနိုင်လေသည်။

ထိုနိမိတ်ထင်လာမှုသည် ကံအစွမ်းကြောင့်လည်း ထင်လာတတ်ပါသည်။

- ဒုဋ္ဌဂါမဏိမင်းကြီးကဲ့သို့ မိမိနေ့စဉ်ပြုလုပ်သော ကုသိုလ်များကို စာအုပ်တွင် ရေးမှတ်၍ အနီးအပါးရှိသူများက ဖတ်ကြားပေးသင့်သည်။
- မိမိ နေ့စဉ်အားထုတ်သော အာစိဏ္ဏကံ ကုသိုလ်များကို သတိရ အောက်မေ့နေစေရမည်။
- သမထ၊ ဝိပဿနာပွားမှုများကို သတိထား ရှုမှတ်နေရမည်။
- အနီးအပါးရှိသူများကလည်း ဘုရားရှိခိုး၊ ပရိတ်၊ တရားဓမ္မရွတ်ဖတ်၊ ကြေးစည်ထု၊ ဆီမီး၊ ပန်း စသည် ကုသိုလ်မှုများကို သေခါနီးသောသူ ကြားအောင် မြင်အောင် သတိရအောင် ပြောဆို ပြုလုပ်ပေးနေရမည်၊

www.burmeseclassic.com

www.burmeseclassic.com



- ငိုယိုမှု၊ အကျိုးမဲ့စကား ပြောဆိုနေမှု၊ ဆဲဆိုရန်ဖြစ်မှု စသည် အကုသိုလ်ဘက် စိတ်ညွတ်စေမည့် လုပ်ငန်းများကို လုံးဝ ရှောင်ကြဉ်ရမည်။

သေခါနီးသူ၏ စိတ်တို့သည် ထိုသို့ထင်လာသော အာရုံ၌သာ တရစ်ဝဲဝဲ ညွတ်ကိုင်းနေတတ်သည်။

အထက်ဖော်ပြခဲ့သည့်အတိုင်း သုဂတိဘုံသို့ သွားလတ္တံ့သော သူအား ကုသိုလ်နှင့်ဆိုင်သော ကောင်းမြတ်သော နိမိတ်အာရုံတို့ ထင်လာတတ်သည်။ ထိုအခါ မျက်နှာအမူအရာ ရွှင်ပျကြည်လင်နေတတ်သည်။

ဒုဂ္ဂတိဘုံသို့ သွားလတ္တံ့သောသူအား အကုသိုလ်နှင့်ဆိုင်သော မကောင်းသော နိမိတ်အာရုံတို့ ထင်လာတတ်သည်။ ထိုအခါ မျက်နှာအမူအရာသည် ကြောက်ရွံ့ထိတ်လန့်နေတတ်သည်။ တစ်ခါတစ်ရံ နှုတ်ကပင် အလန့်တကြား အော်ဟစ်တတ်သည်။

ထိုသို့ မကောင်းသောအာရုံဆိုးတို့ ဝင်လာပုံကို တွေ့မြင်ကြလျှင် အထက်ပါအတိုင်း ကောင်းသောအာရုံသို့ ပြောင်းလဲသွားနိုင်ရန် အနီးရှိသူတို့က ပြုလုပ်ပေးရမည်။

ဤအချိန်သည် မိတ်ဆွေကောင်းရှိရန် အလိုအပ်ဆုံးအချိန် ဖြစ်သည်။ ဘဝကူး ကောင်းမွန်ရေးအတွက် အထူးဆောင်ရွက်ပေးရမည်။

မရဏာသန္နဇောနှင့် မြော်နေသူသည် မိမိအာရုံတွင် ထင်မြင်လာ

www.burmeseclassic.com

www.burmeseclassic.com


သမျှကို အာရုံဖမ်းယူနေချိန် ဖြစ်သည်။ ပေါ်လာသမျှ အာရုံကို ဆွဲယူနေချိန် ဖြစ်သည်။ ဘဝသစ်၌ စိတ်အစဉ်ညွှတ်နေသည်။

ခရီးသွားမည့်သူသည် သွားရမည့်အရပ်ဒေသကို စိတ်အစဉ် ညွှတ်နေသကဲ့သို့ စိတ်အစဉ်သည် ကူးပြောင်းရမည့် ဘဝအသစ်ကို အစဉ် ညွှတ်ကိုင်းနေတတ်ပါသည်။

ဘဝသစ်၌ ပဋိသန္ဓေကျိုးကို ပေးမည့် ကံတရားသည် ရှေးဘဝပေါင်းများစွာက ပြုခဲ့သော ကံဟောင်းဖြစ်စေကာမူ ယခုပင် ပြုလုပ်နေရသလို စိတ်ထဲ၌ ထင်ယောင် မြင်ယောင်လာသည်။

ထိုသို့ ထင်လာမှုသည် မည်သူ၏ ဖန်တီးမှုကြောင့်မျှ မဟုတ်ပေ။ မိမိ၏ ဘဝအဆက်ဆက်က ပြုလုပ်ခဲ့သောကံ အစွမ်းကြောင့် ထင်လာခြင်းမျှသာ ဖြစ်ပါသည်။

သတ္တဝါတစ်ဦးသည် စုတေရန် အလွန့်အလွန်နီးကပ်နေသော သေခါနီးကာလ၌ စိတ်အစဉ်ဝယ် မရဏာသန္နဇောစိတ် ငါးကြိမ် ဖြစ်၏။ ပဉ္စမဇောဖြစ်ပြီးနောက် စုတိစိတ် (သေစိတ်)ဖြစ်၏။

ထိုစုတိစိတ်သည် ဤဘဝပဋိသန္ဓေတည်စကပါရှိလာသော ကမ္မဇရုပ်များနှင့် ပြိုင်တူချုပ်သည်။ ထိုစုတိစိတ်နှင့် ကမ္မဇရုပ်မှာ ချုပ်သည်နှင့် တစ်ပြိုင်နက် လက်ရှိပစ္စုပ္ပန် ဘဝကုန်ဆုံးသွားတော့သည်။ ထိုအချိန်၌ စုတေသည် (သေသည်)ဟု ခေါ်ကြပါသည်။

ထို့နောက် စိတ္တဇရုပ်၊ အဟာရဇရုပ်တို့သည် ရှေးမနှောင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကြပါသည်။ ဘဝတစ်ခု ချုပ်ဆုံးတော့သည်။

**ဘဝသစ်ပဋိသန္ဓေ**

ထိုစုတိစိတ်ချုပ်သည်နှင့် တစ်ပြိုင်နက် ဘဝသစ်အတွက် ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာပါတော့သည်။

ထိုစိတ်အစဉ်ကို ရှေ့ဘဝနှင့် နောက်ဘဝ၊ ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသော စိတ်ဖြစ်၍ ပဋိသန္ဓေစိတ်ဟု ခေါ်ပါသည်။

ပဋိသန္ဓေစိတ် ဖြစ်သည်နှင့် တစ်ပြိုင်နက် ဘဝသစ် စတော့သည်။ အချိန်ကာလခြားမှု မရှိပေ။ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်လာသည်။ ထိုပဋိသန္ဓေစိတ်သည် ကံကြောင့် မိမိနှင့် တစ်ပြိုင်နက် ဖြစ်ပေါ်သော ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်သည်။

ပဋိသန္ဓေစိတ်ချုပ်ပြီးနောက် ထိုပဋိသန္ဓေစိတ်သည်ပင် ဘဝင် အမည်ဖြင့် (၁၆)ကြိမ် ဖြစ်၏။

ပဝတ္တိအခါ၌လည်း ထိုပဋိသန္ဓေစိတ်သည်ပင် ဘဝင်အမည် ဖြင့် ဆက်၍ဖြစ်ရာ ဘဝအဆက်မပြတ်အောင် ပြုတော့သော ကြောင့် ဘဝင်ဟုခေါ်သည်။ မရဏာသန္နဇော ယူခဲ့သည့် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံတစ်ပါးပါးကိုပင် ပဋိသန္ဓေစိတ်က ဆက်လက်အာရုံပြုသည်။

သတ္တဝါတို့တွင် ပဋိသန္ဓေစိတ်သည် အလိုအလျောက် ပေါ်

www.burmeseclassic.com

www.burmeseclassic.com


ပေါက်လာသည်မဟုတ်။ ဖန်ဆင်းရှင်များက ဖန်ဆင်းမှုကြောင့်လည်းမဟုတ်။ ရှေးက မိမိပြုခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော သင်္ခါရကြောင့် ဖြစ်လာသော အကျိုးဝိပါက် ဖြစ်သည်။

သတ္တဝါတို့သည် အဝိဇ္ဇာခြံရံပြီး တဏှာအရင်းခံလျက် ကုသိုလ်၊ အကုသိုလ်ကံတို့ကို ပြုလုပ်ကြသည်။ ထို့ကြောင့် ဘဝသစ် ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာရာ၌ အဝိဇ္ဇာတဏှာနှင့် ကုသိုလ်၊ အကုသိုလ်၊ သင်္ခါရတို့သည် အကြောင်းရင်းများ ဖြစ်ကြ၏။

ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံတစ်ပါးပါး ထင်လာသောအခါ အဝိဇ္ဇာက ထိုအာရုံ၏ အပြစ်ကို မမြင်အောင် ဖုံးကွယ်ပေး၏။ တဏှာက ထိုအာရုံကို မိမိကိုယ်တိုင် နှစ်သက်လက်ခံပြီးလျှင် ပဋိသန္ဓေစိတ်အာရုံ ပြုရန်လည်း ညွှတ်ကိုင်းပေးသဖြင့် ဘဝသစ်တစ်ခု ဖြစ်ပေါ်လာသည်။

သတ္တဝါတို့သည် သံသရာတစ်လျှောက် စုတိစိတ် ပဋိသန္ဓေစိတ်တို့ အဆက်မပြတ် ဖြစ်နေသည်။ အာရုံအမျိုးမျိုးတို့ တွေ့ကြုံလာလျှင် စုတိစိတ်တို့ ဖြစ်ပေါ်လာပြီး စုတိစိတ်တို့ ပြီးဆုံးသွားလျှင် ဘဝင်စိတ်သည် အဆက်မပြတ် ဖြစ်ပေါ်နေပါသည်။

ထိုသို့ဖြစ်ပေါ်လာရာ၌ ဘဝဟောင်းက ရုပ်နာမ်တရားများ ဘဝသစ်သို့ ပြောင်းရွှေ့လာသည်မဟုတ်၊ ဘဝသစ်၌ ရုပ်နာမ် အသစ် ဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။ သို့သော် ရုပ်နာမ်အသစ်

www.burmeseclassic.com

www.burmeseclassic.com



များသည် ဘဝဟောင်းက ကံအကြောင်းများနှင့် မကင်းကြပေ။

ဘဝဟောင်းက အဝိဇ္ဇာတဏှာ အကြောင်းများကြောင့် ဖြစ်ပေါ်လာရသည်။ ပဲ့တင်သံ၊ ဆီမီးညှိထွန်းမှု၊ တံဆိပ်တုံး ရိုက်မှု စသည်တို့နှင့် တူသည်။ တောတောင်အနီးအပါးတွင် အော်ဟစ်လိုက်ပါက ပဲ့တင်သံ ဖြစ်ပေါ်လာသည်။ ထိုပဲ့တင်သံသည် မူလ အော်ဟစ်လိုက်သောအသံ မဟုတ်ပေ။

ထို့အတူ ဆီမီးညှိထွန်းရာ၌ ပထမ ဆီမီးတိုင်မှ ဒုတိယ၊ တတိယ စသည် မီးတောက်မီးလျှံတို့သည် ပထမဆီမီးတိုင်၏ မီးတောက်မီးလျှံတို့ မဟုတ်ပေ။ ပထမမီးတောက်မီးလျှံသည် လျော့မသွားပေ။ သို့သော်လည်း ဒုတိယ၊ တတိယ မီးတောက် မီးလျှံသည် ပထမ မီးတောက်မီးလျှံနှင့် ကင်းကွာ၍လည်း ဖြစ် ပေါ်မလာနိုင်ပေ။

ထို့အတူပင် တံဆိပ်တုံးများ၊ ဘလောက်တုံးများကို ထုရိုက် လိုက်ပါက တံဆိပ်များ၊ စာများသည် စာရွက်ပေါ်တွင် ထင်လာ သည်။ စာရွက်ပေါ်တွင် ထင်လာသော ထိုစာများ၊ တံဆိပ်များသည် မူလတံဆိပ်တုံး၊ ဘလောက်တုံးရှိ စာများ မဟုတ်ပေ။ သို့သော် လည်း ထိုတံဆိပ်တုံးရှိ စာများ၊ တံဆိပ်များနှင့် ကင်းကွာ၍လည်း စာရွက်ပေါ်တွင် ထင်မလာနိုင်ပေ။

ဤနည်းတူပင် ဘဝဟောင်းက ရုပ်နာမ်တရား တစ်စုံတစ်ရာ မျှ ဤဘဝသို့ လိုက်လာသည် မဟုတ်ပေ။ သို့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com


ဘဝဟောင်းက အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရ ကံအကြောင်းတရားတို့နှင့် ကင်းကွာ၍လည်း ဤခန္ဓာများ ဖြစ်ပေါ်မလာနိုင်ပေ။

ဤသို့လျှင် ဘဝဟောင်း၊ ဘဝသစ် စုတိပဋိသန္ဓေတို့သည် အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရ ကံတရားတို့၏ အစွမ်းသတ္တိထူးဖြင့် သံသရာဆုံးသည့်တိုင် (ဝါ) နိဗ္ဗာန်မရောက်မချင်း ဖြစ်ပျက်လျက် နေပေတော့သည်။

## နိယာမသဘောနှင့် အသက်ဖြစ်ပေါ်မှု

ဓမ္မတာလမ်းဖြစ်မြဲတမ်းကို 'နိယာမ'ဟု ခေါ်ပါသည်။ နိယာမတရား ငါးပါးရှိပါသည်–

(၁) စိတ္တနိယာမ

(၂) ဥတုနိယာမ

(၃) ဗီဇနိယာမ

(၄) ကမ္မနိယာမ

(၅) ဓမ္မနိယာမ

ဓမ္မနိယာမကို လောကဓမ္မတာအားဖြင့် မှန်မှန်မြဲမြဲသော ကြည့်မှုဟု နားလည်ထားရပါမည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ တမင်လာ ပြုလုပ်ဖန်တီးရသည် မရှိဘဲ သူ့အလိုလိုဖြစ်လာမှု မှန်သမျှသည် ဓမ္မနိယာမ ဖြစ်ပါသည်။

လောကအခင်းအကျင်း အခြေအနေမှန်သမျှသည် သူ့သဘော

www.burmeseclassic.com

www.burmeseclassic.com



သူဆောင်၍ သူ့သဘာဝ သူ့စွမ်းရည်အလိုက် ဖြစ်ထွန်းနေကြမှုသာ ဖြစ်သည်။ တစ်စုံတစ်ယောက်သော တန်ခိုးရှင် အာဏာရှင်က ဖန်တီးတည်ဆောက်၍ ဖြစ်လာကြသည် မဟုတ်ပါ။

(၁) (၂) (၃) (၄) နိယာမလေးပါးမှ အလွတ်ဖြစ်သော သီလ၊ သမာဓိ၊ ပညာ၊ တန်ခိုးကြောင့် မြေတုန်ဟည်းခြင်း စသည်များသည်လည်း ဓမ္မတာတစ်ရပ်ပင် ဖြစ်ပါသည်။

လောကကြီးသုံးပါး ဖြစ်ထွန်းပေါ်ပေါက်နေမှုသည် ဤနိယာမတရား၏ သဘောသဘာဝပင် ဖြစ်ပါသည်။

ဤဓမ္မနိယာမလမ်းမှနေ၍ သတ္တဝါတို့၏ မူလအစကို ရှာဖွေရာတွင် အဝိဇ္ဇာကို တွေ့ရပါသည်။ အမှန်သစ္စာကို မသိမြင်မှုဟူသော အဝိဇ္ဇာဓာတ်သည် သတ္တဝါများကို စတင်ဖြစ်ပေါ်စေသော အခြေခံအမြစ်တရား ဖြစ်ပါသည်။

ခေါင်းဆောင်တစ်ယောက် ထွက်ပေါ်လျှင် နောက်လိုက်ငယ်သားများပါဝင်ကြောင်း သိရသော ဥပမာကဲ့သို့ အဝိဇ္ဇာသည် သတ္တဝါ၏ အစ ဖြစ်ရာတွင် ဤနည်းတူဖြစ်သည်။ အဘိဓမ္မာနည်း အရ ကြည့်လျှင် အဝိဇ္ဇာသည် တစ်ခုတည်းသက်သက် ဖြစ်ပေါ်လာနိုင်ခြင်းမရှိ။ ယှဉ်တွဲဘက် တဏှာ စသော နာမ်ဓာတ်များ၊ ပထဝီ စသော ရုပ်ဓာတ်များ ပါဝင်လျက် ရှိသည်။

အဝိဇ္ဇာပစ္စယာသင်္ခါရာဟူသော ပဋိစ္စသမုပ္ပါဒ် အကြောင်းကျိုးဆက် သဘာဝ၌လည်း ပဓာနစကား အများအပြား ပါဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



- သင်္ခါရလေးပါးတရားကြောင့် ဒိဋ္ဌိမဖြစ်၍ ကုသိုလ်၊ အကုသိုလ် တစ်ခုခုကို ပြုလုပ်သည်။
- ကုသိုလ်၊ အကုသိုလ် တစ်ခုခုကြောင့် စိတ်ဝိညာဉ် ဖြစ်ပေါ်လာရသည်။
- စိတ်ဝိညာဉ်ကြောင့် နာမ် ရုပ် နှစ်ပါး ဖြစ်ပေါ်လာရသည်။
- ယင်းနာမ်ရုပ်ကို အရင်းခံ၍ မျက်စိ၊ နား စသည်တို့ ပေါ်ထွန်းလာရသည်။
- ယင်းမျက်စိ စသည်ရှိလာ၍ တွေ့ထိမှု အမျိုးမျိုး ဖြစ်လာရသည်။
- တွေ့ထိမှုရှိသောကြောင့် ခံစားမှု ရှိလာသည်။
- ခံစားမှုရှိလာ၍ တွယ်တာမှု ဖြစ်လာရသည်။
- တွယ်တာမိ၍ စွဲလမ်းမှု ဖြစ်လာရသည်။
- စွဲလမ်းမှုရှိ၍ ကြိုးစားပြုလုပ်လာသည်။
- ပြုလုပ်ရာတွင် ကောင်းမှု၊ မကောင်းမှု ပါဝင်လာပြီး ကောင်းမှုကံ၊ မကောင်းမှုကံ တစ်မျိုးမျိုးကြောင့် ဘဝသစ်တစ်ခု ဖြစ်လာရသည်။
- ဘဝသစ်ဖြစ်လာ၍ ရင့်ရော်မှု(ဇရာ) ရွေ့လျောပျက်စီးမှု (မရဏ)တို့ ရှိလာရသည်။ စိုးရိမ်မှု(သောက)၊ ပြင်းစွာစိုးရိမ်မှု (ပရိဒေဝ)၊ ဆင်းရဲမှု(ဒုက္ခ)၊ စိတ်မချမ်းသာမှု (ဒေါမနဿ)၊ ပြင်းစွာငိုကြွေးရမှု (ဥပါယာသ)တို့ဖြစ်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့် သတ္တဝါတို့ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်း ကျင်လည်ကြရသည်။

ဤတွင် အဝိဇ္ဇာသည် ပဓာန အခန်းမှ ပါဝင်လာပြီး ယှဉ် တွဲဘက် နာမ်ရုပ်တရားနှင့် အတူတကွ သတ္တဝါဟူ၍ စတင် ဖြစ်ပေါ်လာခဲ့သည်။

ဤကြောင်းကျိုးဆက်သွယ်မှု (ပဋိစ္စသမုပ္ပါဒ်) သဘောတရား ကို သုံးပိုင်း ခွဲကြည့်နိုင်ပါသည်။

- မသိမှုအဝိဇ္ဇာနှင့် ကုသိုလ်၊ အကုသိုလ် သင်္ခါရတရားသည် အတိတ်ကာလ။
- ဝိညာဉ်၊ နာမ်ရုပ်၊ မျက်စိ စသော အာယတန ခြောက်ပါး၊ တွေ့ထိမှု(ဖဿ)၊ ခံစားမှု(ဝေဒနာ)၊ တွယ်တာမှု(တဏှာ)၊ စွဲလမ်းမှု(ဥပါဒါန်)၊ ပြုလုပ်ဖြစ်ပေါ်မှု(ဘဝ) ဤ(၈)မျိုး သည် ပစ္စုပ္ပန်ကာလ။
- ဇာတိ၊ ဇရာ၊ မရဏ ဤ(၃)ပါးသည် အနာဂတ်ကာလ။

သတ္တဝါသည် အဝိဇ္ဇာက စတင်ဖြစ်ပေါ်လာသည်ဟု ဆိုက ထိုအဝိဇ္ဇာသည် ဘယ်အချိန်က စတင်ဖြစ်ပေါ်လာပါသနည်း။

လောကတွင် အချိန်ကာလသည် မည်သည့်ခေတ်၊ ခု သက္ကရာဇ်တွင် စတင်ဖြစ်ပေါ်လာခဲ့သည်ဟူ၍ မသိနိုင်သ အဖြေ မပေးနိုင်သကဲ့သို့ အဝိဇ္ဇာနှင့် ပတ်သက်၍ အချိန်ကာလကို သတ်မှတ်ဖော်ပြ၍ မရနိုင်ပါချေ။ အဝိဇ္ဇာဟူသော သဘာဝသည် ကာလအားဖြင့် အစမရှိ အဆုံးမရှိနိုင်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါ၏ အခြေအမြစ်ဖြစ်သော အဝိဇ္ဇာဓာတ်သည် ကာလအားဖြင့် အစမရှိသောကြောင့် သတ္တဝါတို့သည်လည်း မည်သည့်အခါက စတင်ဖြစ်ပေါ်လာကြသည်ဟု အစမရှိကြောင်း ကောက်ချက်ချရပေမည်။

တစ်နည်းအားဖြင့် အဝိဇ္ဇာသည် နာမ်အမှောင်ဖြစ်သည်၊ လောကဥပမာတွင် ညအမှောင်သည် အလင်းရှိက ပျောက်၏။ သည်။ အလင်းရောင် မရှိသည်နှင့် အမှောင်လွှမ်းလာသည်။

ဤညအမှောင်မျိုးသည် မည်သည့်အခါက စတင်ခဲ့သနည်းဟု အစကိုရှာရန်သော်လည်းကောင်း မဖြစ်နိုင်ပါချေ။

ယင်းအဝိဇ္ဇာ၊ နာမ်အမှောင်ကို ညအမှောင်နှင့် နှိုင်းယှဉ်၍ သိထားရပါမည်။

**အသက်ဇီဝ**

အသက်ဇီဝကို ရှေးခေတ်က ပါယာသိမြို့စားသည် အမျိုးမျိုး စမ်းသပ်ရှာဖွေခဲ့သလို ယနေ့ သိပ္ပံပညာရှင်များကလည်း ရှာဖွေစမ်းသပ်နေကြဆဲ ဖြစ်ပါသည်။ ဘုရားရှင်ကမူ-

"အသက်ဟူသည် နာမ်ဇီဝိတနှင့် ရုပ်ဇီဝိတ နှစ်ရပ်ပေါင်းဖြစ်သော အာယုဓာတ် ဖြစ်သည်"ဟု ဟောပြထားခဲ့ပါသည်။

ဤအာယုဓာတ်သည် လူသားသန္ဓေဦးနှင့် တစ်ပါတည်း ပါဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



- လူတွင် နာမ်ဇီဝိတသည် နှလုံးသွေး၌ တည်မှီ၍ တရစပ်ဖြစ်ပေါ်နေသည်။
- နာမ်တရားတို့ကို စိုးမိုးစောင့်ရှောက်နေသည်။
- ရုပ်ဇီဝိတသည် ဆံဖျား၊ ခြေသည်းဖျား၊ လက်သည်းဖျားစသော သွေးမရောက်သော နေရာများမှတစ်ပါး ကျန်သော လူတစ်ကိုယ်လုံး ပျံ့နှံ့၍ တည်နေပြီး လူ၏ရုပ်ပိုင်းအဖွဲ့အစည်းကို စောင့်ရှောက်လျက် ရှိသည်။

(ယနေ့ လူ့အသက်ကို ရှာဖွေနေကြသော ဆေးပညာရှင်တို့သည် လူ့နှလုံးအိမ်နှင့်သွေးပျံ့နှံ့တည်နေသော လူ့တစ်ကိုယ်လုံး၌ သိုင်းဝိုင်းရှာဖွေကြရမည် ဖြစ်ပါသည်။)

ယနေ့ သိပ္ပံပညာရှင်တို့သည် ယနေ့လက်ရှိ သတ္တဝါတို့သည် ယနေ့ကမ္ဘာတွင် ဘယ်အချိန် ဘယ်အခါက ဘယ်လိုစတင်ဖြစ်ပေါ်လာပါသလဲဟု စူးစိုက်ရှာဖွေနေကြပါသည်။

ဘုရားရှင်ကမူ လတ်ရှိကမ္ဘာမျိုး၊ လောကမျိုးသည် အသင်္ချေအနန္တ ဖြစ်ခဲ့ဖူးပြီးဟု ဟောတော်မူခဲ့သည်။ လက်ရှိကမ္ဘာကိုသာမကကမ္ဘာအသင်္ချေ အနန္တ၏ အတိတ်နောက်ကြောင်းကို ပြန်ကြည့်ပြီးလျှင် သတ္တဝါ၏အစ အဝိဇ္ဇာ၏အစ မထင်ရှားဟု ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

ယခုမူ ရှေ့အနာဂတ်တွင်လည်း အဆုံးမရှိသော ကာလကြီးတစ်လျှောက်လုံး အဆုံးမရှိသော ကမ္ဘာအသင်္ချေနှင့် သတ္တဝါ

www.burmeseclassic.com

www.burmeseclassic.com



အနန္တတို့ ထာဝစဉ် ဆက်လက်ဖြစ်ပေါ်နေဦးမည်သာ ဖြစ်ပါသည်။

ဤသည်မှာ သတ္တလောကအပေါ် ဘုရားရှင်၏ အကျယ်ပြန့်ဆုံးသော အမြင်တရား ဖြစ်ပါသည်။

**သစ်ပင်တို့၏အသက်**

သစ်ပင်တို့သည် လူ၊ တိရစ္ဆာန် စသည်တို့နှင့် လုံးဝခြားနားပါသည်။ သစ်ပင်တို့သည်–

(၁) တည်ရာ ပထဝီ(မြေ)ဓာတ်

(၂) ခံဆောင်ဖွဲ့စည်းသော အာပေါ(ရေ)ဓာတ်

(၃) ပေါင်းနွေးရင့်ကျက်စေသော တေဇော(မီး)ဓာတ်

(၄) တက်ကြွစေသော ဝါယော(လေ)ဓာတ်

(၅) ဝဏ္ဏ (အဆင်း)ဓာတ်

(၆) ဂန္ဓ(ရနံ့)ဓာတ်

(၇) ရသဓာတ်

(၈) ဩဇာဓာတ်

ဟူသော အဋ္ဌကလာပ်ရုပ်၏ အဖွဲ့အစည်းသာ ဖြစ်ပါသည်။ သဒ္ဒရုပ်ခေါ် အသံဓာတ်လည်း တည်ကိန်းပါရှိပါသည်။

ထိုအဋ္ဌကလာပ် အဖွဲ့အစည်းသည် မျိုးစေ့ဗီဇနှင့် ပြည့်ပမှ ဥတုအထောက်အပံ့ စသော အကြောင်းတရားများ ညီညွတ်လျှင် ဗီဇနိယာမ သဘောအရ–

www.burmeseclassic.com

www.burmeseclassic.com



- ပေါက်ရောက်လာမှု (အာစယ)
- တိုးပွားကြီးပြင်းမှု (ဥပစယ)
- ရှင်သန်တည်နေမှု (သန္တတိ)

ဟူ၍ ထင်ရှား ဖြစ်ပေါ်လာပါသည်။

သစ်စေ့ဟူသော ရုပ်ဝတ္ထုသည် ဗီဇနိယာမ သဘောနှင့် ဥတုနိယာမ၏ အထောက်အပံ့ဖြင့် အပင်ပေါက်လာခြင်း၊ ကြီးထွားလာခြင်း ဖြစ်ပါသည်။ ထိုနောက်တွင်-

- ဆုတ်ယုတ်လျော့ပါး ရင့်ရော်လာမှု (ဇရတာ)
- ပျက်ပြားသေဆုံးမှု (အနိစ္စတာ)

ဟူသော အပြောင်းအလဲ ဖြစ်ပေါ်လာရပါသည်။

သစ်ပင်ပေါက်လာရာမှ သေသည်အထိ အပြင်ပန်း မြင်သာသော အပြောင်းအလဲသည် အတွင်းပိုင်းရှိ ရုပ်တို့၏ ဥပါဒ်၊ ဌီ၊ ဘင် စနစ်ဖြင့် ခဏတိုင်း၊ ခဏတိုင်း တဖွားဖွား ပြောင်းလဲမှုအပေါ် အခြေခံလျက် ရှိသည်။

သစ်ပင်တွင် ပါဝင်လျက်ရှိသော ပထဝီမြေဓာတ် စသော အတွင်းပိုင်း ရုပ်အဖွဲ့အစည်းများ (သို့မဟုတ်) ဗီဇစွမ်းအား (သို့မဟုတ်) ပြင်ပဥတု၊ သဲဓာ စသည်တို့ ပျက်စီးသော်လည်းကောင်း၊ လူတို့က နုတ်ပစ်၍သော်လည်းကောင်း သစ်ပင်သည် သေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**သေဆုံးမှု**

လူ တိရစ္ဆာန် စသည်တို့၏ နှလုံးခုန်ရပ်လျှင် သေသည်ဟူ၍ သိပ္ပံပညာ၊ ဆေးပညာရှင်တို့က သတ်မှတ်ကြပါသည်။

အသက်ရှူမှု၊ မရှူမှု၊ နှလုံးခုန်မှု၊ မခုန်မှုသည် သေခြင်း၏ အဓိကလက္ခဏာမဟုတ်။ ဤနက်ရှိုင်းသော သဘောတရားကို ဘုရားရှင်က ဟောကြား လမ်းညွှန်ပြခဲ့ပါသည်။

ဘုရားရှင်အလိုရ သေသည်ဟူသည်ကား–

- နာမ်ဇီဝိတ၊ ရုပ်ဇီဝိတ ချုပ်ငြိမ်းခြင်း၊
- နာမ်ဇီဝိတနှင့် ယှဉ်တွဲဖြစ်ပေါ်နေသော သိစိတ်ဝိညာဉ် လုံးဝ ပြတ်စဲခြင်း၊
- ဥသ္မာခေါ် ကိုယ်ငွေ့ဥတုမီး အကြွင်းမရှိ ငြိမ်းခြင်းတို့ ဖြစ်သည်။

ဤသို့ ဇီဝိတ၊ စိတ်၊ ဥသ္မာ၊ တေဇောတို့ ချုပ်ငြိမ်းခြင်းကို သေသည်ဟူ၍ ခေါ်ဆိုပါသည်။

- သေရာဝယ် အသက်ဇီဝိတနှင့် ဝိညာဉ်တို့သည် အတူတကွ ချုပ်ငြိမ်းကြသည်။
- ဥတုမီး(ကမ္မဇ)သည်လည်း သေစိတ်ချုပ်သည်နှင့် တစ်ပြိုင်နက် ချုပ်သည်။
- စိတ်ကြောင့်ဖြစ်သော ရုပ်သည် သေစိတ်ချုပ်ပြီး ခဏာဝယ် (၄၈)ချက်၊ အာဟာရကြောင့်ဖြစ်သော ရုပ်သည် ခဏာဝယ်

www.burmeseclassic.com

www.burmeseclassic.com



(၅၀)ချက် ဆက်၍ဖြစ်ပြီး ချုပ်ငြိမ်းသွားသည်။

- အသုဘကောင်တွင် ဥတုကြောင့်ဖြစ်သော ရုပ်အဆက် ဆက်သာလျှင် ကျန်ရှိသည်။ (ငှက်ပျောတုံးပမာပင် ရှိတော့သည်)
- ထိုဥတုဇအလောင်းကောင်သည် ဆန့်ကျင်ဘက် ဥတုများ တိုက်ခတ်ခံရပါလျှင် မကြာခင် ပုပ်ပွ ပျက်စီးသည်။ အားပြုသည့် မိတ်ဖက်ဥတုနှင့် ထောက်ပံ့ထားလျှင် ကြာကြာခံပါသည်။

## ဘဝဖြစ်ပေါ်မှု

သတ္တဝါတို့၏ သန္တာန်(စိတ်)၌ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဟူသော ကိလေသာတရားတို့သည် အစဉ်ကိန်းအောင်းပါ၏။

ဤတရားတို့ကို ကိလေသဝဋ်ဟု ခေါ်ပါသည်။

- မသိမှုအဝိဇ္ဇာသည် အာရုံသဘောကို မှန်ကန်စွာ မသိသည့် အပြင် လွဲမှားစွာလည်း သိမြင်၏။
- မျက်စိ၌ ရူပါရုံ ထင်လာသောအခါ
- နား၌ သဒ္ဒါရုံ ထင်လာသောအခါ
- နှာခေါင်း၌ ဂန္ဓာရုံ ထင်လာသောအခါ
- လျှာ၌ ရသာရုံထင်လာသောအခါ
- ကိုယ်၌ ဖောဋ္ဌဗ္ဗာရုံထင်လာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



- စိတ်၌ မျှော်ရဲ့ထင်လာသောအခါ

ဆိုင်ရာ အာရုံအသီးသီးတို့ ထင်လာသောအခါ ထိုအာရုံ ထင်ခြင်းတို့နှင့် ယှဉ်တွဲနေသော ကောင်းသော ခံစားမှုများကို အဝိဇ္ဇာက ကောင်းသည်ဟု ထင်မှတ်စေသည်။

ထို့ကြောင့် တဏှာက ထိုအာရုံခံစားခြင်းကို နှစ်သက်တွယ်တာနေသည်။ အသစ် အသစ်ရရန် ဆာလောင်မွတ်သိပ်နေသည်။ တဏှာရင့်လာသောအခါ စွဲလမ်းမှု ဥပါဒါန် ဖြစ်လာသည်။ မီးစမှ မီးတောက်ဖြစ်လာသကဲ့သို့ပင် ဖြစ်ပါသည်။

ဤတဏှာဥပါဒါန်တို့ကြောင့် သတ္တဝါတို့သည် ကာမအာရုံများကို ထပ်ကာ ထပ်ကာ ခံစားနိုင်ရေးအတွက် ကောင်းမှုကံများ (ပုညာဘိသင်္ခါရ)ကို အားထုတ်ပြုလုပ်ကြသည်။ မသိမှုအဝိဇ္ဇာကြောင့် မကောင်းမှုကံများ (အပုညာဘိ သင်္ခါရ)ကို အားထုတ်ပြုလုပ်ကြသည်။

သို့အတွက် သင်္ခါရနှင့် ကမ္မဘဝတည်းဟူသော ကမ္မဝဋ်သည် ဖြစ်ပေါ်လာရပြန်သည်။ ဤကမ္မဝဋ် (ကံ)သည် မျိုးစေ့နှင့်တူသည်။

အဝိဇ္ဇာသည် မြေနှင့်တူသည်။

တဏှာဥပါဒါန်သည် ရေနှင့်တူသည်။

မျိုးစေ့သည် မြေ၊ ရေနှင့် ထိတွေ့သည့်အခါ အပင်သစ် ပေါက်လာသကဲ့သို့ ကမ္မဝဋ်သည်လည်း အဝိဇ္ဇာတဏှာဥပါဒါန်တို့

www.burmeseclassic.com

www.burmeseclassic.com



အထောက်အပံ့ရသည့်အခါ အပင်သစ်ဟူသော ဝိပါကဝဋ်ကို ပေါက်ဖွားစေပါတော့သည်။

ဝိပါကဝဋ်တွင် ဥပပတ္တိဘဝဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏဟူသော အကျိုးတရားများ ပါဝင်ကြသည်။ ထိုအတွက် ကိလေသဝဋ်ရှိလျှင် ကမ္မဝဋ်ဖြစ်သည်။

ကမ္မဝဋ်ရှိလျှင် ဝိပါကဝဋ်ဖြစ်သည်။

ဝိပါကဝဋ်ဖြစ်လျှင် ကိလေသဝဋ် ဖြစ်ပေါ်ပြန်သည်။ ဤသို့လျှင် ဝဋ်သုံးပါး၊ ဘဝသံသရာစက်ကြီးသည် စက်ဘီးပမာ ချာချာလည်သကဲ့သို့ နိဗ္ဗာန်မရောက်မချင်း လည်နေတော့သည်။

မြတ်စွာဘုရားရှင်သည် သတ္တဝါတို့၏ သံသရာလည်မှု၊ အစမထင်မှုကို အနမတဂ္ဂသုတ်၊ တိဏကဋ္ဌသုတ်၊ ပထဝီသုတ်တို့၌ အောက်ပါအတိုင်း ဟောကြားထားခဲ့ပါသည်–

"ရဟန်းတို့၊ သံသရာ၏အစကို မသိနိုင်၊ အဝိဇ္ဇာဖုံးကွယ် အပ်ကုန်၏။ တဏှာနှောင်ကြိုးဖြင့် ဆွဲချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးလွှားကျင်လည်ရသော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်နိုင်ချေ။

"ရဟန်းတို့၊ ဥပမာသော်ကား–ယောကျ်ားတစ်ယောက်သည် ဤဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှသော ထင်း၊ မြက်၊ သစ်ခက်၊ သစ်ရွက်များကို ဖြတ်၍ တပေါင်းတည်း စုထားပြီးလျှင် လက်လေးသစ်မျှ ကျည်းသားလောက်ပြု၍ ဤကား ငါ့အမိ၏

www.burmeseclassic.com

www.burmeseclassic.com



အမိ စသည်ဖြင့် ချဲ၍ ရေတွက်သော် ဤဇမ္ဗူဒိပ်ကျွန်း ရှိသမျှ ထင်း၊ သစ်ခက်၊ သစ်ရွက်တို့သာ ကုန်သွားမည်။ ထိုယောကျ်ား၏အမိ အဆက်ဆက်တို့ကား မကုန်နိုင်သည်သာတည်း။

"ထို့အတူ မဟာပထဝီမြေကြီးကို ဆီးစေ့လောက်၊ ဆီးစေ့လောက် အလုံးငယ်များပြုကာ ဤကား ငါ၏အဖ၊ ဤကား ငါ့အဖ၏အဖ စသည်ဖြင့် ချဲ၍ ရေတွက်အပ်သည်ရှိသော် ဤပထဝီမြေကြီးသာ ကုန်ရာ၏။ ထိုယောကျ်ား၏ အဖ အဆက်ဆက်ကား မကုန်နိုင်ရာတည်း။

"ရဟန်းတို့၊ အစမထင်အောင် ရှည်လျားလှသော သံသရာကြော၌ ကျင်လည်ခဲ့ရသော သတ္တဝါတစ်ဦးစီ၏ ငိုကြွေးခဲ့ရသော မျက်ရည်နှင့် သောက်စို့ခဲ့ရသော နို့ရည်တို့သည်ကား သမုဒ္ဒရာလေးစင်ရှိ ရေပမာဏမက များပြားကုန်၏"

သရက်ပင်တစ်ပင်၏ သံသရာကို လေ့လာလျှင်-

- ယခု သရက်ပင်သည် ယခင်သရက်စေ့မှပေါက်သည်။
- ထိုသရက်စေ့သည် ယခင်သရက်ပင်မှ ဖြစ်ပေါ်လာ၏။
- ယခင်သရက်ပင်သည် တစ်ဖန် ယင်းထက်ပို၍ရှေးကျသော သရက်စေ့မှပေါက်၏။

ထိုရှေးကျသော သရက်စေ့မှာ တစ်ဖန် ပို၍ ရှေးကျသော သရက်ပင်မှ ဖြစ်ထွန်း၏။ ဤသို့လျှင် သရက်ပင်၏ ရှေးအစွန်းသည် အစမထင်နိုင်အောင် ရှည်လျားသည်။ သရက်ပင်မှ

www.burmeseclassic.com

www.burmeseclassic.com



သရက်စေ့ ဖြစ်ထွန်းပြီး ထိုသရက်စေ့မှ သရက်ပင် အသစ်ပေါက်ပြန်၏။

အသီးသီးပြီးလျှင် အစေ့ဖြစ်ပေါ်လာပြန်၏။

ထိုအစေ့မှ အပင်ပေါက်ပြီး အသီးပြန်သီးပြန်၏။

အစေ့ဖြစ်လာပြန်၏၊ အစေ့မှ အပင်ပေါက်ပြန်၏။

ဤသို့လျှင် သရက်ပင်၏ အနာဂတ်အစွန်းသည်လည်း မထင်ရှားပါချေ။ အလားတူ သတ္တဝါတစ်ဦးစီ၏ သံသရာသည်လည်း ဤသို့ပင် အစအဆုံး မထင်ပါချေ။

ဤဘဝ၏ အတိတ်ဘဝ ရှိခဲ့သလို ထိုအတိတ်ဘဝ၏ အတိတ်ဘဝသည်လည်း ရှိပေမည်။ ထို့အတူ ဒုတိယ၊ တတိယ အတိတ်ဘဝ၏ အတိတ်ဘဝများသည်လည်း ရှိရပေမည်။

သို့အတွက် သတ္တဝါ၏ ရှေးဘဝအစွန်းသည် မထင်ပါချေ။

ယခုဘဝ၏ အနာဂတ်ဘဝသည်လည်း ရှိမည်။

အလားတူ အနာဂတ်၏ နောက်အနာဂတ်ဘဝ အဆက်ဆက်များလည်း ရှိပါမည်။

သို့အတွက် အနာဂတ်ဘဝ အစွန်းသည်လည်း မထင်ပါချေ။ လူတစ်ဦးစီ၏ မိဘာဘိုးဘွား အစဉ်အဆက်သည် အစမထင်အောင် ရှည်လျားသကဲ့သို့ ထိုသူ၏ သားစဉ်မြေးဆက်သည်လည်း အဆုံးမထင်နိုင်အောင် ရှည်လျားပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ပရမတ်သဘောအရ ဘဝကူးပြောင်းပုံ

သတ္တဝါတစ်ဦးသည် သေလုနီးကာလအချိန်တွင် သေနိမိတ် (မရဏာသန္နနိမိတ်) ထင်လာသည်။

သတ္တဝါတစ်ဦးတွင် ပြုထားသော ကုသိုလ်ကံ၊ အကုသိုလ်ကံ အမြောက်အမြားရှိရာ ထိုကံများအနက်မှ နောင်ဘဝတွင် အကျိုးပေးတော့မည့်ကံ တစ်ခုသည် ထင်ထင်ရှားရှား ထွက်ပေါ်လာပါသည်။

နေကွယ်ချိန်တွင် တောင်ကြီး၏အရိပ်သည် တောင်၏ရှေ့ မျက်နှာစာ အားလုံးကို ဖုံးအုပ်သွားသကဲ့သို့ အကျိုးပေးတော့မည့် ကံအစွမ်းသည် အခြားကံအားလုံး၏ အစွမ်းသတ္တိကို လွှမ်းမိုးသွားလေသည်။

ထိုအခါ ထိုကံကို ပြုလုပ်စဉ်က ဖြစ်ပေါ်ခဲ့သော စိတ်စေတနာတို့သည် ထိုစဉ်ကအတိုင်း ဖြစ်ပေါ်လာသည်။ ထိုသို့ဖြစ်ပေါ်လာသည်ကို ကံနိမိတ်ထင်သည်ဟု ဆိုပါသည်။

ထိုကံကို ပြုလုပ်စဉ်အခါက မြင်တွေ့ခဲ့ရသော ရှုခင်းများ၊ ကြားသိခဲ့ရသော အသံများ၊ နမ်းရှူခဲ့ရသော အနံ့များ၊ စားသောက်ခဲ့ရသော အရသာအမျိုးမျိုးတို့သည် ထိုစဉ်ကအတိုင်းပင် မနေဘဲ ပေါ်ပေါ်ပါ ထင်ပေါ်လာသည်။

ထိုထင်ပေါ်လာမှုကို ကမ္မနိမိတ် ထင်သည်ဟု ဆိုပါသည်။

အကျိုးပေးတော့မည့်ကံ အစွမ်းသတ္တိကြောင့် လားရောက်ရ

www.burmeseclassic.com

www.burmeseclassic.com


မည့် ဘုံဌာန ဥပမာ–နတ်ပြည်သို့သွားမည့်သူသည် နတ်သမီး နတ်သား၊ နတ်ဗိမာန်၊ ပဒေသာပင်၊ ဥယျာဉ် စသည်တို့ကို မြင်ရသည်။

ငရဲသွားမည့်သူသည် ငရဲမီးလျှံ၊ ခွေးနက်ကြီး စသည်တို့ကို မြင်ရသည်။ ပြိတ္တာဘုံသွားမည့်သူသည် တော၊ တောင်၊ လိုဏ်ဂူ စသည်များကို မြင်သည်။

လူ့ပြည်သို့ ပြန်လာမည့်သူသည် အမိဝမ်းရေကို မြင်ရသည်။ ဤသို့မြင်လာ ထင်လာသည်ကို ဂတိနိမိတ် ထင်သည်ဟု ဆိုပါသည်။

ဤသည်တို့မှာ နောင်ဘဝကူးမည့် သတ္တဝါတို့ မလွဲမသွေ တွေ့ကြုံရမည့် အကြောင်းများ ဖြစ်ပါသည်။

ရုတ်တရက် သေဆုံးသူများသည် နိမိတ်ထင်ပြီးမှ ဘဝကူး ပါသည်။ စိတ်သည် အလွန်လျင်မြန်ပါသည်။ စိတ်သည် လက် ဖျောက်တစ်ချက် တီးချိန်၌ ကုဋေတစ်သိန်း ဖြစ်ပျက်သွား နိုင်သည်ဟု ဆိုထားရာ မည်မျှပင် ဆောလျင်စွာ သေစေရစေကာမူ သေခါနီး နိမိတ်အာရုံသည် ထင်လာရမြဲ ဖြစ်ပါသည်။

ထိုနိမိတ်များ၌ ပဋိသန္ဓေ(ဝါ) မနောဒွါရ ထင်လာသောအခါ မရဏာသန္နဝီထိ (သေရာခရီးစဉ်)သည် ဖြစ်၏။

ထိုဝီထိ(ခရီးစဉ်)သည် ဖြစ်သည့်အချိန်၌ စိတ်များနှင့် ဟဒယဝတ္ထုတို့သည် ခွန်အားလျော့နည်းလည်းသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဇော(၅)ကြိမ်သာ ဇောလေ့ရှိသည်။ မနောဒွါရ၌ မရဏာသန္န နိမိတ်ထင်လာသည့်အခါ မရဏာသန္နဝီထိ (သေခရီးစဉ်) ဖြစ်ပုံမှာ-

အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရဝဇ္ဇန်း ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ တဒါရုံ၊ တဒါရုံ၊ ဘဝင်၊ စုတိ၊ ပဋိသန္ဓေ၊ ဘဝင်။

အတီတဘဝင်စိတ်သည် မနောဒွါရ၌ နိမိတ်ဝင်ရောက်တိုက်ခတ်လာသည့်အခိုက် ဖြစ်သည်။

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ -(လှုပ်သောဘဝင်နှင့် ပြတ်သောဘဝင်)

- မနောဒွါရ၌ နိမိတ်အာရုံထင်ရှားလာသည့်အတွက်
- ဘဝင်စိတ်နှစ်ကြိမ်လှုပ်ပြီး ဘဝင်စိတ်အစဉ် ပြတ်သွားခြင်းဖြစ်သည်။

မနောဒွါရဝဇ္ဇန်း စိတ် - ထင်ပေါ်လာသော အာရုံကို နှလုံးသွင်းဆင်ခြင်ပြီး ဆုံးဖြတ်သည်။

ဇောစိတ် - ထင်လာသောအာရုံကို အရှိန်အဟုန်နှင့် ခံစားသောစိတ်ဖြစ်သည်။ ယင်းသည် ငါးကြိမ်ဆက်ဖြစ်သည်။

တဒါရုံစိတ် - အရှိန်အဟုန်နှင့်ဖြစ်နေသော ဇောစိတ်နောက်သို့ လိုက်ပါခြင်းဖြစ်သည်။ နှစ်ကြိမ်ဖြစ်သည်။

ထို့နောက် ဘဝင်စိတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နောက်ဆုံးစုတိစိတ်ဖြစ်ကာ ဘဝချုပ်သည်။

ပဋိသန္ဓေစိတ် = နောက်ဘဝကူးမည့် ပဋိသန္ဓေစိတ် ဖြစ်သည်။

ဘဝသစ်၌ ပဋိသန္ဓေနိမိတ်ထင်ပေါ်လာခြင်းသည် မသိမသာ အဆင့်ဆင့် အားနည်းသွားလျှင် အတိတဘဝင် (၂)ချက် (သို့မဟုတ်) (၃)ချက် (သို့) (၄)ချက် လွန်ပြီးသောအခါမှ အာရုံထင်ရှားလာပါသည်။

ထို့နောက် ဘဝင်နှစ်ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် မနောဒွါရ ဝဇ္ဇန်းစိတ်နှင့် ဇောစိတ်တို့သည် ဖြစ်ရိုးဖြစ်စဉ်အတိုင်း ဖြစ်ပေါ်ကြသည်။

ဖော်ပြပါ မရဏာသန္နဝီထိ (သေခရီးစဉ်)၌ ယခုဘဝင်၏ သေစိတ် (စုတိစိတ်)ဖြစ်သည်နှင့် တစ်ပြိုင်နက် နောက်ဘဝ၏ ပဋိသန္ဓေစိတ်သည် အခြားမရှိဘဲ ဖြစ်ပေါ်လာပါသည်။

နတ်ပြည်ရောက်မည့်သူသည် ချက်ချင်း ဥပပတ်ပဋိသန္ဓေဖြင့် သွားခန့် သွားဖြစ်ပါသည်။ ဘဝသစ်ဖြစ်ခြင်းဟူသော ပဋိသန္ဓေစိတ်ဟူသည်မှာလည်း ဥပါဒ်၊ ဌီ၊ ဘင်၊ ဖြစ်–တည်–ပျက်၊ ခဏများဖြင့် အလွန်လျင်မြန်စွာ ပြောင်းလဲနေသောစိတ်ခဏတို့က ဖြစ်–တည်–ပျက်အားဖြင့် ဆက်စပ်ဖြစ်ပေါ်သွားခြင်း ဖြစ်ပါသည်။

ဥပါဒ်၊ ဌီ၊ ဘင်(ဖြစ်–တည်–ပျက်)အားဖြင့် အလွန်လျင်မြန်စွာ ပြောင်းလဲနေသော စိတ်အစဉ်၌ ကံတို့၏ စွမ်းအားသတ္တိသည် အကြောင်းအကျိုး အမျိုးမျိုး နှီးနွှယ်ဆက်စပ်လျက် ပါဝင်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



ထိုကံတို့၏ စွမ်းအား မကုန်ပြတ်သရွေ့ ဘဝတို့သည် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်နေပေမည်သာ ဖြစ်သည်။

(ဗုဒ္ဓဘာသာတို့ ယုံကြည်နေသော သေပြီးနောက် အိမ်မှာ ခုနစ်ရက်နေသည်ဟူသော အယူအဆမှာ မှားပါသည်။ သေပြီးနောက် မကျွတ်ခြင်းဟူသည် ပြိတ္တာဘုံသို့ ရောက်သွားသော ကြောင့်သာ ဖြစ်ပါသည်။ (ဝါ) ပြိတ္တာဘဝ ရောက်သွားခြင်းမျှသာ ဖြစ်ပါသည်။)

ထိုသို့ စုတိမှ ပဋိသန္ဓေစိတ်အသစ် ပြောင်းရာတွင် ပထမစိတ်တွင်ရှိသော ကံအစွမ်းသတ္တိ၊ အကျင့်စရိုက်၊ အထုံအလေ့ရှိသော အစွမ်းသတ္တိသည် နောက်စိတ်သို့ ပစ္စဒ်န်း(၂၄)ပစ္စည်းအရ ကူးပြောင်းသွားသည်။

ဤဘဝ၏ နောက်ဆုံးစုတိစိတ်သည် နောက်ဘဝ၏ ပဋိသန္ဓေစိတ်မဟုတ်ပါ။ ထိုစိတ်နှစ်ခုသည် တစ်သီးတခြားစီ ဖြစ်ပါသည်။

သို့သော် ဤဘဝ၏ စုတိစိတ်၌ ရရှိသွားသော အစွမ်းသတ္တိများသည် နောက်ဘဝ၏ ပဋိသန္ဓေစိတ်သို့ ပဋ္ဌာန်းနည်းအရ ကူးပြောင်းသွားခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ နောင်ဘဝ၌ ပဋိသန္ဓေနေသူသည်

- ရှေးဘဝက သေဆုံးခဲ့သူလည်းမဟုတ်။
- တသီးတခြားလည်းမဟုတ်။

ထိုနှစ်ဦးသည် စိတ္တနိယာမ ကမ္မနိယာမတို့၏ အစွမ်းသတ္တိဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်နေကြသူများပင် ဖြစ်ပါသည်။

ဤနေရာ၌ မိလိန္ဒ ပဥှာပါ မိလိန္ဒမင်းအမေးနှင့် ရှင်နာဂသိန်တို့၏ အဖြေက ပိုမိုထင်ရှားလှပါသည်။

"အရှင်ဘုရား...ပဋိသန္ဓေနေဆဲသူသည် သေခဲ့သည့် လူဟောင်းလော၊ သို့မဟုတ် တစ်ပါးသောလူသစ် ဖြစ်ပါသလော"

"မင်းကြီး ပဋိသန္ဓေနေသောသူသည် ရှေးလူဟောင်းလည်း မဟုတ်၊ တစ်ပါးသောလူသစ်လည်းမဟုတ်ပါ"

"အရှင်ဘုရား ထင်ရှားအောင် ပြပါဦး"

"မင်းကြီး သင်သည် အိပ်ရာထက်၌ ပက်လက်အိပ်ခဲ့သော သူငယ် ဖြစ်ခဲ့ဖူး၏။ ယခုခါ သင်သည် ထိုရှေးဟောင်းသူငယ်လော"

"အရှင်ဘုရား...ယခု တပည့်တော်သည် ထိုသူငယ်မဟုတ်ပါ။ အိပ်ရာထက်၌ ပက်လက်အိပ်သောအခါကာလသည် တစ်ပါး၊ ယခု ကြီးရင့်သောအခါကာလသည်တစ်ပါး ဖြစ်ပါသည်ဘုရား။ ကာလပြောင်းခဲ့ပါပြီဘုရား"

"မင်းကြီး ထိုသို့ဆိုလျှင် သူငယ်၏မိခင်သည် တစ်ဦး၊ ယခုကြီးရင့်သော သင်မင်းကြီး၏ မိခင်သည် တစ်ဦး ဖြစ်နေသည်။ သင်သည် မိခင်နှစ်ဦးရှိပါသလော"

"အရှင်ဘုရား...မိခင်တစ်ဦးသာ ရှိပါသည်"

"မင်းကြီး ဥပမာ တစ်ခု ထပ်မေးပါမည်။ သင်သည်

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်က ပညာသင်ကြားခဲ့၏။ ထိုပညာသင်သူသည် တခြားယခုပညာတတ်နေသော သင်မင်းကြီးက တခြားလော"

"အရှင်ဘုရား မဟုတ်ပါ။ ပညာသင်ယူသူသာလျှင် ပညာတတ်ရမည်ဖြစ်၍ ပုဂ္ဂိုလ်တစ်ဦးသာ ဖြစ်နိုင်ပါသည်"

"မင်းကြီး အိပ်ရာထက်၌ ပက်လက်အိပ်ခဲ့သော ကလေးသည် သင်မင်းကြီး မဟုတ်လျှင် ပညာသင်သော သူငယ်သည်လည်း သင်မင်းကြီး မဖြစ်တန်ရာ။ ပညာသင်သောသူငယ်သည် သင်မင်းကြီးဖြစ်လျှင် ပက်လက်အိပ်သော ကလေးသည်လည်း သင်မင်းကြီး ဖြစ်တန်ရာ၏။ သင်၏အဖြေသည် နှစ်မျိုး မဖြစ်သင့်ပါ"

"အရှင်ဘုရား...ဤအရာကို မည်သို့ မှတ်ရပါမည်နည်းဘုရား"

"မင်းကြီး ပက်လက်အိပ်သော ကလေးသည် ယခု သင်မင်းကြီး မဟုတ်သလို စာသင်သောသူငယ်သည်လည်း ယခု သင်မင်းကြီး မဟုတ်ပါ။ သို့သော် ထိုကလေးသူငယ်တို့နှင့် ကင်း၍လည်း သင်မင်းကြီး မဖြစ်နိုင်ပါ။ ထို့ကြောင့် သင်မင်းကြီးသည် ရှေးသူငယ်လည်း မဟုတ်၊ တစ်ပါးလူသစ်လည်း မဟုတ်ပါ"

"အရှင်ဘုရား...ထိုစကားကို ဥပမာဖြင့် ရှင်းပါဦးဘုရား"

"မင်းကြီး...ယောကျ်ားတစ်ယောက်သည် ဆီမီးညှိထွန်းထား၏။ ညဉ့်ဦးယံ၌တောက်သော ဆီမီးသည် သန်းခေါင်ယံ၌တောက်သော ဆီမီးလော"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား မဟုတ်ပါ"

"မင်းကြီး...ဤသို့ဆိုလျှင် ထိုဆီမီးနှစ်ခုတို့သည် တသီးတခြားစီ ဖြစ်ပါသလော"

"အရှင်ဘုရား တသီးတခြား ဖြစ်သည်ဟူ၍ မဆိုသာပါ။ ပထမဆီမီးကို အမှီပြု၍ ဆီမီးသည် တစ်ညပတ်လုံး လင်းနေပါသည်"

"မင်းကြီး မှန်ပေ၏။ ညှို့ဦးယံက မီးသည် တောက်လောင်ကုန်ဆုံးသွားပြီဖြစ်၍ သန်းခေါင်ယံမီးတောက်အဖြစ်သို့ မရောက်နိုင်ပါ။ ညှို့ဦးယံမီးတောက်နှင့် ကင်း၍လည်း သန်းခေါင်ယံမီးတောက်သည် ဖြစ်မလာနိုင်ပါ။ မင်းကြီး ထို့အတူပင် ပရမတ္ထတရားအစဉ်သည် ဖွဲ့ယှက်၍ဖြစ်၏။ တစ်ပါးသောတရားသည် ဖြစ်ဆဲဖြစ်၏။ တစ်ပါးသောတရားသည် ချုပ်ဆဲဖြစ်၏။ မရှေးမနှောင်း စပ်ကာစပ်ကာဖြစ်၏။ ထို့ကြောင့် စုတေခဲ့သော ရှေးလူဟောင်းသည်လည်း ပဋိသန္ဓေမနေ၊ တစ်ပါးသောသူသည်လည်း ပဋိသန္ဓေ မနေပါ။ ရှေးဖြစ်သော ဝိညာဉ်သည် နောက်ဖြစ်သော ဝိညာဉ်ကို ထောက်ပံ့ခြင်း ဖြစ်၏"

"အရှင်ဘုရား...အဘယ်တရားသည် ပဋိသန္ဓေနေပါသနည်း"

"မင်းကြီး...နာမ်ရုပ်တရားသည် ပဋိသန္ဓေနေပါ၏"

"အရှင်ဘုရား...ပစ္စုပ္ပန်နာမ်ရုပ်ဖြင့် ပဋိသန္ဓေမနေ၍ ပစ္စုပ္ပန်နာမ်ရုပ်ဖြင့် ကောင်းသောကုသိုလ်ကံ၊ မကောင်းသော အကုသိုလ်

www.burmeseclassic.com



ကံ ပြု၏။ ထိုကံဖြင့် တစ်ပါးသောနာမ်ရုပ်သည် ပဋိသန္ဓေနေ၏”

“အရှင်ဘုရား…ဤပစ္စုပ္ပန်နာမ်ရုပ်သည် အကယ်၍ ပဋိသန္ဓေဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည် မကောင်းမှုကံ၏ အကျိုးပေးခြင်းမှ လွတ်မြောက်ရာ၏”

“မင်းကြီး…ပစ္စုပ္ပန်နာမ်ရုပ်သည် အကယ်၍ ပဋိသန္ဓေဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည် မကောင်းမှုကံ၏ အကျိုးပေးခြင်းမှ လွတ်မြောက်ရာ၏။

“မင်းကြီး…ပစ္စုပ္ပန် ကံကို အကြောင်းခံပြု၍ ပဋိသန္ဓေသစ်ဖြစ်ရသောကြောင့် မကောင်းမှုကံ၏ အကျိုးပေးခြင်းမှ မလွတ်မြောက်နိုင်ပါ”

“အရှင်ဘုရား…ထိုစကားကို ဥပမာဖြင့် ထင်ရှားအောင်ပြပါဦးဘုရား”

“မင်းကြီး…ဥပမာဆိုသော် ယောကျ်ား တစ်ယောက်သည် တခြားတစ်ယောက်၏ သရက်ပင်မှ သရက်သီးများကို ခိုးယူ၏။ ပိုင်ရှင်က ခိုးသူယောကျ်ားကို ဖမ်းဆီးပြီးလျှင် သင်မင်းကြီးထံ ခေါ်ဆောင်လာငြားအံ့၊ သင်က စစ်ဆေးသောအခါ သူခိုးက–

“အရှင်မင်းကြီး ဤသူ၏ သရက်သီးကို ကျွန်တော်မျိုး မခိုးယူပါ။ ဤသူစိုက်ပျိုးသော သရက်သီးသည် တခြား၊ ကျွန်တော်မျိုးဆွတ်ခူးသော သရက်သီးသည် တခြားသာတည်းဟု ဆိုငြားအံ့၊ ထိုယောကျ်ားအား မင်းဒဏ်မှ လွတ်ပါမည်လော”

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား မလွှတ်နိုင်ပါ။ မူလစိုက်ပျိုးသော သရက်သီးကို အကြောင်းပြု၍ သရက်ပင်နှင့် သရက်သီးသစ်များ ဖြစ်လာကြရသည်။ ဤသရက်သီးသစ်များကို ခြံပိုင်ရှင်က ပိုင်ဆိုင်သည်သာတည်း။ သို့တွက် ခိုးသူသည် မင်းဒဏ်သင့်ပါသည်"

"မင်းကြီး...ထို့အတူပင် ပစ္စုပ္ပန်နာမ်ရုပ်ဖြင့် အကုသိုလ်ကံပြုလုပ်သူသည် ထိုကံ၏အစွမ်းဖြင့် ရုပ်နာမ်အသစ် ဖြစ်ရပြီး ထိုအကုသိုလ်ကံ အကျိုးကို ခံစားရပါသည်"

"အရှင်ဘုရား...ဤပစ္စုပ္ပန်ဘဝမှ နာမ်ရုပ်တို့သည် ဘဝသစ်သို့ မကူးပြောင်းဘဲ ပဋိသန္ဓေ နေပါသလော"

"မင်းကြီး...မှန်၏။ ပစ္စုပ္ပန်ဘဝ၏ နာမ်ရုပ်တို့သည် ကူးသန်းခြင်းမရှိဘဲ ပဋိသန္ဓေနေရ၏"

"အရှင်ဘုရား...အဘယ့်ကြောင့် မကူးဘဲ ပဋိသန္ဓေ နေရပါသနည်း"

"မင်းကြီး...လုံမငယ်တစ်ဦးသည် ဆီမီးခွက်တစ်ခုမှ မီးဖြင့် အခြားဆီမီးခွက်တစ်ခုသို့ ထွန်းညှိ၏။ ပထမဆီမီးခွက်သည် ဒုတိယ ဆီမီးခွက်သို့ ကူးပြောင်းသွားပါသလော"

"အရှင်ဘုရား...မကူးပြောင်းပါ"

"မင်းကြီး...ထို့အတူပင် ဘဝဟောင်းမှ မပြောင်းဘဲ ဘဝသစ်ဖြစ်၏"

"အရှင်ဘုရား...ဥပမာဖြင့် ပြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြီး...သင်ငယ်စဉ်အခါက ဆရာသမားများထံ သင်ကြားခဲ့သော အတတ်ပညာများ ရှိသလား"

"အရှင်ဘုရား...ရှိခဲ့ပါ၏"

"မင်းကြီး...ထိုအတတ်များသည် ဆရာများထံမှ သင့်ထံသို့ ကူးပြောင်းလာပါသလား"

"အရှင်ဘုရား...မကူးပြောင်းလာပါ"

"မင်းကြီး...ထို့အတူပင် ဘဝဟောင်းမှ ဘဝသစ်သို့ မကူးပြောင်းဘဲ ပဋိသန္ဓေအသစ် ဖြစ်၏"

"အရှင်ဘုရား...ဥပမာ ထပ်ပြပါဦး"

"မင်းကြီး...တံဆိပ်ခတ်နိုပ်သဖြင့် တံဆိပ်ရာထင်သည့်အခါ တံဆိပ်တုံးမှ တစ်စုံတစ်ခုသော ပစ္စည်းသည် တံဆိပ်ခတ်လိုက်သော ဝတ္ထုပေါ်သို့ ကူးပြောင်းသွားသလော"

"အရှင်ဘုရား...မကူးပြောင်းပါ။ တံဆိပ်တုံး၏ မျက်နှာပြင်ကို အကြောင်းပြု၍ တံဆိပ်ရာထင်လာခြင်းသာ ဖြစ်ပါသည်ဘုရား"

"မင်းကြီး...ဤအတူပင် ဘဝဟောင်းမှ ပြုလုပ်ခဲ့သောကံကို အကြောင်းပြု၍ ဘဝသစ် ဖြစ်ပေါ်လာသည်။ ဘဝဟောင်းမှ နာမ်ရုပ်များသည် ဘဝသစ်သို့ ကူးပြောင်းခြင်း မရှိပါ"

ဘဝကူးပြောင်းသည့်အခါ ဤဘဝမှ စုတိစိတ်ဖြစ်ပြီး နောက်ဘဝ၌ ပဋိသန္ဓေစိတ် ဖြစ်လာခြင်းသည် စိတ်အစဉ်အတန်းကြီး၌ စိတ်တစ်လုံးဖြစ်ပျက်ပြီးနောက် စိတ်သစ်တစ်လုံး ဖြစ်ပေါ်ခြင်း သဘောပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘဝဟောင်းကို ပြန်ပြောင်းသိမှု

ဤသတ္တလောကတွင် လူဖြစ်စေ၊ နတ်ဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ အတိတ်ဘဝမှ သေလွန်ပြီးနောက် ယခုပစ္စုပ္ပန်ဘဝတွင် လူပြန်ဖြစ်ပြီးနောက် ရှေးဘဝအကြောင်းကို ပြန်ပြောင်းပြောဆိုတတ်သူများ ရှိကြပါသည်။

ဤသည်ကို ဗုဒ္ဓဘာသာ၌ ဗုဒ္ဓဟောကြားချက်အရ ဇာတိဿရဉာဏ်ရ ပုဂ္ဂိုလ် (ဘဝဟောင်းကို ပြန်လည်သတိရသောဉာဏ်ရှိသူ) (လူ့ဝင်စား)ဟု ခေါ်ဆိုကြပါသည်။

အတိတ်ဘဝကို ဇာတိဿရဉာဏ်ဖြင့် တစ်ဘဝသိသူ၊ တစ်ဘဝထက် ပိုသိသူ များစွာရှိကြောင်း ကျမ်းဂန်တို့၌ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ထိုဇာတိဿရဉာဏ်ထက် အဆင့်မြင့်သော ပုဗ္ဗေနိဝါသဉာဏ်ဖြင့် လွန်လေပြီးသော အတိတ်ဘဝပေါင်းများစွာကို သိမြင်နိုင်သည်ဟူ၍ ကျမ်းဂန်များ၌ ဆိုထားပါသည်။

ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ဘဝဟောင်းကို သိမြင်အောက်မေ့နိုင်သော ပုဂ္ဂိုလ်များမှာ–

(၁) သာဝကများ

(၂) ပကတိသာဝကများ

(၃) မဟာသာဝကများ

(၄) အဂ္ဂသာဝကများ

www.burmeseclassic.com

www.burmeseclassic.com



(၅) ပစ္စေကဗုဒ္ဓါများ

(၆) သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ ဖြစ်ကြပါသည်။

သာသနာပရသေ့များသည် လွန်လေပြီးသော ကမ္ဘာ(၄၀)တိုင်အောင် မိမိတို့၏ ရှေးဘဝများကို အောက်မေ့နိုင်ကြသည်။

ထိုသူတို့သည် နာမ်ရုပ်ကို ပိုင်းခြားသိသော ဉာဏ်ကင်းကြသည့်အတွက် ပညာအားနည်းကြသည်။

ထို့ကြောင့် ကမ္ဘာ(၄၀)ထက်ကျော်လွန်၍ မိမိတို့၏ အတိတ်ဘဝကို မမြင်မသိနိုင်ကြဟု ဆိုပါသည်။

ဘုရားရှင်၏ ပကတိသာဝကများသည် ပညာအားကောင်းကြသောကြောင့် လွန်လေပြီးသော ကမ္ဘာ(၁၀၀)သို့မဟုတ် ကမ္ဘာတစ်ထောင် မိမိတို့၏ ဘဝဟောင်းများကို သိမြင်နိုင်ကြပါသည်။

အဂ္ဂသာဝက နှစ်ပါးသည် ကမ္ဘာပေါင်း တစ်သင်္ချေနှင့် တစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြသည်။

ပစ္စေကဗုဒ္ဓါတို့သည် ကမ္ဘာပေါင်း နှစ်သင်္ချေ တစ်သိန်းတိုင်အောင် မိမိတို့၏ ဘဝဟောင်းများကို အောက်မေ့နိုင်ပါသည်။

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ကမူ ကမ္ဘာအပိုင်းအခြားမရှိ၊ မိမိအလိုရှိသလောက် မိမိတို့၏ အတိတ်ဘဝကို လည်းကောင်း၊ အခြားသတ္တဝါတို့၏ အတိတ်ဘဝကိုလည်းကောင်း အောက်မေ့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဇာတိဿရဉာဏ်

ဇာတိဿရဉာဏ် ဆိုသည်မှာ ပါရမီဓာတ်ခံ အနုအရင့်ကို လိုက်၍ ဖြစ်ပါသည်။ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အတိတ်ဘဝမှ သေလွန်၍ ယခုဘဝ၌ လူပြန်ဖြစ်ပြီးနောက် ရှေးဘဝကို သိမြင်သူများကို ဇာတိဿရဉာဏ်ရသူ (ဝါ) ဇာတိဿရပုဂ္ဂိုလ် (လူဝင်စား)ဟူ၍ ခေါ်ဆိုကြပါသည်။

ယင်းဇာတိဿရဉာဏ်ကို လူသာမက ငှက်များ၊ တိရစ္ဆာန်များ ပင် ရရှိကြောင်း ဘုရားဟော ကျမ်းစာတို့၌ လာပါသည်။

ဥမင်္ဂလသုတ်အဖွင့်၌ ဥဒေါင်းငှက်မ တစ်ကောင်သည် လူ့ဘဝတုန်းက ဆွေမျိုးတော်စပ်ခဲ့ဖူးသော လူသားတစ်ယောက် သေဆုံးရာတွင် အသုဘလိုက်ပို့ကြောင်း ပါရှိသည်။

ဓမ္မပဒအဋ္ဌကထာတွင် မယားကိုစွဲသေသော လင်ယောကျ်ား သည် မြွေဘဝ၊ ခွေးဘဝ၊ နွားဘဝတို့ အသီးသီး ရောက်ခဲ့သော် လည်း မယားကို ဇာတိဿရဉာဏ်ဖြင့်သိပြီး တဏှာရမက်ဖြင့် တကောက်ကောက်လိုက်နေသည်၊ တစ်ဘဝပြီးတစ်ဘဝ အသတ် ခံရသည်ကိုပင် မှတ်မိနေသည်။

ပတိပူဇိတနတ်သမီးသည် နတ်သက်ကြွေ၍ လူ့ပြည်တွင် မိန်းမ လာဖြစ်ရာ လင်ဟောင်းနတ်သားကို ဇာတိဿရဉာဏ်ဖြင့် မှတ်မိသိရှိပြီး ထိုလင်ထံ ပြန်ရန် အမြဲ ဆုတောင်းပြီး ကုသိုလ် ဒါနပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုတ်မဟာဝါ၌ ကျီးများ၊ မြွေများသည်လည်း ဇာတိဿရ ဉာဏ်ရကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဇာတိဿရဉာဏ်ဟူသော အတိတ်ဘဝကို မြင်နိုင်သူ (ဝါ) မြင်နိုင်ခြင်းအကြောင်း (၃)ပါး ရှိပါသည်။

(၁) အတိတ်ဘဝမှ သေလွန်၍ ဥပပတ်ပဋိသန္ဓေဖြင့် နတ်ဘဝ၊ ဗြဟ္မာဘဝ၊ ပြိတ္တာဘဝ၊ ငရဲဘဝသို့ ရောက်သူများ။

(၂) အတိတ်ဘဝ၌ ခွန်အားရှိနေစဉ်အခါ လက်နက်ဘေးစသည်တို့ကြောင့် ရုတ်တရက် သေဆုံးပြီး လူ့ဘဝသို့ ပြန်ဖြစ်သူများ။

(၃) ရှေးကုသိုလ်ကောင်းမှုဖြင့် အတိတ်ဘဝကို သိရပါလို၏ဟု ဆုတောင်းရှိခဲ့သူများ။

ယနေ့ အများဆုံးတွေ့ရသော လူဝင်စားများသည် ဤအကြောင်း (၃)ပါးတွင် နံပါတ်(၂)အကြောင်းကြောင့် အတိတ်ဘဝကို ပြန်သိနိုင်ခြင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။ ကြုံတွေ့ခဲ့ရသော လူဝင်စားများ၏ အတိတ်ဘဝ ပြောပြချက် အများဆုံးသည် ရုတ်တရက် သေသူများ၊ လက်နက်ဘေးဖြင့် သေသူများက ပြန်လည်သတိရပြီး ပြောပြသူများက များပါသည်။

ထိုဇာတိဿရဉာဏ် (ဝါ) ဘဝဟောင်းကို ပြန်လည်သတိရသောအချိန်သည် မည်သည့်အချိန်၌ ရပါသနည်းဆိုသော်–

(၁) ဘုရားရှင်သည် အမိဝမ်းတွင်းသို့ဝင်ချိန်၊ ပဋိသန္ဓေဖြစ်ချိန်၊

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားချိန်မှစ၍ မည်သည့်အချိန်၌မဆို ဇာတိဿရဉာဏ်ကို ရသည်။

(၂) ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝကများသည် အမိဝမ်းတွင်းသို့ဝင်ချိန်၊ ပဋိသန္ဓေနေချိန်နှင့် ကြီးပြင်းလာသော အချိန်တို့၌သာ ဇာတိဿရဉာဏ်ကို ရနိုင်သည်။ ကျန်မွေးဖွားချိန်၌ မရပါ။

(၃) သာဝကများသည် အမိဝမ်းဝင်ချိန်၊ ကြီးပြင်းချိန်များ၌ ဇာတိဿရဉာဏ်ကို ရသည်။ ကျန်သော ပဋိသန္ဓေယူချိန်၊ မွေးဖွားချိန်၌ မရပါ။

BURMESE CLASSIC

(၄) သာမန်လူ သတ္တဝါများမှာမူ အရွယ်ရောက်၍ မြင်တတ်၊ တွေ့တတ်၊ သိတတ်သော အရွယ်သို့ရောက်မှ နောက်ကြောင်းကို တစိမ့်စိမ့်တွေးပြီး ပြန်လည်ပြောဆိုတတ်ကြပါသည်။

ဘုရားရှင်လက်ထက်၌ ဘိက္ခုနီမ တစ်ဦးသည် ဘုရားရှင်၏ တရားတော်ကို ကြားနာရစဉ် ဘုရားရှင်၏ တင့်တယ်သပ္ပာယ်သော ရူပကာယကို ဖူးမြင်ရ၍–

"ဘိဝဓေါင်းများစွာ သံသရာ၌ ကျင်လည်ခဲ့ရသော ငါသည် ဤယောကျ်ားမြတ်၏ ဇနီးမယား ဖြစ်ခဲ့ဖူးပါ၏လော"ဟု ကြံစည်စဉ်းစားမိလေသည်။

ထိုခဏ၌ပင် ဘိက္ခုနီမအား ဇာတိဿရဉာဏ်သည် ဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာကာ အတိတ်ဘဝတစ်ခု၌ ရှုဋ္ဌသုဘဒ္ဒါ အမည်ဖြင့် ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း၏ ဇနီးသည် ဆင်မ ဖြစ်ခဲ့ရသည်ကိုလည်းကောင်း၊ ဆင်မဘဝမှ စုတေ၍ ဗာရာဏသီပြည်၌ သုဘဒ္ဒါအမည်ဖြင့် ဗာရာဏသီမင်း၏ အဂ္ဂမဟေသီမိဖုရား ဖြစ်ခဲ့ရသည်ကိုလည်းကောင်း သိမြင်ရလေသည်။

(ဇာ-၄-၅၊ ၃၇ မှ ၄၀)

ဘုရားရှင်လက်ထက်၌ပင် သူငယ်တစ်ယောက်သည် မမွေးဖွားမီ အမိဝမ်းအတွင်းကပင် ဇာတိဿရဉာဏ် ဖြစ်ပေါ်လာကာ အစဉ်အတိုင်း မိမိဖြစ်ခဲ့ရသော ခွေးဘဝ၊ နွားဘဝ၊ လင်းမြွေဘဝ၊ ညီငယ်နှင့် ချစ်ကြိုက်နေသော မိမိမယား၏ တိုက်တွန်းချက်ကြောင့် ညီငယ်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသော လူ့ဘဝအစဉ်ထိ အောက်မေ့သိရှိနိုင်ခဲ့ပြီး သတိသံဝေဂရကာ မွေးရော အဘိုးပါ ရဟန်းဝတ်ပြီး ရဟန္တာ ဖြစ်ခဲ့ရသည်။

(ဓမ္မပဒအဋ္ဌကထာ-အံ-၄-၂)

ရှင်အာနန္ဒာလောင်းသည် သူတစ်ပါးသားမယားကို ရှေးပန်းတိမ်သည် သူဌေးသားဘဝတွင် ပြစ်မှားမိခဲ့၍ မိန်းမဘဝရောက်ခဲ့ရာတွင် ပထမအကြိမ် သိကြားမင်း၏ မိဖုရား ဖြစ်ခဲ့စဉ်က ဇာတိဿရဉာဏ်ဖြင့် ရှေး(၇)ဘဝ၊ နောက်(၇)ဘဝကို အောက်မေ့သိမြင်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



**အတိတ်(၇)ဘဝ**

၁။ ရာဇဂြိုဟ်ပြည် ရွှေပန်းတိမ်သည်သား

၂။ ကောသမ္ဗီသူဌေးသား

၃။ ရောရုဝငရဲသား

၄။ ဆိတ်ဖို

၅။ မျောက်ထီး

၆။ နွားထီး

၇။ နပုံးပဏ္ဍုတ်

**အနာဂတ်(၇)ဘဝ**

၁။ သိကြားမင်းမိဖုရား

၂။ သိကြားမင်းမိဖုရား

၃။ သိကြားမင်းမိဖုရား

၄။ သိကြားမင်းမိဖုရား

၅။ ဇဝနနတ်သား၏ မိဖုရား

၆။ အင်္ဂတိမင်းကြီး၏သမီးတော်

၇။ တာဝတိံသာနတ်သားဘဝ

**ပုဗ္ဗေနိဝါသအဘိညာဉ်ဉာဏ်**

ဘုရားရှင်သည် သမထကျင့်စဉ်တွင် ရူပါဝစရစျာန်လေးပါး၊ အရူပါဝစရစျာန်လေးပါးဟူသော သမာပတ်ရှစ်ပါးကို ရနိုင်သော

www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းများကိုလည်းကောင်း၊ လောကီအဘိညာဉ်ငါးပါးတို့ကို ရနိုင်သော နည်းလမ်းများကိုလည်းကောင်း ဟောကြားထားခဲ့ပါသည်။

ရှေးရှေးဘဝတို့ကို ပြန်ပြောင်းအောက်မေ့ သတိရစေသော ဉာဏ်ကို ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဉာဏ်ဟု ခေါ်ပါသည်။ ထိုပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဉာဏ်ကို အလိုရှိသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ ကသိုဏ်းဝန်းနိမိတ်တစ်ခုခုကို အထပ်ထပ်ရှုမှတ်ခြင်းဖြင့် ရူပါဝစရဈာန်လေးပါးကို ရအောင် အားထုတ်ရသည်။

ထို့နောက် ထိုဈာန်လေးပါးအနက် စတုတ္ထဈာန်ကို တည်ကြည်အောင်၊ ထက်ဝန်းကျင် စင်ကြယ်အောင်၊ နူးညံ့၍ အမှုခံအောင်၊ တည်တံ့၍ မတုန်လှုပ်အောင် ကောင်းစွာ လေ့ကျင့်ထားရပါမည်။

ထိုစတုတ္ထဈာန်သည် အဘိညာဉ်၏ အခြေခံဖြစ်သော (ပါဒက)ဈာန် ဖြစ်ပါသည်။

ပုဗ္ဗေနိဝါသအဘိညာဉ်ကို အလိုရှိ ဝင်စားလိုသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်၍ ရူပါဝစရဈာန်လေးပါးတို့ကို အစဉ်အတိုင်း ဝင်စားရပါသည်။

ထို့နောက် စတုတ္ထဈာန်မှ ထ၍ ဈာန်မဝင်စားမီ ထိုင်နေခြင်းကို ဆင်ခြင်အပ်၏။ ထိုမှ နောက်ဘက်ကာလသို့ အဆင့်ဆင့်ဆုတ်၍—

www.burmeseclassic.com

www.burmeseclassic.com



- ထိုင်နေရာခင်းခြင်း
- ထိုင်နေရာခင်းရန် ဖျာ(သားရေနွယ်)ကို ယူငင်ခြင်း
- ထိုသို့ မယူမီ အခန်းကို တံမြက်လှည်းခြင်း
- ထိုသို့ မလှည်းကျင်းမီ အခန်းတွင်းသို့ဝင်ခြင်း
- ထိုသို့ အခန်းတွင်းသို့ မဝင်မီ ရေအိမ်သို့သွား၍ ကိုယ်လက် သုတ်သင်ခြင်း
- ထိုသို့ ရေအိမ်သို့မသွားမီ ဆွမ်းသုံးဆောင်ခြင်း
- ထိုသို့ ဆွမ်းမဘုဥ်းပေးမီ ရွာမှ ဆွမ်းခံ၍ ပြန်လာခြင်း

သို့မဟုတ် လူဖြစ်လျှင် ချက်ပြုတ်ခြင်း၊ ဈေးဝယ်ခြင်း၊ မျက်နှာသစ်ခြင်း၊ အိပ်ရာထခြင်း စသည့် တစ်နေ့လုံး ပြုခဲ့သော ကိစ္စများကို နောက်ပြန်အစဥ်ဖြင့် နှလုံးသွင်းဆင်ခြင်အပ်၏။

ထို့နောက် လွန်ပြီးသော မိုးသောက်ယံ၊ သန်းခေါင်းယံ၊ ညဥ့်ဦးယံ၊ ဒုတိယနေ့၊ တတိယနေ့၊ ဆယ်ရက်မြောက်နေ့၊ လွန်ခဲ့သောလ၊ လွန်ခဲ့သောနှစ်တိုင်အောင် ပြုခဲ့ပြီးသော ကိစ္စများကို နောက်ပြန်အစဥ်ဖြင့် နှလုံးသွင်း ဆင်ခြင်အပ်၏။

ထိုသို့ဆင်ခြင်ရာတွင် တစ်စုံတစ်ခုသည် မထင်ရှားဘဲရှိလျှင် စတုတ္ထဈာန်ကို ဝင်စားပြီး ထိုဈာန်မှထ၍ နှလုံးသွင်း ဆင်ခြင် အပ်၏။

ထိုအခါ အမှောင်ထဲ၌ မီးထွန်းလိုက်သကဲ့သို့ အတိတ်အာရုံ သည် ထင်ရှားလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့သောနည်းဖြင့်ပင် လွန်ခဲ့သော ၂–နှစ်၊ ၃–နှစ်၊ ၁၀–နှစ်၊ အနှစ်–၂၀ စသည်ဖြင့် ဤဘဝ၌ ပဋိသန္ဓေ နေခဲ့သည့် ကာလတိုင်အောင် နှလုံးသွင်း ဆင်ခြင်ရ၏။

ထို့နောက်တစ်ဖန် ဤဘဝမတိုင်မီ ရှေးဘဝ၏ သေဆဲခဏ (စုတိခဏ)၌ဖြစ်သော ရုပ်နာမ်(ကိုယ်စိတ်)ကို နှလုံးသွင်း ဆင်ခြင်အပ်၏။

ပညာတတ်သောပုဂ္ဂိုလ်သည် ပထမအကြိမ်ဖြင့်ပင်လျှင် ယခုဘဝ ပဋိသန္ဓေကို ဆင်ခြင်နေရာမှ အတိတ်ဘဝ၏ သေဆဲခဏရှိ ရုပ်နာမ်ကို လှမ်းဆင်ခြင်နိုင်သည်။

သို့သော် ယခုဘဝနှင့် နောက်ဘဝသည် ခန္ဓာကိုယ်ချင်း ခြားနားခဲ့ပြီးဖြစ်၍ အတိတ်ဘဝ၏ သေဆဲခဏ၌ရှိသော နာမ်ရုပ်ကို အာရုံပြုရခြင်းသည် မှောင်အတိ လွှမ်းနေသော အလုံခန်းထဲ၌ နှမ်းစေ့တစ်စေ့ကို ရှာဖွေရသည်ထက် လွန်စွာပို၍ခက်သည်။

သို့အတွက် ပညာအားနည်းသူသည် ပထမတစ်ကြိမ်တည်းဖြင့် မမြင်နိုင်ပါ။ သို့သော် လက်မလျှော့ဘဲ စတုတ္ထဈာန်ကို အဖန်တလဲလဲ ဝင်စား၍ ထိုဈာန်မှ ထလာကာ ထိုစုတိဌာနကို နှလုံးသွင်း ဆင်ခြင်အပ်ပါသည်။

ဥပမာအားဖြင့် သစ်ပင်ကြီးတစ်ပင်ကို ပုဆိန်ဖြင့် ခုတ်လှဲနေသောသူသည် တစ်မနက်လုံး ခုတ်လှဲပါသော်လည်း အပင်ကြီးသည် မလဲပြိုသေး။ ထိုအခါ ပုဆိန်သွားသည် ပွန်းပဲ့၍တုံးယွင်းသွား၏။ ထိုသူသည် လက်မြှောက်အရှုံးမပေးဘဲ ပန်းဘဲရုံသို့သွား၍

www.burmeseclassic.com

www.burmeseclassic.com



ပုဆိန်ကို ထက်အောင်ပြုပြင်ပြီးလျှင် သစ်ပင်ကို ပြန်ခုတ်ပြန်၏။ ဤသို့ အကြိမ်ကြိမ် ကြိုးပမ်းသော် သစ်ပင်ကြီးသည် မကြာမြင့်မီ ပြိုလဲသွားသည်။

ထိုနည်းတူပင် အလွန်ထက်မြက် စူးရှလှသော အခြေခံချာန်ဖြစ်သော စတုတ္ထဈာန်ဖြင့် ဘဝနှစ်ခုကို ခြားနားထားသော ကန့်လန့်ကာအမှောင်ထုကြီးကို အကြိမ်ကြိမ် ထွင်းဖောက်သည့်အခါ မကြာခင်ပင် ထိုအမှောင်ကြီးကို ဖောက်ထွင်းကာ ရှေးဘဝ၏ သေဆဲရုပ်နာမ်ကို မြင်တွေ့ရမည် ဖြစ်ပါသည်။

အကြင်အခါ ဤအတိတ်ဘဝ သေဆဲနာမ်ရုပ်ကို အာရုံပြုလျက် မနောဒွါရဝဇ္ဇန်းခေါ် နှလုံးသွင်းဆင်ခြင်သော စိတ်သည် ဖြစ်ပေါ်လာ၏။ ထိုအခါ ရူပါဝစရ စတုတ္ထဈာန်နှင့် ယှဉ်သော အပ္ပနာဇဝနသည် ဖြစ်၏။ ထိုအပ္ပနာဇောတွင် အပ္ပနာစိတ်နှင့် ယှဉ်လျက် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် ဖြစ်၏။ ထိုဉာဏ်နှင့် ယှဉ်သော သတိဖြင့် ရှေး၌နေခဲ့ဖူးသော မြောက်မြားစွာသော ခန္ဓာအစဉ်တို့ကို အောက်မေ့နိုင်လေတော့သည်။ သမ္မာသမ္ဗုဒ္ဓ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝကာ၊ မဟာသာဝကနှင့် များစွာသော ပကတိသာဝကတို့သည် ရှေးရှေးဘဝတို့၌ ဈာန်အဘိညာဉ်ရသည့်တိုင်အောင် အားထုတ်ခဲ့ဖူးသော ပါရမီအရှိန်အဟုန်ကြောင့် ဤနောက်ဆုံးဘဝ၌ အရဟတ္တမဂ်ဉာဏ်ကို ရရှိအောင် အားထုတ်နိုင်သည်နှင့် တစ်ပြိုင်နက် အဘိညာဉ်တန်ခိုးများ ပိုင်ဆိုင်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အတိတ်ဘဝမေ့ရခြင်းအကြောင်း

သတ္တဝါတိုင်း သံသရာလည်ရာတွင် အတိတ်ဘဝများစွာ ရှိကြပါသည်။ သို့သော် ထိုအတိတ်ဘဝကို မသိသူက များပြားလှပါသည်။ အဘယ်ကြောင့် သတ္တဝါတို့ အတိတ်ဘဝကို မေ့ကြပါသနည်း။ အောက်ပါအကြောင်း ငါးရပ်ကြောင့် အတိတ်ဘဝ မေ့ကြသည်ဟု ဆိုပါသည်။

၁။ သေဆုံးခြင်း (သို့မဟုတ်) သေသောက်ကြူးသူအဖြစ်မှ သေဆုံးခြင်း။

၂။ ယခုဘဝ၌ မိခင်သည် ရောဂါသည်ဖြစ်ခြင်း။

၃။ ယခုဘဝ၌ မိခင်သည် အလုပ်ကြမ်းကို လုပ်ရသူဖြစ်ခြင်း။

၄။ ယခုဘဝ၌ မိခင်သည် ကိုယ်ဝန်ဆောင်မှု၌ မလိမ္မာသူဖြစ်ခြင်း။

၅။ ယခုဘဝ၌ မိခင်သည် ကိုယ်ဝန်ကို ကောင်းစွာ စောင့်စည်းမှု မရှိခြင်း။

ဤအကြောင်းတို့ကြောင့် ကလေးသည် အလွန်ထိတ်လန့်ချောက်ချား၍ အတိတ်ဘဝကို မေ့လျော့သွားရ၏။

ယင်းနှင့်ပတ်သက်၍ လယ်တီပဏ္ဍိတပေါင်းချုပ်၌ ပြင်သစ်ပြည် ပါရီမြို့တော်မှ ပုဂ္ဂိုလ်များက လယ်တီဆရာတော်ထံ မေးလျှောက်သည်ကို ဆရာတော်က အောက်ပါအတိုင်း ဖြေကြားပေးခဲ့ပါသည်–

www.burmeseclassic.com

www.burmeseclassic.com



၁။ အတိတ်ဘဝ၌ နေ့ရက်ရှည်ကြာစွာ အနာရောဂါ ဖိစီး၍ ကိုယ်အားစိတ်အား နွမ်းနယ်ကုန်ခန်းပြီးမှ သေဆုံးခြင်း တစ်ပါး။

၂။ ယခုဘဝ၌ အမိဝမ်းတွင် အလွန်တရာ သေးငယ်လှသော ကလလရေကြည်အဖြစ်မှ နေ့ရက်ရှည်ကြာစွာ ကြီးထွားလာရသဖြင့် စိတ်အားသေးနုံမှေးမှိန် မိန်းမော၍နေရခြင်း တစ်ပါး။

ဤအကြောင်းနှစ်ပါးကြောင့် လူအများစုသည် ရှေးဘဝကို မေ့လျော့ကြသည်ဟု ဖြေဆိုပေးခဲ့ပါသည်။

## ဘဝသံသရာလည်မှု မဟာစည်ဆရာတော်၏ ဩဝါဒ

အာရုံဆာတဲ့ တဏှာက(ပေါနောဘဝိက) တစ်ဖန် ဘဝသစ်ကိုဖြစ်စေတတ်တယ်တဲ့။ တဏှာမကင်းသမျှ ကာလပတ်လုံး ဘဝအသစ် အသစ်တွေ ထပ်ကာ ထပ်ကာ ဖြစ်နေရမယ်။

ဒီတဏှာက နှစ်သက်တပ်မက်ခြင်း သဘောရှိတဲ့အတွက် ရောက်ရာဘဝမှာ ကိုယ့်ဘဝနှင့်ကိုယ် သာယာပြီး ပျော်မွေ့နေတယ်။ ရရာအာရုံနှင့်လည်း နှစ်သက်သာယာပြီး ပျော်မွေ့နေတယ်။ ဒီလိုနှစ်သက်သာယာပြီး ပျော်မွေ့နေသည့်အတွက် မိမိဘဝ၊ မိမိကိုယ်ကို ရှိမြဲရှိနေစေချင်တယ်။ ကောင်းတယ်ထင်တဲ့ အာရုံများကိုလည်း ရှိမြဲ ရှိနေစေချင်တယ်။ ဒီလို ရှိမြဲရှိနေအောင် ကြောင့်

www.burmeseclassic.com



ကြစိုက်ထုတ် ပြုလုပ်ရတယ်။ အဲဒီလို ပြုလုပ်တဲ့အတွက် ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ အကုသိုလ်ကံ ကုသိုလ်ကံများ ထိုက်သည့် အားလျော်စွာ ဖြစ်တယ်။

ဒါကြောင့် သေခါနီးမှာ အကျိုးပေးတော့မည့်ကံဖြစ်စေ၊ ထိုကံပြုစက ကြုံတွေ့ခဲ့ရတဲ့ အာရုံကမ္မနိမိတ်ဖြစ်စေ၊ ထိုကံကြောင့် ဖြစ်ရတဲ့ ဘဝရဲ့ ဂတိနိမိတ်ဖြစ်စေ ထင်ပေါ်လာတယ်။ အဲဒီထင်ပေါ်လာတဲ့ အာရုံကို တဏှာရှိနေတဲ့အတွက် စိတ်ထဲက စွဲနေတယ်။ ဖျောက်ဖျက်ပစ်လို့ မရဘူး။

ညနေချမ်းမှာ တောင်ရိပ်များက မြေပေါ်သို့ဖြန့်ပြီး လွှမ်းမိုးလာသလိုပဲ။ အဲဒီလို နိမိတ်အာရုံဟာ စိတ်ထဲမှာ လွှမ်းမိုးပြီး ထင်ပေါ်နေတယ်။ ဒီအာရုံ မရဏာသန္နဇောစိတ်က ဆုပ်ကိုင်ထားသလို စွဲစွဲမြဲမြဲ အာရုံပြုနေတယ်။ အဲဒီအခါမှ နောက်ဆုံးဖြစ်တဲ့ စုတိရုပ်နာမ်ချုပ်တာနဲ့ တစ်ပြိုင်နက် ထိုနိမိတ်ကိုပင် စွဲမြဲအာရုံပြုလျက် ဌာနသစ် ဘဝသစ်မှာ တည်ရာ မှီရာ ရုပ်နဲ့တကွ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာတယ်။ စိတ်ဖြစ်ရင်ယှဉ်ဘက် စေတသိက်နာမ်တွေလည်း ပါတော့တာပေါ့။ အဲဒီစိတ်နောက်မှာလည်း ကံစွမ်း ရှိသရွေ့လောက် ဘဝင်စိတ်တွေ တစ်ဘဝလုံး အဆက်မပြတ် ဖြစ်ပွားတယ်။

အဲဒီလို ဘဝသစ်ဖြစ်သွားတာ ဘာကြောင့်လဲဆိုရင် ကံနဲ့ တဏှာဆိုတဲ့ အကြောင်းနှစ်ပါးကြောင့် ဖြစ်တယ်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တဏှာမရှိရင် ကံသက်သက်က ဘဝသစ်ကို မဖြစ်စေနိုင်ဘူး။ ဒါကြောင့် ဘဝသစ်ဖြစ်ရာမှာ တဏှာက အရင်းခံ အကြောင်းပဲ။ အဲဒီလို တဏှာက ဘဝသစ်ကို ဖြစ်စေတတ်တာကြောင့် (ပေါနော ဘဝိက) တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်တယ်လို့ ဟောတာပဲ။

**ဘဝကူးမှု ဆရာတော် ဦးဇနက ဟောပြောချက်**

ဘုန်းကြီးတို့ ဂတိဘဝဆိုတဲ့ ဥစ္စာ ကံပစ်ချသလို ဖြစ်ချင်ရာဖြစ် သွားကြတာပဲဆိုပါတော့။ ဘုန်းကြီးငယ်ငယ်ရှိဦးမယ်၊ အင်္ဂလန် နိုင်ငံမှာ ကာလသားနှစ်ယောက် ရဖို့ပစ္စည်းလည်း ရှိဟန်တူပါရဲ့။ ပင်လယ်လေညင်းခံရင်း သင်္ဘောပေါ်မှာ သူတို့လိုက်နေကြတယ်။ လိုက်နေရင်းက သူတို့ မြန်မာပြည်ကို စပ်မိသွားတယ်။ မြန်မာ ပြည်သွားတဲ့ သင်္ဘော ပြောင်းစီးလိုက်လာပြီး မြန်မာပြည်ကို ရောက်လာ၊ ရွှေတိဂုံဘုရားပေါ် တက်လိုက်ရင်ပဲ တစ်ဦးက တန်ဆောင်းကြီးအတွင်းက လူတစ်ယောက်ကို အတွေ့-

"ဟာ-မင်း ငါ့သားပါလား။ ဒါ ငါ့တန်ဆောင်းပဲ၊ ဆင်းတု တော်အောက်မှာ ငါမြှုပ်ထားတဲ့ပစ္စည်းတွေရှိတယ်" လို့ ပြောပြီး တော့ နောက်ထပ် မြန်မာစကား မပြောတော့ဘူး။

သူပြောတဲ့အတိုင်း ဆင်းတုတော်အောက်က ပစ္စည်းတွေ ဖော်ကြည့်တော့လည်း ရွှေတွေ လက်ဝတ်လက်စားတွေ တွေ့ရ တယ်။ ဒီတော့ ဟိုကလည်းပဲ တို့အဖေတဲ့။ နောက်တန်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



အမွေခံကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်။ အဲဒီဟိုဟာလည်း ဒီမှာပဲ သံယောဇဉ် ဖြစ်ပြီးတော့ မပြန်တော့ဘူး။ မပြန်တဲ့အပြင် ဘုန်းကြီးလုပ်ပြီးတော့ စာတွေသိပ်တတ်တယ်။ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ အနိစ္စဝတသင်္ခါရာ ဒီဂါထာ ရွတ်နေတာပဲ။ မြန်မာပြည်က သေသွားတယ်။ ဘယ့်နှယ် အင်္ဂလန်ရောက်တုန်း ဆိုတာတော့ စွဲလမ်းမှုကလေး ရှိတယ်လေ။ အင်္ဂလန်က အုပ်ချုပ်နေရတယ် မဟုတ်လား။ တစ်ခါ ကံအားလျော်စွာ (ကံကြောင့်) ပကတူ ပနိသသယပေါ့။ ဒီမြန်မာနိုင်ငံ ပြန်ရောက်ပြီးတော့ ရဟန်းဘဝနဲ့ နေရတယ်။ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ အနိစ္စဝတသင်္ခါရာ၊ ဤကား နီးဝေးမဟူ ဂတိဘဝကူးရောက်ပုံ အထွေထွေအထား ဖြစ်ပါတယ်။

အခြေပြုပဋ္ဌာန်းကျမ်း

အရှင်ဇနကာဘိဝံသ မဟာဂန္ထာရုံဆရာတော်

အမရပူရမြို့။

## နတ်တို့ သေခါနီး မှာကြားပုံ

နတ်များ စုတေခါနီးဝယ် ပညာရှိနတ်များက မှာကြားလေ့ ရှိသည်ဟု ဆိုပါသည်။

“အို...မိတ်ဆွေတို့၊ သင်တို့ စုတေသည့်အခါ လူ့ဘုံရှိသည့် သုဂတိဘုံသို့ သွားပါလေ။ လူဖြစ်သည့်ခါ သူတော်ကောင်း တရားတွင် အမြတ်ဆုံးဖြစ်သော သဒ္ဓါတရားကို ရအောင်ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ပါလေ။ သင့်သန္တာန်၌ ထိုသဒ္ဓါတရား တည်မြဲခိုင်ခန့်အောင် အခြေစိုက်၍ သူတော်ကောင်းတရား၌ မပျက်မကွက် အသက်ထက်ဆုံး တည်အောင် ကြိုးစားပါ။ ကာယကံကုသိုလ် ဝစီကံအကုသိုလ် မနောကံကုသိုလ်ပြု၍ နတ်ပြည်သို့ အကြိမ်ကြိမ် အဖန်ဖန် ပြန်လာခဲ့ပါ”

**ပုဗ္ဗနိမိတ်မထင်သောနတ်များ**

လူလောကဝယ် ဘုန်းကံကြီးသောမင်းများ၊ ဆရာတော်များ၊ ခေါင်းဆောင်များ ကွယ်လွန်ခါနီးဝယ် ဥက္ကာကျခြင်း၊ မြေလှုပ်ခြင်း၊ လနေကြတ်ခြင်း စသည့် နိမိတ်များ ဖြစ်ပေါ်တတ်သကဲ့သို့ နတ်ပြည်ဝယ် ဘုန်းတန်ခိုးကြီးမားသော နတ်သား၊ နတ်သမီးတို့သာလျှင် ပုဗ္ဗနိမိတ်ငါးမျိုး ဖြစ်ပေါ်လေ့ရှိသည်။ ဘုန်းတန်ခိုးငယ်သော နတ်တို့ကား ဤနိမိတ်ငါးပါး ဖြစ်ပေါ်လေ့ မရှိကြပါ။

ထိုဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ်ငါးပါးတို့၏ အကျိုးအပြစ်ကို လူ့ပြည်ဝယ် နိမိတ်ဖတ်ဆရာ ပညာရှိတို့ကသာ သိသကဲ့သို့ နတ်ပြည်၌လည်း မိမိတို့ စုတေလျှင် ဘယ်ဘုံမှာ ဖြစ်မည်ကို မသိကြသောကြောင့် ပုဗ္ဗနိမိတ် ထင်လာသည့်အခါ ပြင်းထန်စွာ ကြောက်ရွံ့တုန်လှုပ်ကြသည်။

ကုသိုလ်ကံ ကြီးမားသော နတ်များမှာကား–

“ငါတို့သည် ကြီးမားစွာသော အလှူကိုလည်း ပေးလှူခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သီလကိုလည်း ဆောက်တည်ခဲ့ကြပြီ။ ဘာဝနာကိုလည်း ပွားများဆည်းပူးခဲ့ပြီ။ ဤနတ်ဘဝမှ စုတေ၍ သုဂတိဘဝ ရောက်ကြမည်”

ဟု ဆင်ခြင်ကာ ကြောက်ရွံ့တုန်လှုပ်ခြင်း အလျဉ်းမရှိကြပေ။

## နတ်တို့စုတေ၍ ခန္ဓာမကျန်ခြင်း

နတ်တို့သည် ဥပပတ်ပဋိသန္ဓေ တည်နေသော သတ္တဝါမျိုးဖြစ်သောကြောင့် ကံကြောင့်ဖြစ်သော ကမ္မဇရုပ်များ၊ ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်၊ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်၊ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ် (၃)မျိုးလုံးသည် ကမ္မဇရုပ်နှင့် တစ်ပါတည်း ချုပ်ကွယ်ပျောက်လေသည်။ သို့တွက် နတ်များ စုတေသောအခါ လူတို့ကဲ့သို့ ဥတုဇရုပ် မကျန်ပေ။

လူတို့၏ရုပ်မှာ တေဇောဓာတ်တည်းဟူသော ဥတုကြောင့် တာရှည်ကြာစွာ ဆက်လက် ဖြစ်ပေါ်နေရသည်။ နတ်တို့မှာမူ ဆီမီးတောက် ငြိမ်းသကဲ့သို့ အကြွင်းမဲ့ ချုပ်ငြိမ်းပျောက်သွားရသည်။

## နတ်စုတေလျှင် နတ်ဘုံ၌ ပြန်ဖြစ်သူ နည်းခြင်း

နတ်ဘုံသည် ကာမဂုဏ်အာရုံ အလွန်ပေါများပြီး၊ လူတို့ထက် အဆပေါင်းများစွာ သာလွန်သည့် နတ်သား၊ နတ်သမီးတို့ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ထာဝစဉ် ပျိုမြစ်နုနယ်လှပပြီး နတ်သား (၂၀)နှစ်ရွယ်၊ နတ်သမီး (၁၆)နှစ်ရွယ် ဖြစ်ကြသည်။ အထက်တန်းစား ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို အချိန်ပြည့် အပြည့်အဝ ရရှိကာ ကာမဂုဏ်အာရုံ ကြောဝယ် မျောနေကြသည်ကား များလှသည်။

ထိုသို့ နစ်မြောနေသဖြင့် အစားအစာ စားချိန်ပင် သတိမရ၍ သေကြသောနတ်များ အများအပြား ရှိကြသည်။

ဘုရားရှင်လက်ထက်က ဘုရားရှင်ထံမှ တရားနာပြီး ပြန်သွားသော သိကြားမင်းနောက်သို့ ရှင်မောဂ္ဂလာန်မထေရ် နောက်က လိုက်သွားပြီး မေးသည်။

"သင် သိကြားမင်းကို ဘုရားရှင် ဘာတရားဟောကြားပါသလဲ"ဟု မေးရာ သိကြားမင်းမှာ နတ်စည်းစိမ် ကာမဂုဏ် ယစ်မူးပြီး မေ့သွားသောကြောင့် ဟောသောတရားကိုပင် မပြော နိုင်တော့ကြောင်း လျှောက်ထားသည်။

နတ်ပြည်တွင် ကုသိုလ်ပြုရန် အခွင့်အလမ်းကို မမျှော်မှန်းနိုင် အောင် ရှိသည်။ ကမ္မဋ္ဌာန်းထိုင်ရန် မဆိုထားနှင့်၊ ဥပုသ်စောင့်ရန်ပင် အလွန်ခဲယဉ်းသည်။ ဝိမာနဝတ္ထုတော်တွင် သိကြားမင်း လူ့ပြည် ဆင်း ဥပုသ်စောင့်ရပုံနှင့် စမ္ပေယျနဂါးမင်းကြီး မကြာခဏ နဂါးပြည်၌ ဥပုသ်ကျိုးရပုံကို ထောက်ဆ၍ သိသာနိုင်သည်။

ဤသို့ နတ်ပြည်တွင် ကာမဂုဏ်တရား များပြားပါ၍ ကုသိုလ်ပြုခွင့် အလွန်နည်းပါးလှသောကြောင့် သေတသောအခါ

www.burmeseclassic.com

www.burmeseclassic.com



နတ်ပြည်၊ လူ့ပြည်သို့ ပြန်ဖြစ်သူ အလွန်နည်းပြီး အပါယ်ဘုံသို့ ရောက်ကြရသူ များပါသည်။

## တိဘက် (မဟာယာန ဗုဒ္ဓဘာသာ)တို့၏ တမလွန်ပြောင်း ယုံကြည်မှု

တိဘက်လူမျိုးတို့သည် မဟာယာန ဗုဒ္ဓဘာသာကို လက်ခံ ယုံကြည်ကြသူများ ဖြစ်ကြပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာတွင် တမလွန်ဘဝ ပြောင်းခါနီး သူတို့အတွက် ကံ ကမ္မနိမိတ် ဂတိနိမိတ်ထင်ပုံ၊ ထိုနိမိတ်ထင်၍ လားရာဂတိ (၅)မျိုးတွင် တစ်မျိုးမျိုး ဘဝရောက်နိုင်ပုံ၊ သေခါနီး ကာလဝယ် ဂတိနိမိတ်ကောင်းပုံ၊ လိုအပ်၍ သေခါနီးသူ၌ ဆွေကောင်း မိတ်ကောင်း လိုအပ်ပုံ စသည်တို့ ပါရှိသလို တိဘက်မဟာယာန ဗုဒ္ဓဘာသာတို့တွင် သေခါနီးလူတို့အတွက် ဘဝကူးကောင်းရေး လမ်းညွှန်ကျမ်းများ ရှိသည်ကို တွေ့ရပါ သည်။

တိဘက်မဟာယန ဗုဒ္ဓဘာသာတို့တွင် (တမလွန်လမ်းညွှန်) ကျမ်း၊ (BRUDO THODAL)ဆိုသော ကျမ်းတစ်စောင်ရှိသည်။

## ကျမ်းစာ၏ ရည်ရွယ်ချက်

- သေခါနီးလူနာ (သို့မဟုတ်) သေပြီးနောက် တမလွန်

www.burmeseclassic.com

www.burmeseclassic.com



လောကသို့ ရောက်ရှိနေသူအား ဘဝသံသရာမှ လွတ်မြောက်စေရန်၊

- မလွတ်မြောက်နိုင်ပါက ကောင်းမွန်ရာဘဝသို့ ရောက်ရှိစေရန် လမ်းညွှန်ပြသရန်၊
- သေသူအတွက် ဝမ်းနည်းပူဆွေးနေသော ဆွေမျိုးသားချင်းများအဖို့လည်း စိတ်သက်သာရစေရန်တို့ ဖြစ်သည်။

**ကျမ်းစာ၌ဆိုထားချက်**

- လူနာမသေမီသော်လည်းကောင်း၊ သေပြီးမှသော်လည်းကောင်း တိဘက်ဘုန်းကြီးများက ကျမ်းစာကို ရွတ်ဖတ်ကြရ၏။
- ရွတ်ဖတ်နေသောအချိန်ကာလတွင် တိရစ္ဆာန်များကို မသတ်ရ။
- ကျန်ရစ်သော ဆွေမျိုးသားချင်းများက ဟစ်အော်ငိုကြွေးခြင်း မပြုရ။
- သေသူကို ရည်စူး၍ ကုသိုလ်ကောင်းမှုကို ပြုရမည်။

ကျမ်းစာ၏ အလိုအားဖြင့်–

တမလွန်လောကဟူသည် ဘုံဌာနမဟုတ်ဘဲ လူသတ္တဝါတစ်ဦး သေသည်၏ အခြားမဲ့၌ ဖြစ်ပေါ်လာသော ဘဝအဖြစ်အနေကိုသာ ဆိုလိုခြင်း ဖြစ်၍ တမလွန် ကြားကာလဟု ဆိုပါက ပိုမိုတိကျ မှန်ကန်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြားကာလသည် သေသောအချိန်နှင့် ဘဝသစ်တစ်ဖန်ဖြစ်ပေါ်သည့် ကြားကာလ အပိုင်းအခြားဖြစ်သည်။ တိဘက်ကျမ်းစာ၌ ထိုကြားကာလကို (၄၉)ရက် သတ်မှတ်၍ အပိုင်း (၃)ပိုင်း ခွဲခြားထားသည်ဟု ဆိုပါသည်။

- ပထမပိုင်းမှာ သေပြီးနောက် သုံးလေးရက်ကြာသော အချိန်ကာလဖြစ်သည်။
- ထိုအချိန်ဝယ် သေသူ၏ဝိညာဉ်သည် မေ့မြောနေသော်လည်း လုံးဝ သတိမရရှိခြင်း မဟုတ်ဘဲ အိပ်မက် မက်သလို ခံစားနေသည်။

မိမိသေဆုံးပြီးဖြစ်ကြောင်းကို မသိ၊ ဘဝဟောင်း၌ပင် ဆက်လက်တည်ရှိနေသေးသည်ဟု ထင်မြင်လျက်ရှိသည်။

ဆွေမျိုးသားချင်းများကို ရေးကကဲ့သို့ မြင်နေရ၍ သူတို့၏ ငိုကြွေးသံကိုပင် ကြားနေရသည်။

သို့ရာတွင် မိမိကိုယ်ခန္ဓာ မရှိတော့ဘဲ နာမ်ဝိညာဉ်သာ ကျန်ရှိကြောင်း သတိပြုမိ၏။ ထိုဝိညာဉ်သည် သိမ်မွေ့၍ အလင်းရောင်နှင့် ကြေးမုံ၌ အရိပ်မထင်။ ထူးခြားသော သတ္တိရှိ၍ နံရံနှင့် တောင်များကို ဖောက်ထွင်းသွားလာနိုင်သည်ဟု ဆိုပါသည်။

ဤအချိန်ဝယ် သေသူ၏ ဝိညာဉ်နှင့် အသိဉာဏ်သည် အတ္တစွဲ၊ အတ္တမာန ကင်းကွာ၍ ဖြူစင်သန့်ရှင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်ကို ကောင်းစွာသိမြင်မှုသည်ပင် ဘဝသံသရာမှ မှချလွတ်မြောက်ရန်အကြောင်း ဖြစ်သည်ဟု ဆိုပါသည်။

သို့သော် ထိုသိမြင်မှုသည် မသေမီက တရားကျင့်ကြံ အားထုတ်ခြင်းဖြင့် အသိဉာဏ်ရင့်ကျက်နေသော ပုဂ္ဂိုလ်များအတွက်သာ ဖြစ်သည်။ ထိုသူတို့သည် ထိုသို့သိမြင်ခြင်းဖြင့် ဘဝသံသရာမှ လွတ်မြောက်ကြသည်။ သို့တည်းမဟုတ် ကောင်းမွန်ရာ ဘဝသို့ ရောက်ရှိ၍ သူတို့၏ တမလွန်ကြားကာလသည် ဤတွင် ပြီးဆုံးသည်။

လူသတ္တဝါ အများစုသည် ထိုသို့ မသိမြင်ဘဲ တမလွန်လောက၌ ဆက်လက်ကျင်လည်သည်ဖြစ်၍ ကြားကာလ၏ ဒုတိယပိုင်းသို့ ရောက်ရှိသွားရလေတော့သည်။

ဒုတိယပိုင်း ကြားကာလသည် သေသူပြုခဲ့သော ကောင်းမှု မကောင်းမှုများ၏ ရှေးဦးပဌာမ အကျိုးပေးသောကာလ ဖြစ်သည်။

ထိုကာလဝယ် သေသူသည် မိမိပြုခဲ့သော အမှုများကို စွဲမှီ၍ ဖြစ်သောစိတ်နှင့် နဂိုမူလက ရှိပြီးဖြစ်သော စိတ်စေတသိက်တို့က ဖန်တီးသော အဆင်းသဏ္ဌာန် အမျိုးမျိုးကို မြင်ရသည်။

ကောင်းမွန်သောစိတ်များသည် ဘုရားအသွင်သဏ္ဌာန်ဖြင့် ပေါ်လာ၍ ဆိုးညစ်သော စိတ်များမှာ မကောင်းဆိုးဝါး သရဲများ အဖြစ်ဖြင့် ရုပ်လုံးပေါ်လာသည်ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သေသူသည် ဒုတိယကြားကာလဝယ် အတွာစွဲကင်း၍ ဖြူစင်သန့်ရှင်းသော မိမိဝိညာဉ်၏ မူလသဘာဝကို သိမြင်နားလည်ပါက ဘဝသံသရာမှ လွတ်မြောက်ရန် မျှော်လင့်ချက် ရှိဆဲပင် ဖြစ်သည်။

ထိုသို့ သိမြင်ရန် ဘီလူး သရဲ စသော အနိဋ္ဌာရုံများကို ကြောက်လန့်ရွံရှာခြင်း မဖြစ်ရ။

နတ်ဘုရားစသော ဣဋ္ဌာရုံများကို နှစ်လိုတပ်မက်ခြင်းလည်း မဖြစ်ရချေ။

သို့သော် သေသူသည် မောဟပိတ်ဖုံး၍ မိမိစိတ်က ဖန်တီးထားသော ဣဋ္ဌာရုံ အနိဋ္ဌာရုံများကို စွဲလမ်းပြီးချစ်ခြင်း၊ မုန်းခြင်း မကင်းနိုင်ပါက သံသရာနယ်မှ မလွတ်မြောက်နိုင်ပါ။

စင်စစ် ဤအချိန်၌ ဘဝဟောင်းက ပြုခဲ့သော အမှုများကို စွဲ၍ဖြစ်သော စိတ်တို့သည် အားကောင်းလာ၍ နားခိုရန် ဘဝသစ်ကို ရှာဖွေစ ပြုလာသည်။

ဤသို့ သေသူဝိညာဉ်က ဘဝသစ်တစ်ဖန်ဖြစ်ခြင်းသို့ ရှေ့ရှုချဉ်းကပ်လာသော ကာလသည် နောက်ဆုံးပိုင်း ကြားကာလ ဖြစ်သည်ဟု ဆိုပါသည်။

ဤအချိန်အခါ၌ သေသူဝိညာဉ်သည် ဘဝဇာတာ ဆွဲဆောင်ရာသို့ လိုက်ပါ၍ ဘဝသစ်တစ်ဖန်ဖြစ်ရန် အခွင့်အလမ်းကို ရှာဖွေလျက် ရှိသည်။

တိဘက်ဆရာတို့က သေသူကို လမ်းမှန်သို့ ပို့ဆောင်ရန်

www.burmeseclassic.com

www.burmeseclassic.com



မ,သတ္တဝါ၏ ဝမ်းဗိုက်တွင်းသို့ မဝင်မိအောင် စီမံကာကွယ်သော နည်းလမ်းများကို ပေးထား လမ်းညွှန်ခဲ့ပါသည်။

- မိမိပြုခဲ့သော ကောင်းမှုများကို ပြန်လည်သုံးသပ်ရမည်။
- မြင်မြင်သမျှ အရာအားလုံး၏ အနိစ္စသဘောကို နှလုံးသွင်းရမည်။
- သံဝါသပြုနေသော ဖိုမသတ္တဝါနှစ်ဦး၏ အနီးအနားသို့ မရောက်ရှိစေရန် သတိပြုရမည်။
- ချစ်ခြင်း၊ မုန်းခြင်းတို့ကို ရှောင်ကြဉ်ရမည်။

ဘဝသစ်၌ ရင်ဆိုင်ရမည့် ချစ်ခြင်း၊ မုန်းခြင်း စေတသိက်များစွာ ရှိသည့်အနက် ဆန့်ကျင်ဘက် စေတသိက်တရားနှစ်ပါးမှာ ဘဝသစ်ဖြစ်ခါနီး၌ ကပ်၍ စတင်ပေါ်ပေါက်လာသည်ဟု ဆိုပါသည်။

သေသူဝိညာဉ်သည် ဘဝကူးပြောင်းရန်အတွက် သံဝါသပြုနေသော ဖို,မ သတ္တဝါနှစ်ဦး အနီးသို့ ရောက်ရှိသွားသောအခါ -

– အကယ်၍ ဖိုဘဝကို ရရှိမည့်သူ ဖြစ်ပါက မိခင်လောင်း မသတ္တဝါကို တပ်မက်၍ ဖခင်လောင်းသတ္တဝါကို မုန်းသည်၊

– အကယ်၍ မ,ဘဝကို ရရှိမည့်သူ ဖြစ်ပါက ဖခင်လောင်းကို တပ်မက်၍ မိခင်လောင်းကို မုန်းတီးသည်ဟု ဆိုပါသည်။ ဤအံ့ဆိုသည် သားသမီးက မိဘအား ချစ်ခြင်း၊ မုန်းခြင်းနှင့် ပတ်သက်၍ မိခင်က သားကိုချစ်သည်၊ ဖခင်က သမီးကိုချစ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ယခုခေတ် စိတ်ပညာရှင်တို့ တွေ့ရှိလေ့လာချက်နှင့် ကိုက်ညီသည်ကို တွေ့ရပါသည်။

**ကံဇာတ်ပြတ်ရန်**

ကံဇာတ်ဆရာ စီမံသော သံသရာတကြောဆိုသော (၃၁)ဘုံသည်ကား တဏှာ၏နယ်ပယ်၊ တဏှာ၏စက်ကွင်း ဖြစ်သည်။

နိဗ္ဗာန်ဟူသည့် မြန်မာစကားသည် နိဗ္ဗာနဟူသော ပါဠိမှ ဆင်းသက် ခေါ်ဝေါ်လာသော အမည် ဖြစ်ပါသည်။

နိဗ္ဗာန်၏ မူလပုဒ်ရင်းမှာ နိဝါနဖြစ်သည်။ နိဝါနမှ သဒ္ဒါနည်းဖြင့် နိဗ္ဗာန ဖြစ်လာသည် (နိဝါန = နိဗ္ဗာန)

သို့တွက် နိဗ္ဗာန်ဆိုသည်မှာ ဝါနခေါ်သော တဏှာစက်ကွင်းမှ ရှင်းရှင်းကြီး လွတ်ကင်းထွက်မြောက်သောအရာဟု အဓိပ္ပာယ်ရပါသည်။

ရုပ်တရား၊ နာမ်တရားတို့ နောက်ထပ်ဖြစ်ပေါ်ရန် မရှိ၊ ရုပ်တရား၊ နာမ်တရား မပြတ်ငြိမ်းချုပ်သွားသော အငြိမ်းဓာတ်သည် နိဗ္ဗာန်ပင် ဖြစ်ပါသည်။ ယင်းကို အေးငြိမ်းသော ချမ်းသာဓာတ် (သန္တိသုခ နိဗ္ဗာနဓာတ်)ဟူ၍လည်း ခေါ်ကြသည်။

ရုပ်တရား၊ နာမ်တရားများသည် ပြုပြင်စီမံမှု မကင်းသည့်အတွက် သူတို့ကို သင်္ခါရဟု ခေါ်သည်။

သင်္ခါရတရားများသည် ရှေးဦးစွာ ဖြစ်ပေါ်ခြင်း ဥပါဒ်သဘော

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ချမ်းသာရန်အတွက် အမြဲမပြတ် ပြုပြင်အားထုတ်နေရသော သဘောရှိသည်။ ရှေးဘ၀ ရှေးအကြောင်းများနှင့်လည်း ဆက်စပ်နေသည်။ အထည်ကိုယ်ပုံသဏ္ဍာန် ရှိသကဲ့သို့လည်း ထင်ပေါ်လာတတ်သည်။

နိဗ္ဗာန်ကား ဤသို့မဟုတ်။ ပြုပြင်စီမံမှု မရှိသည်အတွက် သင်္ခါရတရားနှင့် ဆန့်ကျင်ဘက် အသင်္ခတ မပြုပြင်တရားဖြစ်၏။

- ရှေးဦးစွာ ဖြစ်ပေါ်လာခြင်း ဥပါဒ်သဘောမရှိ။
- ရုပ်တရား နာမ်တရားကင်း၏။
- ပြုပြင်အားထုတ်ရသော သဘောမရှိ။
- ရှေးဘ၀ ရှေးအကြောင်းနှင့်လည်း မဆက်စပ်။
- နိမိတ်ပုံသဏ္ဍာန် အတည်ဒြပ်ကင်းသော အနေဖြင့်သာ အရိယာပုဂ္ဂိုလ်များ၏ ဉာဏ်မျက်စိမှာ ထင်ပေါ်လာသော သဘောရှိသည်။

သို့တွက် နိဗ္ဗာန်ကို သိမြင်သော အရိယာကြီးများသည်ပင်

- နိဗ္ဗာန်ကို ဘာနဲ့တူသလဲဟုလည်းကောင်း၊
- ဘယ်လိုအဆင်းအရောင် ပုံပန်းသဏ္ဍာန်ရှိ၏ဟု လည်းကောင်း၊
- မည်သည့်အရွယ်ပမာဏ ရှိသည်ဟုလည်းကောင်း မပြောပြနိုင်ပေ။
- ရုပ်နာမ်သင်္ခါရများ လုံးဝမဖြစ်တော့ဘဲ ချုပ်ငြိမ်းကင်း

www.burmeseclassic.com

www.burmeseclassic.com


ဆိတ်သည့်အနေဖြင့်သာ သိလည်း သိကြသည်။ ပြော လည်း ပြောကြသည်။

နိဗ္ဗာန်ကို ရုပ်နာမ်တရားတို့ကဲ့သို့ ဖြစ်ပေါ်ခြင်း မရှိသည့်အတွက် အဇာတ အဘူတဟု ခေါ်သည်။

အကြောင်းတရားများ၏ ပေါင်းစုပြုပြင် အစီမံခံရသည့် တရားမျိုး မဟုတ်၍ အသခ်တဟု ခေါ်သည်။

လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံများမှာ တခြားဘုံသို့ ပြောင်းရွှေ့သွားခြင်း၊ တခြားဘုံမှလာရောက်ခြင်း ရှိသော်လည်း နိဗ္ဗာန်မှာ မရှိပါ။

လူဘုံ နတ်ဘုံများကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါတို့၏ တည်နေခြင်း လည်းမရှိ၊ စုတေခြင်းလည်းမရှိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြင့် အာရုံပြု၍ သိခြင်းမျှသာ ရှိသည်။

နိဗ္ဗာန်ဆိုသော အာရုံအကြောင်းတရားသည် ရုပ်တရားမဟုတ်သည့်အတွက် မည်သည့်နေရာမှာမှ တည်ရှိနေသည်မဟုတ်ပါ။ မည်သည့်တရား ပေါ်မှာမှ မှီကပ်နေသည် မဟုတ်ပါ။

နာမ်တရားတစ်မျိုးဟု ဆိုရသော်လည်း အကျိုးတရား မဟုတ်သည့်အတွက် မည်သည့်အကြောင်းတရားကိုမျှ စွဲမှီဖြစ်နေသည် မဟုတ်ပါ (ဣတိဝုတ်ပါဠိ) မဟာနိဒ္ဒေသပါဠိတော်၌-

- နိဗ္ဗာန်သည် သခ်ါရတရားအားလုံးတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ ဖြစ်သည်။
- ခန္ဓာကိုလေသာတရားတွေကို စွန့်လွှတ်ရာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


- တဏှာကုန်ခန်းရာ ဖြစ်သည်။
- ကိလေသာတပ်စွဲမှုတို့၏ ပျက်ပြယ်ရာဖြစ်သည်။
- ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သည်။

ဟူ၍ ဖော်ပြပါသည်။

သို့အတွက် နိဗ္ဗာန်ဟူသည်မှာ သင်္ခတနိမိတ် အရိပ်အဆင်း မရှိသည့် တရားမျိုး ဖြစ်သည်။

ဤနိဗ္ဗာန်ကားအဟောင်း၊ ဤနိဗ္ဗာန်ကား အသစ်ဟူ၍ (၂)မျိုးနှစ်စား ခြားနားခြင်း မရှိ။

ပရိနိဗ္ဗာန်ဝင်သော ပုဂ္ဂိုလ်များ၏ ခန္ဓာကိုယ်အသီးသီးကို လိုက်ပြီး နိဗ္ဗာန်နှစ်ခု သုံးခု စသည်ဖြင့်လည်း ကွဲပြားမှုမရှိ။

အရှေ့အရပ်မှာ ပရိနိဗ္ဗာန်ဝင်စံသော ပုဂ္ဂိုလ်များ၏ နိဗ္ဗာန်ကား အရှေ့အရပ်မှာ ရှိသည်။ အနောက်အရပ်မှာ ပရိနိဗ္ဗာန်ဝင်စံသော ပုဂ္ဂိုလ်များ၏ နိဗ္ဗာန်ကား အနောက်အရပ်မှာရှိသည် စသည်ဖြင့် လည်း အရပ်ဒေသ ကွဲပြားမှုမရှိ။

ဘုရားရှင် ပရိနိဗ္ဗာန်ကား မြတ်၏၊ ရဟန္တာပရိနိဗ္ဗာန်ကား ယုတ်၏ ဟူ၍ ကွဲပြားခြားနားမှုလည်း မရှိ။

နိဗ္ဗာန်ဟူသော အငြိမ်းဓာတ်ကြီးသည် သာသနာတွင်း သာသနာပ တစ်သံသရာလုံး မပျက်မစီးဘဲ အမြဲတမ်း တည်ရှိ နေပါသည်။

ရှိသည်ဆိုရာမှာ ဖြစ်ပေါ်လာပြီး ရှိနေသော ရုပ်နာမ်တို့၏

www.burmeseclassic.com

www.burmeseclassic.com



အရှိမျိုးကဲ့သို့ မဟုတ်ပါ။ အငြိမ်းဓာတ် သဘောအနေဖြင့်သာ ရှိနေပါသည်။

ဤအငြိမ်းဓာတ်သည် ကြမ်းသည်၊ ထူသည်၊ ကြီးသည်၊ ငယ်သည်၊ လုံးသည်၊ ပြားသည်၊ ဖြူသည်၊ နီသည်၊ တောင်မှာ ရှိသည်၊ မြောက်မှာရှိသည် စသည်ဖြင့် ပြောစရာမရှိပါ။

ဤအငြိမ်းဓာတ်ချမ်းသာသည် လောကတွင် ရှိနေသော ကာမချမ်းသာ၊ ဈာန်ချမ်းသာ၊ ဖိုလ်ချမ်းသာများထက် သာလွန်ကဲသော ချမ်းသာမျိုး ဖြစ်သည်။

ဤချမ်းသာမျိုးကို ပုထုဇဉ်လောကသားများအနေဖြင့် မည်သို့မျှ မသိနိုင်။ အရိယာပုဂ္ဂိုလ်များသာ ပိုင်နိုင်စွာ သိနိုင်ကြပါသည်။

သို့အတွက် သံသရာစုန်ဆန်ကြောဝယ် မမျောလိုက်ကြတော့ဘဲ ထိုအငြိမ်းဓာတ် ချမ်းသာမြတ်ကို ရရှိခံစားလိုသောသူတို့သည် အရိယာနွယ်ဝင်ဖြစ်အောင် ကြိုးစားအားထုတ်၍ သံသရာဒုက္ခငြိမ်းအေးအောင် ကံဓာတ်ပြတ်ရန် ကြိုးစားကြရာသတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

# ဘဝပေါင်းကို ပြန်ပြောင်းပြောနိုင်သူများ

**ဇာတိဿရဉာဏ်ရ ဆိတ်ကလေး**

ဗာရဏသီ၌ ဗြဟ္မဒတ်မင်း မင်းပြုနေချိန်ကာလ ဖြစ်သည်။ ထိုပြည်၌ ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခပ် တတ်မြောက်သော ဒိသာပါမောက္ခ ပုဏ္ဏားဆရာကြီးတစ်ဦး ရှိလေသည်။

တစ်နေ့သောအခါ ဆရာပုဏ္ဏားသည် မတကဘတ် (သေသူအတွက် ရည်စူးပြုအပ်သော ထမင်းအလှူ)ကို စီမံရန် ဆိတ်တစ်ကောင်ကို တပည့်တို့ကို ယူစေသည်။

"အမောင်တို့၊ ဤဆိတ်ကလေးကို မြစ်သို့ဆောင်၍ ရေချိုးပေးပါ။ ပြီးလျှင် ပန်းကုံးစွပ် နံ့သာလက်ငါးချောင်းရာကိုပေး၍ ဆောင်ယူခဲ့ပါ"

"ကောင်းပါပြီ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



တပည့်တို့သည် ဆရာပုဏ္ဏားပြောသည့်အတိုင်း ဆိတ်ကုလားကိုဆောင်ယူ၍ ဆရာပြောသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ပြီး မြစ်နားဌ် ထားကြသည်။

ထိုခဏမှာပင် ဆိတ်အား မိမိ၏ ရှေးဘဝကို မြင်သော ဇာတိဿရဉာဏ်တို့သည် ဖြစ်ပေါ်လာလေသည်။

"ငါသည် ယနေ့ ဤသို့သဘောရှိသော ဆင်းရဲမှ လွတ်ပေအံ့"

ဆိတ်ကုလားသည် ဝမ်းမြောက်သည်ဖြစ်၍ မြေတို့ကို ခွဲဘိသကဲ့သို့ သည်းစွာရယ်လေသည်။

"ဤပုဏ္ဏားသည် ငါ့ကိုသတ်၍ ငါခံရသော ဆင်းရဲကို တစ်ဖန် ပြန်ရလတ္တံ့"

ဆိတ်သည် ပုဏ္ဏားဌ် သနားခြင်းကို ဖြစ်၍ သည်းစွာသော အသံဖြင့် ငိုကြွေးလေသည်။

ဆိတ်၏ သည်းစွာရယ်ခြင်း၊ ငိုခြင်း အခြင်းအရာကို မြင်တွေ့ကြသော လုလင်တို့သည် ဆိတ်ကို မေးကြသည်။

"အချင်းဆိတ်၊ သင်သည် သည်းစွာသောအသံဖြင့် ရယ်လည်းရယ်၏၊ ငိုလည်းငို၏။ အဘယ်ကြောင့်လျှင် ရယ်ရပါသနည်း။ အဘယ်ကြောင့် ငိုရပါသနည်း"

"သင်တို့သည် ဤအကြောင်းကို မိမိတို့၏ ဆရာထံမှောက်ဌ် မေးကြကုန်ပါလော့"

လုလင်တို့သည် ဆိတ်ဆိုသည့်အတိုင်း ဆိတ်ကို မိမိတို့ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားထံသို့ ခေါ်ဆောင်သွားကြပြီး အကျိုးအကြောင်း ပြောပြကြသည်။

ဆရာပုဏ္ဏားသည် တပည့်လုလင်များထံမှ ဆိတ်၏ငိုခြင်း၊ ရယ်ခြင်း အကြောင်းစုံကို သိသောအခါ ဆိတ်ကို စုံစမ်းမေးမြန်းသည်။

"အချင်းဆိတ်၊ အဘယ်ကြောင့် ရယ်ခြင်း၊ ငိုခြင်းကို ပြုဘိပါသနည်း"

"ပုဏ္ဏား၊ ငါသည် ရှေးက သင်ကဲ့သို့ ဗေဒင် ရွတ်ဖတ်သရဇ္ဈာယ်တတ်သော ပုဏ္ဏားဖြစ်၍ မတကဘတ်ကို လှူအံ့ဟု ဆုံးဖြတ်ပြီး ဆိတ်ကုလားတစ်ကောင်ကို သတ်၍ လှူခဲ့ဖူးပါသည်။ ထိုသတ်ခဲ့ဖူးသော အပြစ်ကြောင့် ငါသည် လေးရာ့ကိုးဆယ့်ကိုးဘဝတို့၌ ခေါင်းဖြတ်ခံခဲ့ရပါသည်။ ယခု ဤဘဝသည်ကား နောက်ဆုံး ငါးရာပြည့်သောဘဝ ဖြစ်ပါသည်။ ငါသည် ယနေ့ ဤသို့ ခေါင်းဖြတ်ခံရသောဘဝကို နောက်ဆုံးခံရပြီး ဤဆင်းရဲမှ လွတ်မြောက်မည်ဖြစ်၍ ဝမ်းမြောက်လှသောကြောင့် ရယ်မိပါသည်။ ငါငိုမိသည်ကား ငါသည် ဆိတ်ကုလားတစ်ကောင်ကို သတ်မိ၍ ဘဝငါးရာ ဦးခေါင်းဖြတ်ခြင်းဆင်းရဲသို့ ရောက်ရ၏။ ယနေ့ ဤဆင်းရဲမှ လွတ်အံ့။ သင်ပုဏ္ဏားသည်ကား ငါ့ကိုသတ်၍ ငါကဲ့သို့ပင် ဘဝငါးရာပတ်လုံး ဦးခေါင်းဖြတ်ခြင်း ဆင်းရဲကို ခံရလတ္တံ့။ သင့်၌ သနားခြင်းကြောင့် ငိုမိပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"အချင်းဆိတ် မကြောက်လင့်၊ သင့်ကို ငါမသတ်တော့"

"ပုဏ္ဏား သင် အဘယ်သို့ ဆိုပါသနည်း။ သင်သတ်သော်လည်းကောင်း၊ မသတ်သော်လည်းကောင်း ယနေ့ ငါသည် သေခြင်းမှ မလွတ်နိုင်ပါ"

"အချင်းဆိတ် မကြောက်လင့် သင့်ကို အစောင့်အရှောက်ပေး၍ သင်နှင့်တကွ ငါ လိုက်ပါစောင့်ရှောက်ပေးပါမည်"

"ပုဏ္ဏား သင်၏အစောင့်အရှောက်ကား အနည်းငယ်သာလျှင်ဖြစ်၏။ ငါပြုသော မကောင်းမှုသည်ကား ကြီးမားလှဘိ၏။ အားကြီးဘိ၏"

ပုဏ္ဏားသည် ဆိတ်ကိုလွှတ်၍ ဤဆိတ်ကို တစ်စုံတစ်ယောက်သောသူမှ သတ်ခွင့် မရစေရဟု ဆိုကာ တပည့်တို့ကို ခေါ်၍ ဆိတ်နှင့်အတူ သွားကြလေသည်။

ဆိတ်သည် တစ်နေရာအရောက်တွင် ကျောက်ဖျာကြီးကိုမှီ၍ ပေါက်နေသော ချုံမှ အရွက်ကို စားရန် မော်၍လှမ်းစားသောက်သည့်။

ထိုခဏမှာပင် ထိုကျောက်ဖျာကို မိုးကြိုးပစ်ချလေသည်။ ကျောက်ဖျာတစ်ချပ်သည် ပြတ်၍ ဆိတ်၏ ဆန့်ထားသောလည်၌ ကျ၍ ဦးခေါင်းသည် ပြတ်၍ သေလေသည်။

ထိုအချိန်ဝယ် ထိုအနီး၌ ရုက္ခစိုးနတ်သည် နတ်၏အာနုဘော်ဖြင့် ကောင်းကင်ပြင်၌ပေါ်လာပြီး လူများကို ပြောကာ–

www.burmeseclassic.com

www.burmeseclassic.com



“အချင်းတို့ သတ္တဝါကို သတ်သောသူသည် အပါယ်လေးပါးတို့၌ ကြီးစွာသောဆင်းရဲကို ခံစားရလျက် ကြာမြင့်စွာ စိုးရိမ်ရပါ၏။ ထိုထိုဘဝတို့၌ ပင်္ဂုသန္ဓေ နေရခြင်း၊ အစဉ်ကြီးပွားခြင်း၊ အိုခြင်း၊ နာခြင်း၊ ချစ်သောသူနှင့် ကွေကွင်းရခြင်း၊ မုန်းသောသူနှင့် ပေါင်းသင်းနေထိုင်ရခြင်း၊ လက်ခြေပြတ်ခြင်း အစရှိသည်တို့သည် ဆင်းရဲခြင်းတို့၏ တည်ရာဖြစ်ပါသည်။ ဤသို့လျှင် သတ္တဝါအများ သိကြမည်ဆိုလျှင် သတ္တဝါတို့သည် သူတစ်ပါးအသက်ကို သတ်ကြမည် မဟုတ်တော့ပါ”

ဟု ဆိုဆုံးမစကား ပြောကြားလေသည်။

လူအများသည် ရက္ခစိုးနတ်၏ စကားကို များစွာ နှစ်သက်ကြပြီးလျှင် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြကုန်သည်။ ဒါနမှု၊ သီလမှုတို့ကို ပြုလုပ်ဆောင်ရွက်ကြလေသည်။

(သီလဝဂ်မတကဘတ်ဇာတက)

**ဘဝဟောင်းက သူဌေးအကောင်းစား**
**ဘဝသစ်မှာ သူတောင်းစား**

ဘုရားရှင် လက်ထက်တော်အချိန်က ဖြစ်သည်။

သာဝတ္ထိပြည်တွင် ကုဋေရှစ်ဆယ်ပြည့်ကြွယ်ရိပ်ငြိမ်စည်းစိမ်ချမ်းသာရှိသော အာနန္ဒာ အမည်ရှိသော သူဌေးကြီးတစ်ဦး ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူဌေးကြီးသည် အလွန်ဝန်တိုသည်။ လှူ့ဝှက်သော သဘောရှိသည်။ သူဌေးကြီးသည် လခွဲတိုင်း၊ လခွဲတိုင်း ဆွေမျိုး အပေါင်းတို့ကို စည်းဝေးစေ၍ ဆုံးမလေ့ရှိသည်။ မိမိ၏သား မူလသိရိကိုမူ တစ်နေ့သုံးကြိမ် သုံးခါ ဆုံးမလေ့ရှိသည်။

"ချစ်သား ကုဋေလေးဆယ်မျှသော ပစ္စည်းဥစ္စာတို့ကို များစွာ ရှိသည်ဟူ၍ အမှတ်သညာ မပြုပါလေလင့်၊ မိမိလက်ဝယ်ရှိ ပစ္စည်းကို သူတစ်ပါးအား မပေးကမ်းအပ်။ အသစ်ဖြစ်သော ဥစ္စာကို တိုးပွားစေအပ်၏။ တစ်ခု တစ်ခုသော အသပြာကိုသော် လည်း သုံးစွဲကုန်ခန်းစေသောသူအား မကြာခင်ပင် လျင်မြန်စွာ ကုန်ခန်းခြင်းသို့ ရောက်လေရာ၏"

နောင်တစ်ချိန်ဝယ် သူဌေးကြီးသည် မိမိမြှုပ်နှံထားသော ရွှေအိုးကြီး (၅)လုံးကို သားကို မပြောကြား၍ ကွယ်လွန်သွားခဲ့ လေသည်။

သာဝတ္ထိပြည့်ရှင် ဘုရင် ပသေနဒီကောသလမင်းသည် အာနန္ဒာ သူဌေးကြီး သေသော် သား-မူလသိရိကို ခေါ်ကာ သူ၏ရာထူးကို ဆက်လက်ချီးမြှင့် ပေးသနားလေသည်။

ဒွန်းစဏ္ဍားတစ်ထောင်တို့သည် တစ်ပေါင်းတစ်စုတည်းသာ လျှင် စုပေါင်းလုပ်ကိုင် စားသောက်နေထိုင်ကြလေ့ ရှိသည်။

ထိုရွာ၌ အာနန္ဒာသူဌေးကြီး ပဋိသန္ဓေယူသော အမျိုးမှစ၍ တစ်စုံလောက်မျှသော ထမင်းကို မရကြဘဲ ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယခုအခါ ငါတို့သည် အမှုကို ကြိုးစားပြုလုပ်ကြသော်လည်း ထမင်းဟင်းမျှကို မရကြကုန်။ ငါတို့အတွင်း၌ ညစ်ညမ်းယုတ်မာသော သတ္တဝါသည် ရှိသည်ဖြစ်ရာ၏"

ရွာသားတို့သည် ဤသို့ဆိုကာ အုပ်စုနှစ်စု ခွဲကြလေသည်။ အာနန္ဒာသူဌေးကြီး သန္ဓေသားရသောအုပ်စုသည် ရေးကနည်းတူ ထမင်း ဟင်း မရ ဖြစ်ကြ၍ အုပ်စုထပ်မံခွဲကြပြန်သည်။

ဤသို့သောနည်းဖြင့် အသီးသီး အစုစုခွဲလာကြ၍ အာနန္ဒာသူဌေးလောင်း၏ အမိဘတို့သာ ကြွင်းကျန်ကုန်၏။

ထိုအခါ အာနန္ဒာသူဌေး၏ မိခင်ဖြစ်သော ဒွန်းစဏ္ဍားမကို "ဤသူသည်ကား ငါတို့အမျိုး၌ လူယုတ်မာတည်း"ဟု ဆိုကာ နှင်ထုတ်ကြလေသည်။

ထိုဒွန်းစဏ္ဍားမသည် အာနန္ဒာသူဌေးလောင်း ဝမ်း၌ ပဋိသန္ဓေ လွှယ်ထားရသမျှသော ကာလပတ်လုံး အစာရေစာ ပြည့်စုံစွာမရ။ ဆင်းရဲငြိုငြင် ပင်ပန်းစွာ လုပ်ကိုင်စားသောက်ရလေသည်။

သားကို ဆင်းရဲငြိုငြင်စွာ ဖွားမြင်ခဲ့ရသည်။ ဖွားမြင်သောအခါ သား၏ လက်ခြေ၊ မျက်စိ၊ နှာခေါင်း၊ ခံတွင်းတို့သည် ပကတိသောသူတို့၏ အသွင်ကဲ့သို့ ပြေပြစ်သန့်ရှင်း ချောမွေ့ခြင်းရှိ၊ တိမ်းစောင်းကျိုးပဲ့ မတည့်မပြေ အသားအရေနက်ကြ၍ လျက် ဖုတ်ပြိတ္တာကဲ့သို့ အလွန်လျင် အဆင်းမလှခြင်း ရောက်ပြန်ခြင်း ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှ ရုပ်ဆိုးအကျည်းတန်သော သားလေးကို ဒွန်းစဏ္ဍားမသည် မိခင်တို့၏ အားကြီးသော ချစ်ခြင်းမေတ္တာကြောင့် စွန့်မပစ်ရက်ဘဲ သားငယ်ကို ငြိုငြင်ဆင်းရဲ ပင်ပန်းစွာပင် ရှာဖွေကျွေးမွေး ပြုစုလာခဲ့သည်။

သားငယ်ကို ပွေ့ပိုက်၍ လှည့်ပတ်ရှာဖွေ၍ တောင်းရမ်းသောအခါ တစ်စုံတစ်ရာမျှ မရသောကြောင့် သားငယ်ကို တစ်နေရာမှာ ထားခဲ့ပြီး တောင်းရမ်းသောအခါမှသာ မျှတရုံသော အစာအာဟာရကို ရပြီး အသက်ဆက်ရလေသည်။

မိခင်သည် ဤကဲ့သို့ ကျွေးမွေးလာခဲ့ရာ ကလေးသည် မိမိဘာသာ သွားလာလှည့်ပတ် ရှာဖွေစားသောက်နိုင်သော အရွယ်သို့ ရောက်လတ်သော် သားငယ်ကို မိခင်က ခွက်တစ်ခုကိုပေးကာ–

"ချစ်သား...ငါသည် သင့်ကို ငြိုငြင်ပင်ပန်းစွာ ရှာဖွေ၍ မွေးမြူခဲ့ရပါသည်။ သင့်ကို အမှီပြုပြီး ငါတို့သည် ထမင်းဟင်းကိုမျှ ဝလင်အောင် မစားခဲ့ရပါ။ ကြီးစွာသော ဆင်းရဲကို ခံစားခဲ့ရပါသည်။ ယခု သားလေး ဤအရွယ်ရောက်သည်အထိ ငါမိခင်သည် သင်ချစ်သားကို ရှာဖွေကျွေးမွေးခဲ့ရပါသည်။ ယခု သားငယ် ဤမျှအရွယ်ရောက်ပါပြီ။ ငါမိခင်သည် သင့်ကို ဆက်လက်ရှာဖွေမကျွေးနိုင်တော့ပါ။ ဤသာဝတ္ထိပြည်တွင် ခရီးသွားသူ၊ ဆင်းရဲသူ၊ ကိုးကွယ်ရာ အားကိုးရာမဲ့သူတွေ စသည်တို့ကို ကျွေးမွေးရန် ရည်မှန်းလျက် ထမင်းဆောဇော်တို့ကို တည်ထားသော

www.burmeseclassic.com



နေရာများ ရှိပါသည်။ ထိုအရပ်များကို ရှာဖွေလှည့်ပတ်၍ အစာကို တောင်းခံပြီး သင့်အသက်ကို ဆက်လက်မွေးမြူပါလော”ဟု ပြောဆို၍ ကလေးကို တောင်းစားရန် လွှတ်လိုက်လေသည်။ ကလေးသွားသောအခါ မိခင်သည် ကလေးကို ပစ်၍ ထွက်ခွာသွားတော့သည်။

သူငယ်သည် အိမ်စဉ်အတိုင်း တောင်းခံလှည့်လည်၍ သွားသည်ရှိသော် ၎င်း၁နှစ်သူဌေးဖြစ်စဉ်ကာလက နေခဲ့ဖူးသော အိမ်ရှေ့သို့ ရောက်သွားမိသည်။

ထိုအိမ်ကို မြင်သောအခါ ရှေးက မိမိဘဝကို ပြန်၍ သိစွမ်းနိုင်သော ဇာတိဿရဉာဏ်သည် ဖြစ်ပေါ်လာ၍ မိမိအိမ်သို့ ဝင်သွားမိလေသည်။

ထိုအိမ်၏ ပဌမမုခ်တံခါး၊ ဒုတိယမုခ်တံခါး၊ တတိယမုခ်တံခါးတို့၌ စောင့်ရှောက်နေကြသော သူတို့သည် ထိုကလေးဝင်လာသည်ကို မမြင်မိကြချေ။

စတုတ္ထတံခါးမုခ်သို့ အရောက်တွင် မူလသီရိ၏သားငယ်သည် ထိုကလေးကိုမြင်၍ ကလေးသည် ကြောက်လန့်တကြား အော်ဟစ်ငိုယိုလေသည်။

ထိုအခါ သူဌေး၏ အလုပ်အကျွေး အစောင့်အရှောက်တို့သည် ပြေးလာကြ၍ သူငယ်ကို—

“ဘုန်းကံကျက်သရေမဲ့လှသော သူယုတ်ကလေး၊ ဘယ်က

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသလဲ မြန်မြန်ထွက်သွား”

ဟု ပြောဆိုရိုက်ပုတ်ကြကာ တံခါးပြင်ထုတ်ကြပြီး အမှိုက်စွန့်ရာအရပ်၌ ပစ်ထားကြလေသည်။

ဘုရားရှင်သည် နောက်ပါရှင်အာနန္ဒာ အပါအဝင် ရဟန်းအပေါင်း ခြံရံလျက် သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံဝင်လာစဉ် ထိုနေရာသို့ ရောက်ရှိလာလေသည်။

ဘုရားရှင်သည် ရှင်အာနန္ဒာကို လှည့်ကြည့်တော်မူသည်။ ရှင်အာနန္ဒာကား အကြောင်းမည်သို့ပါနည်းဟု ဘုရားရှင်ထံ လျှောက်ထားသည်။ ဘုရားရှင်က အကြောင်းစုံ ပြောပြပြီး ရှင်အာနန္ဒာကို မူလသီရိကို ခေါ်စေတော်မူသည်။

ဘုရားရှင် ရပ်တော်မူသည်ကို မြင်၍ လူအပေါင်းသည် စုဝေးရောက်လာကြသည်။ မကြာခင် ရှင်အာနန္ဒာနှင့် မူလသီရိသူဌေးတို့ ရောက်လာကြသည်။ ဘုရားရှင်က မူလသီရိသူဌေးကို–

“ဤသူငယ်ကို သင်သိပါသလော”ဟု မေးတော်မူသည်။

“မသိပါဘုရား”

“ဤကလေးသည် သင်၏ဖခင် အာနန္ဒာသူဌေးကြီးပင်ဖြစ်သည်”

“မဖြစ်နိုင်ပါဘုရား”

မူလသီရိသူဌေးသည် အံ့အားသင့်ခြင်း၊ မယုံကြည်ခြင်း၊ အံ့သြခြင်း ရောထွေးခံစားလျက် ငြင်းဆိုလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သင်၏ဖခင် အာနန္ဒာသူဌေးကြီးသည် သူမြေမြှုပ်ထား ခဲ့သော ရွှေအိုးကြီးငါးလုံးကို သူမသေခင် သင့်ကို ပြောသွားပါ သလော"

"မြတ်စွာဘုရား...မပြောကြားခဲ့ပါ"

"ဒါဆို ဤကလေးကို ကောင်းမွန်စွာ မေးမြန်းပါလော့"

မူလသီရိသူဌေးသည် ဘုရားရှင် မိန့်ကြားသည့်အတိုင်း ကလေးကို ရွှေအိုးမြှုပ်ထားရာကို မေး၍ ကလေးပြောပြသည့်နေရာ တူးဖော်ရာတွင် ရွှေအိုးကြီး (၅)လုံး ရလေသည်။

"ငါ့မှာ ကိုးကွယ်ရာ ထင်မှား မွေးမြူထားအပ်သော သား သမီးတို့သည် ထင်ရှားရှိကုန်၏။ ရှာဖွေသိမ်းဆည်းထားသော ဥစ္စာပစ္စည်းတို့သည်လည်း ထင်ရှားရှိကုန်၏။ ဤသို့ဖြင့် ဉာဏ် အမြင်မရှိသော သူမိုက်သည် သားသမီးပစ္စည်းဥစ္စာတို့ ရှေးက လည်း ပျက်ဖူးပြီ၊ ယခုလည်း ပျက်စီးဆဲ၊ နောက်လည်း ပျက်စီးလိမ့်မည်ဟု ကြောက်လန့်ညှိုးပိန် စိုးရိမ်ပင်ပန်းရ၏။ ဤသို့ ကြောက်လန့်စိုးရိမ်နေရပါသော်လည်း မီးတောက်မီးလျှံဖြင့် ပြင်းထန်တောက်လောင်သည့်ပမာ သေရာညောင်စောင်း၌ တပြောင် ခွေ့ခွေ့ ရောဂါတွေ့သော၊ မိမိရေချိုးသုံးသပ် မွန်မြတ် သောင် ချိုချင် ရသာ နံ့သာပန်းမန် လိမ်းကျံပြုပြင် ဝတ်ဆင်ထုံနံ့သာ ယူငင်စရာဖြစ်သော ကိုယ်ခန္ဓာမျှသည်လည်း တစိုးတစိ မရှိချေ။ ယူငင်စရာ ပြင်းစွာထင်မှား မွေးမြူထားသော သမီးသားသည်

www.burmeseclassic.com

www.burmeseclassic.com



အဘယ်မှာ ရှိပါအံ့နည်း။ ဖွေရှာသိမ်းဆည်း ပစ္စည်းဥစ္စာသည် အဘယ်မှာ ရှိပါအံ့နည်း”

ဘုရားရှင်က ဤသို့ ဟောကြားတော်မူရာ ပရိသတ်များ အားလုံး အကျွတ်တရား ရကြတော့သည်။

## လာရာလမ်းကိုပြန်လေသူ

သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်တွင် မာလာဘာရီ အမည်ရှိသော နတ်သားသည် နတ်သမီးတစ်ထောင် ခြံရံလျက် ပန်းဥယျာဉ်သို့ သက်ဆင်းခဲ့သည်။

နတ်သမီးငါးရာက ပန်းပင်ပေါ်သို့ တက်၍ လှပသော ပန်းတို့ကို ခူးချပေးသည်။ ငါးရာသော နတ်သမီးတို့က ထိုပန်းများကို ကောက်ယူ၍ မာလာဘာရီနတ်သားကို ပန်ဆင်ပေးကြသည်။

ပန်းပင်ပေါ်တက်သော နတ်သမီးငါးရာတို့တွင် နတ်သမီး တစ်ပါးသည် နတ်သက်ကြွေ၍ သာဝတ္ထိပြည်၌ အမျိုးသမီး လာဖြစ်၏။ ထိုအမျိုးသမီးသည် သူ၏အတိတ်ဘဝကို မှတ်မိသော ဇာတိဿရဉာဏ်ရသည်ဖြစ်၍ အတိတ်ဘဝ၊ မိမိလင်တော်ခဲ့သော မာလာဘာရီနတ်သားကို သတိရပြီး ထိုနတ်သားထံ ပြန်သွားလို စိတ် အမြဲပေါ်ခဲ့သည်။

ထိုအမျိုးသမီး အရွယ်ရောက်သော် မိဘတို့က သင့်တော်သော ယောကျ်ားနှင့် အိမ်ထောင်ချပေးသည်။ ထိုအမျိုးသမီးသည်

www.burmeseclassic.com

www.burmeseclassic.com



သိတတ်သောအရွယ်မှစ၍ ရတနာသုံးပါးကို အမြဲဆည်းကပ်ပြီး လှူဒါန်းပူဇော်သည်။ ကောင်းမှုကုသိုလ်ပြုတိုင်းလည်း...

"ဤလှူဒါန်းရသော ကောင်းမှုကြောင့် ဤဘဝမှ စုတေလျှင် အတိတ်ဘဝက ကျွန်မ၏ အရှင်သခင် မာလာဘာရီ နတ်သားနှင့် ပြန်လည်ပေါင်းရပါစေလို၏"ဟု အမြဲဆုတောင်း လေ့ရှိသည်။

ဤသို့ အတိတ်ဘဝက အရှင်လင်ကိုသာ အစဉ်မပြတ် တောင့်တရာ တောင်းလေ့ရှိသောကြောင့် ရဟာန်းတို့က (ပတိပူဇိတာ)ဟု ခေါ်ကြသည်။

သူမသည် ထကြွလုံ့လဝီရိယရှိသည်။ အမြဲမပြတ် ဆွမ်းစားဇရပ်ကို ရှင်းလင်းသုတ်သင် သိမ်းဆည်းသည်။ သံဃာတော်များအတွက် သောက်ရေ သုံးရေကို တည်ထားပေးသည်။ ထိုင်ရန်နေရာကို ခင်းပေး၏။ အခြားသူတို့ လာရောက်လှူဒါန်းသည်ကိုလည်း ခွဲခြမ်းဝေဖန် လှူဒါန်းပေး၏။ ဝါဆိုသင်္ကန်းကိုလည်း ကပ်လှူခဲ့သည်။

ပတိပူဇိတာသည် အစဉ်သဖြင့် မိမိလင်ယောကျ်ားထံ သွားလိုသောစိတ် ပြင်းပြစွာဖြင့် ကုသိုလ်စိတ်ဖြင့်သာ အစဉ်လှုပ်ရှားလုပ်ကိုင်နေလေသည်။

တစ်နေ့ ထိုအမျိုးသမီးသည် ရုတ်တရက်ရသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားခဲ့ရာ ကုသိုလ်ပြုတိုင်း မာလာဘာရီနတ်ထံ ပြန်ရောက်လိုသောဆောဖြင့် ဆုတောင်းကာ ပြုလုပ်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တာဝတိံသာနတ်ပြည်ရှိ မာဘာရီနတ်သားထံသို့ အိပ်သောယောက်ျား နိုးသော်လားသို့ ပြန်ရောက်ရှိသွားလေသည်။

ပတိပူဇိတာနတ်သမီးဘဝသို့ ပြန်လည်ရောက်ရှိသည့်အခါ နတ်သမီးငါးရာတို့သည် မာလာဘာရီနတ်သားကို ပန်းကုံးတို့ဖြင့် တန်ဆာဆင်ပေးလျက်ပင် ရှိသေးသည်။

မာလာဘာရီ နတ်သားသည် လူ့ပြည်မှတစ်ဖန် စုတေ၍ ပြန်လာသော နတ်သမီးကိုမြင်လျှင် မေးမြန်းစုံစမ်းသည်။

"အသင့်ကို စောစောက ငါမမြင်၊ အဘယ်သို့သွားနေပါသနည်း"

"အရှင်...ကျွန်တော်မသည် နတ်ဘဝမှ စုတေသွားခဲ့ပါသည်"

"အသင်နတ်သမီး အဘယ်သို့ ပြောဆိုပါသနည်း"

"အရှင် ကျွန်ုပ်သည် နတ်ဘဝမှ စုတေပြောင်းရွှေ့ရသည်ကို ပြောပါသည်"

"သို့ဖြစ်လျှင် အတိတ်ဘဝ၌ မည်သည့်နေရာ၌ တည်ပါသနည်း"

"အရှင် လူ့ဘဝ၌ တည်ပါသည်"

"ထိုလူ့ဘဝ၌ အဘယ်မျှ ကြာသနည်း"

"လူ့ဘဝတွင် သာဝတ္ထိပြည်၌ သားလေးယောက်တို့ ဖွားမြင်ခဲ့ပါသည်။ ဒါန သီလ ကုသိုလ် စသည်ပြုပြီး အရှင့်ထံသို့ ပြန်ရောက်ရန် ဆုတောင်းခဲ့ပါသည်။ ဤဆုတောင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ယခု ပြန်ရောက်ရပါသည်”

“လူတို့သက်တမ်းသည် အဘယ်မျှ ရှည်ကြပါသနည်း”

“နှစ်တစ်ရာမျှလောက် ရှိမည်”

“နှစ်တစ်ရာပင်လော”

“ဤမျှသာ အသက်ရှည်ကြပါသည်”

“ဤမျှတစ်ရာလောက်သော သက်တမ်းရှိခဲ့လျှင် လူတို့သည် မိမိတို့ရရှိသော ဘဝကို ထိုမျှလောက် တိုတောင်းသော ကာလအတွင်း၌ မမေ့မလျော့သော သတိတရားဖြင့် ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို ကြိုးစားအားထုတ်ကြပါရဲ့လား”

“မှန်လှပါ လူတို့သည် နှစ်တစ်ရာသော အသက်ကို ရှည်လှပြီဟု ထင်မှတ်၍ စားကာ၊ သောက်ကာ၊ ပျော်ပါးကာဖြင့် ဇာတိ၊ ဇရာ၊ မရဏာဘေးတို့ကို တွေး၍ မကြောက်။ မေ့လျော့ ပျော်ပါးကာ နှစ်အသချေ နေရမည်ကဲ့သို့ မအို...မသေ နေရမည်ကဲ့သို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေသူတို့က များကြပါသည်”

ထိုစကားကိုကြားလျှင် မာလာဘာရီနတ်သားသည် ကြီးစွာသော သံဝေဂတရားဖြင့် ထိတ်လန့်ပြီး...

“အို...လူတို့သည်ကား အနှစ်တစ်ရာလောက်သော အသက်ကို ရှည်လှန်းပြီဟု ထင်မှတ်၍ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေခဲ့ကြသည် ဖြစ်ပါမူ အဘယ်ကာလ၌ ဆင်းရဲဒုက္ခပေါင်းမှ လွတ်မြောက်နိုင်ပါအံ့နည်း”

www.burmeseclassic.com

www.burmeseclassic.com



ပတိပူဇိတာနတ်သမီး သေဆုံးခြင်းနှင့် ပတ်သက်၍ ရဟန်းတို့သည် ဘုရားရှင်ကို လျှောက်ထားကြပြီး မေးမြန်းကြသည်။ ဘုရားရှင်က အကြောင်းစုံကို ရှင်းပြပြီး…

"ချစ်သားတို့၊ သတ္တဝါတို့ အသက်မည်သည်ကား အလွန်တိုတောင်းလှ၏။ ဤသို့ တိုတောင်းလှသော အသက်ရှိသောကြောင့် လူသတ္တဝါတို့သည် ဝတ္ထုအာရုံ ကာမဂုဏ်တို့မှာ မရောင့်ရဲ မတင်းတိမ်မီပင် ကိုးဆယ့်ရှစ်ဖြာ များစွာသော စစ်သည်ဗိုလ်ပါရှိသော သေမင်းမိုက်သည် အတင်းဖမ်းယူသွားတော့သည်သာတည်း"ဟု မိန့်ကြားတော်မူလေသည်။

## ဖြူဖွေးပြည့်တဝင်းဝင်း ဂါက်စားကျင်းမှာ တရှုပ်ရှုပ် မယ်သုမန

အမတ်ကြီးလကုဏ္ဍက အတိဗ္ဗရ၏ဇနီးမယား ဖြစ်သူ မယ်သုမနသည် ရတနာသုံးပါးကို လွန်စွာကြည်ညိုသည်။ နေ့စဉ် သံဃာတော်များအား ဆွမ်းကပ်လှူဝတ်ကို ဆောင်ရွက်၍ ဆွမ်းလောင်းလှူခဲ့သည်။

မယ်သုမန၏ မိဘများသည် မူလက အနုရာဓမြို့၏ တောင်ဘက်ရှိ ဘောဂ္ဂန္တ ရွာတွင်နေသော ချမ်းသာကြွယ်ဝသော သူကြွယ်မျိုးများ ဖြစ်ကြသည်။ နောင်တွင် ဖခင်သည် ဒီဃဝါပိနယ် မဟာမုနိရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရွာ၌နေစဉ် ဒုဋ္ဌဂါမဏိမင်းကြီး၏ အမတ်စစ်သူကြီး လကုဏ္ဏလအတိဗ္ဗရသည် ကိစ္စတစ်ခုဖြင့် ထိုရွာသို့ ရောက်လာခဲ့ရာ မယ်သုမနကို တွေ့မြင်သွားပြီး များစွာ ချစ်မြတ်နိုးလှသောကြောင့် မိဘတို့ထံ ခွင့်ပန်ကာ အကြီးအကျယ် မင်္ဂလာပြုပြီး မိမိ၏နေရပ် မဟာဗပုဏ္ဏရွာသို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

တစ်နေ့သောအချိန်တွင် တောင်စွန်း ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေသော မဟာအနုရုဒ္ဓမထေရ်ကြီးသည် သံဃာတော်များနှင့်အတူ ရွာထဲသို့ ဆွမ်းခံကြွလာရင်း မယ်သုမန၏ အိမ်ရှေ့သို့ ရောက်လာသည်။ မယ်သုမနသည် သံဃာတော်များကို ထုံးစံအတိုင်း ဆွမ်းထွက်၍ လောင်းလှူလေသည်။

အရှင်မဟာအနုရုဒ္ဓမထေရ်ကြီးသည် မယ်သုမနကိုမြင်စဉ် နောက်ပါသံဃာတော်များကို ဤသို့ မိန့်ကြားတော်မူသည်။

"ငါ့ရှင်တို့...ဘုရားရှင်လက်ထက်က ဘုရားမိန့်ကြားခဲ့သော ဝက်မကလေးသည် ယခုအခါ လကုဏ္ဏလအတိဗ္ဗရအမတ်ကြီး၏ အမတ်ကတော်ဘဝသို့ ရောက်နေပါပကောလား။ အလွန်အံ့ဩဖွယ် အံ့ဩစရာကောင်းပေစွ"

ထိုစကားကို မယ်သုမနသည် ကြားသည်။ မယ်သုမနသည် ထိုခဏမှာပင် ရှေးဘဝဟောင်းများကို ပြန်လည်အောက်မေ့နိုင်သော ဇာတိဿရဉာဏ်သည် ဖြစ်ပေါ်လာခဲ့သည်။ သူမသည် ဆွမ်းလောင်းအပြီးအပြန် အိမ်ပေါ် ဆိတ်ငြိမ်ရာ တစ်နေရာ၌

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီး မိမိ၏ ဘဝဟောင်းများကို ပြန်လည် ဆင်ခြင်ကြည့်မိသည်။

ထိုသို့ ဆင်ခြင်ကြည့်သည့်အခါ မိမိ၏ အတိတ်ဘဝဟောင်းများကို ကွက်ကွက်ကွင်းကွင်း မြင်လေသည်။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဖြစ်သည်။ ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်စဉ် ဝက်မကလေးတစ်ကောင်ကို မြင်တော်မူ၍ ပြုံးတော်မူသည်။ ဘုရားရှင် ပြုံးတော်မူစဉ် သွားတော်များမှ ဖြူသောရောင်ခြည်တော်များ ထွက်ပေါ်လာတော်မူသည်။ ရှင်အာနန္ဒာမထေရ်မြတ်သည် ဘုရားရှင် ပြုံးတော်မူသည်မှာ အကြောင်းရင်းခံရှိမည်ဟု စဉ်းစားဆင်ခြင်ပြီး လျှောက်ထားသည်။

"မြတ်စွာဘုရား အဘယ်အကြောင်းအရာကို မြင်၍ ပြုံးတော်မူပါသလဲဘုရား"

"ချစ်သားအာနန္ဒာ ဟိုမှာကြည့်ပါလော့၊ ဝက်မကလေးကို မြင်တော်မူသည် မဟုတ်ပါလော"

"မြင်ပါသည် မြတ်စွာဘုရား"

"အာနန္ဒာ အဲဒီဝက်မကလေးသည် ကကုသန်ဘုရားရှင်လက်ထက်က ပထမ အမျိုးသမီး ဖြစ်ခဲ့တယ်။ ထိုလူ့ဘဝမှ သေပြီး ဆွမ်းစားကျောင်းတစ်ခု အနီးမှာ ကြက်မ ဖြစ်ခဲ့တယ်။ ထိုကြက်မကို သိန်းစွန်ငှက်က ဖမ်းသုတ်ပြီး စား၍ သေရပြန်တယ်။

www.burmeseclassic.com


သို့သော် စောစောပိုင်းက ရဟန်းတစ်ပါး၏ ကမ္မဋ္ဌာန်း တရားရှုတ် ဆိုနေသော တရားသံကို ကြားရပြီး ကုသိုလ်စေတနာ ဖြစ်ပွားခဲ့တယ်။ ထိုကုသိုလ်စောအစွမ်းကြောင့် လူ့ပြည်ဝယ် ဘုရင်သမီးတော် ဥဗ္ဗရီမည်သော မင်းသမီး လာဖြစ်ရပြန်တယ်။ ထိုမင်းသမီးဟာ နောင်ကာလမှာ ပရုပိုဇ်ကျောင်း၌ ပရုပိုဇ်ပြုရင်း အိမ်သာတွင်းရှိ ပိုးလောက်များကို ကြည့်ရှုပြီးလျှင် ပုဠုဝကသညာ (ဩဒါတသညာ)ကို ဖြစ်စေလျက် ပထမဈာန်ကို ရခဲ့တယ်။ ထိုပရုပိုဇ် ကွယ်လွန်တဲ့အခါ ပထမဈာန်အစွမ်းဖြင့် ဗြဟ္မာပြည်မှာ ဖြစ်ရလေတယ်။

"ဗြဟ္မာပြည်မှ စုတေတဲ့အခါ လူ့ပြည်မှာ သူဌေးသမီး ဖြစ်ခဲ့ရပြန်တယ်။ ထိုသူဌေးသမီး ဘဝက ကွယ်လွန်တဲ့အခါ ယခုကဲ့သို့ ဝက်မကလေး ဖြစ်နေရတယ်"

ဘုရားရှင်၏ ထိုမိန့်ကြားချက် စကားကို ကြားရသော ရှင်အာနန္ဒာနှင့် ရဟန်းတော်များသည် ကြီးစွာသော သံဝေဂ ရတော်မူသည်။ ဘုရားရှင်က ဆက်လက်ဟောကြားတော်မူခဲ့ရာ-

"အမြစ်ရင်းသည် ဘေးရန်မရှိဘဲ ခိုင်မြဲနေတတ်သော အထက်ပိုင်းဘက် အကိုင်းအခက် ခုတ်ထားသော်လည်း သစ်ပင်သည် တစ်ဖန်ပြန်၍ အညွန့်အတက်ပေါ်ထွက် စည်ပင်ပြန်သကဲ့သို့ ဤအတူပင်လျှင် သန္တာန်၌ဖြစ်နေသော အနုသယဓာတ်ကို အရိယာမဂ်ဖြင့် မပယ်အပ်သေးသည်ရှိသော် ဘုံသစ်ဖြစ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



စသော ဤဆင်းရဲသည် အဖန်ဖန် အထပ်ထပ် ဖြစ်ရလေတော့သည်”

အနုသယတဏှာ အမြစ်မပြတ်သည့်အတွက် ဗြဟ္မာဖြစ်ပြီးနောက် လူ့ဘဝ၊ လူ့ဘဝမှတစ်ဆင့် ဝက်မကလေးဘဝ ဖြစ်ရသည်။

ဤသည်ကို အကြောင်းပြုပြီး ရှေးဆရာတော်များက ဗြဟ္မာပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုပ်ရှုပ်ဟူ၍ ဆိုကြလေသည်။

ထိုဝက်မကလေးဘဝမှ သေဆုံးသည်ရှိသော် သုဝဏ္ဏဘူမိတွင် ဘုရင့်သမီးတော် ဖြစ်လာရပြန်သည်။

ထိုဘဝမှ သေပြန်သော် ဝနဝါသီတိုင်း (ယခု ဘုံဘောမြို့နယ်၏ အရှေ့တောင်ဘက်)၌ အမျိုးသမီး လာဖြစ်ရပြန်သည်။

ထိုဘဝမှ သေသော် သုပ္ပါရက သဘော်ဆိပ်အရပ်၌ မြင်းကုန်သည်၏သမီး ဖြစ်ရပြန်သည်။

ထိုဘဝမှသေသော် အိန္ဒိယကျွန်းဆွယ် အရှေ့တောင်ဘက် အစွန်းမှာ ရှိသော ရှေးက ဒမိဠခေါ် တမိလ်လူမျိုးတို့ နေထိုင်သော ပင်လယ်ဆိပ်ကမ်းဖြစ်သော ကာဝီရသဘော်ဆိပ်၌ လှေသူကြီးသမီး ဖြစ်ရပြန်သည်။

ထိုမှတစ်ဖန် သေသော် ယခုလက်ရှိဘဝ သီရိလင်္ကာနိုင်ငံ အနုရာဓမြို့တောင်ဘက်ရှိ ဘောက္ကန္တ ဆိုသောရွာတွင် သုမနသူကြွယ်၏သမီး လာဖြစ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မယ်သုမနသည် ဇာတိဿရဉာဏ်ဖြင့် မိမိ၏ဘဝ အဆက်ဆက်ဖြစ်ပေါ်မှုကို သိမြင်ရသောအခါ သံသရာကို ထိတ်လန့်ကြောက်ရွံ့သော သံဝေဂဉာဏ် ဖြစ်ပေါ်လာမိသည်။

သို့အတွက် သူမ၏ခင်ပွန်း အမတ်ကြီးထံ ခွင့်ပန်၍ ဘိက္ခုနီမကျောင်း၌ ရဟန်းမ,ပြုခဲ့သည်။ ရဟန်းမ ပြုပြီးနောက် တိဿမဟာဝိရကျောင်းတိုက်တွင် သတိပဋ္ဌာန်သုတ်ကို နာကြားခဲ့ပြီး ထိုနည်းအရ တရားအားထုတ်ခဲ့ရာ သောတာပတ္တိမဂ်ဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

ထိုနောက် မိမိ၏ မူလမွေးဇာတိရွာဖြစ်သော ဘောဂ္ဂန္တရွာသို့ သွားရောက်ပြီးလျှင် ကလ္လမဟာဝိရကျောင်းတိုက်၌ အာသိဝိသောပမာသုတ်ကို ကြားနာရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီး ရဟန္တာမကြီး သုမနထေရီ ဖြစ်သွားလေသည်။

ထေရီမကြီးသည် မိမိ၏ ဘဝသံသရာလည်ပုံ အစုံစုံကို အခြား ရဟန်းမများကိုလည်း ထပ်မံ ဟောကြားပြပြီး ပရိသတ်လေးပါးကို သတိသံဝေဂရစေပြီးမှ ပရိနိဗ္ဗာန်ပြုခဲ့သည်။

ဓမ္မပဒအဋ္ဌကထာ

## နှစ်ဘဝဇာတ်လမ်းကိုမှတ်တမ်းတင်ခဲ့သောဆရာတော်ဦးဩဃ

မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်တွင် စာပေကျမ်းဂန် ချပို့တော်မူခြင်း၊ ကျမ်းဂန်ပြုစုရေးသားတော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့ ကပ်လှူခြင်းခံရသော ဆရာတော်ဦးကြယ်ခေါ် ဦးဥက္ကံသသည် သုံးဘဝကူး ဆရာ တော်ဟု ထင်ရှားခဲ့သည်။

ဆရာတော် မိတ္ထီလာမြို့ အရှေ့တောင် ခပ်ယွန်းယွန်း ကိုးမိုင်ကွာဝေးသည့် ကွက်ငယ်ရွာ ညောင်ပင်ကြီးရပ်နေ အဖ ကျောင်းဒါယကာကြီး ဦးဖုန်း၊ ကျောင်းဒါယကာမကြီး ဒေါ်ဖွားလေးတို့မှ သက္ကရာဇ် ၁၂၅၁ ခု၊ တော်သလင်းလပြည့်ကျော် (၇)ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားခဲ့သည်။ ငယ်နာမည် မောင်ကြယ် ဖြစ်သည်။

မောင်ကြယ်လေးသည် အသက်လေးနှစ်သား အရွယ် အရောက်တွင် မိခင်ကို ငါ့ကို မိဆိုးအိမ် လိုက်ပို့ဟု ပူဆာလေသည်။

ထိုပူဆာမှု ခဏ ခဏ ပြုလုပ်ပြောဆိုလာသဖြင့် တစ်နေ့တွင် မိခင် ဒေါ်ဖွားလေးက...

"နင့်မိဆိုးအိမ် ဘယ်မှာလဲ"

ဟုမေးရာ ကလေးက တောင်ဘက်ကွက်ငယ်ရပ်သို့ လက်ညှိုးထိုးပြပြီး...

"ဟိုမှာ မိဆိုးအိမ်ရှိတယ်"

ဟူ၍ ပြောပြလေသည်။

ကလေးက နောက်တစ်ကြိမ် ပို့ခိုင်းပြန်ရာ မိခင်က...

"နင့်မိဆိုး ငါမသိဘူး၊ နင့်ဟာနင်သွား"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရာ ကလေးငယ်သည် ကွက်ငယ်ရပ်သို့ သူ့ဘာသာသူ ဦးဆောင်သွားသည်။ မိခင်က နောက်ကလိုက်ရသည်။

ဒေါ်ဆိုးအိမ်သို့ရောက်လျှင် အိမ်ရှေ့ ကွပ်ပျစ်တွင် ထိုင်နေသော ဒေါ်ဆိုးကို တွေ့သောအခါ အတင်းပြေးသွားပြီး ဒေါ်ဆိုးဂုတ်ခွစီးပြီး...."ဟဲ့–မိဆိုး"

ဟု အားရပါးရ ခေါ်လိုက်သည်။ ဒေါ်ဆိုးမှာ အံ့အားသင့်နေလေသည်။

ရုတ်တရက် စကားမပြောနိုင်ဘဲ ကလေးကို ဂုတ်ပေါ်မှချပြီး၊

"နင် ဘယ်သူလဲ"

ဟု ဒေါ်ဆိုးက မေးသည်။

"ငါ ရွှေအုံးဟ"

ဟုပြောလျှင် ဒေါ်ဆိုးသည် သူမ၏ဖခင်ကို သတိရပြီး လွမ်းဆွတ်လျက် ငိုကြွေးလေသည်။

ထို့နောက် ဒေါ်ဆိုးသည် သူ့ဖခင် ဦးရွှေအုံး ဟုတ်၊ မဟုတ် စမ်းသပ်သောအနေဖြင့် ဦးရွှေအုံး၏ အိုးအိမ်နေရာ၊ ဥစ္စာပစ္စည်းတို့ကို ပြသ၍ မေးရာ အားလုံးမှန်အောင် ပြောဆိုနိုင်သည်။ သားချင်းနာမည် စသည်တို့ကိုမေးရာ အကုန်လုံး အမှန်ပြောနိုင်လေသည်။

သို့အတွက် ဒေါ်ဆိုးသည် မောင်ကြွယ်ကလေး ငါးနှစ်သား

www.burmeseclassic.com

www.burmeseclassic.com



အရွယ်မှ ရဟန်း (၃)ဝါ ရသည်အထိ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့လေသည်။

ဆရာတော်သည် ဦးရွှေအုံးဘဝက ကျောင်းပင် မနေခဲ့ရ။ သင်္ကန်းလည်း မဝတ်ခဲ့ရဟု ဆိုပါသည်။ သားများကိုမူ ရှင်ပြု ပေးခြင်း စသော ကုသိုလ်များကိုမူ ပြုခဲ့ရဖူးသည်။

သာမန် အမှတ်တမဲ့ လုပ်ကိုင်စားသောက်၍ နေခဲ့ရာမှ ကိုယ်ရောင်ရောဂါဖြင့် သေလွန်ခဲ့သည်။

(ထိုအစွဲအလမ်းကြောင့် ဆရာတော်သည် ဝါ(၂၀)ရသည် တိုင်အောင် ကိုယ်ရောင်လျှင် သေလိမ့်မည်ဟု ထင်မှတ်စွဲလမ်း နေခဲ့သည်ဟု ဆိုပါသည်)

ဦးရွှေအုံးဘဝမှ သေလွန်သောအခါ တစ်ခုသော နေပျောက် မထိုးသည့် သစ်ပင်ကြီးအောက်၌ လေးပေခန့် အရပ်ရှိသော သူတစ်ယောက် ဖြစ်နေသည်။ ထိုသစ်ပင်ကြီးအောက်၌ ဟိုဟိုဒီဒီ တောင်မြောက်လေးပါး သွားလာနေစဉ် တစ်ချိန်သောအခါ ထို သစ်ပင်ကြီး၏ အရိပ်အပြင်ဘက်သို့ ထွက်လိုက်မိသည်။

ထိုနောက် ဒုတိယဘဝကို ဘာမှပြန်မသိတော့ချေ။ ယခု ဇာတိဘဝ မောင်ကြယ်အမည်ဖြင့် လူပြန်ဖြစ်သောအခါ ပထမ ဒုတိယဘဝ နှစ်ဘဝလုံးကို အကုန်ပြန်သိလေသည်။

ဆရာတော်လောင်း မောင်ကြယ်လေးသည် အသက်(၇)နှစ် ရွယ်တွင် မိဘတို့ အပ်နှံသဖြင့် ကွက်ငယ်ရွာ အရှေ့ဘက်

www.burmeseclassic.com

www.burmeseclassic.com


မင်းကျောင်းဆရာတော် ဦးစန္ဒာသိရိထံ ပညာစတင်သင်ခဲ့သည်။

(၁၁)နှစ်ရွယ်တွင် မိခင်ဒေါ်ဖွားလေး၏ ညီမဖြစ်သူ ဦးချစ်ဖူး၊ ဒေါ်လှဘုံတို့၏ ပစ္စယာနုဂ္ဂဟ ခံယူ၍ ရှင်သာမဏေ ဝတ်ခဲ့သည်။ ရှင်ဥက္ကံသ ဘွဲ့အမည် ရရှိခဲ့သည်။

သက်တော် (၂၀)နှစ်တွင် ကွက်ငယ်ရပ်နေ ဇရပ်ဒါယကာကြီး ဦးလူတုပ်၊ ဒေါ်မြိုင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝသို့ ရောက်ခဲ့သည်။ ဆရာတော်သည် အစိုးရ ငယ်-လတ်-ကြီးနှင့် သကျသီဟစာမေးပွဲများကို အောင်မြင်ခဲ့သည်။ ပခုက္ကူတွင် ကျမ်းရိုးပေါက် သင်ယူခဲ့ပြီး စာချဆရာတော် ပြုလုပ်ခဲ့သည်။ ကျမ်းများစွာကိုလည်း ရေးခဲ့သည်။

ဆရာတော်သည် ပါဠိပညာရေးအဖွဲ့ နာယက တာဝန်၊ နိုင်ငံတော် ဝိနည်းမိုရ် တာဝန်၊ ကျောင်းထိုင်ဆရာတော် အမြဲ ဥက္ကဋ္ဌတာဝန်၊ ဆဋ္ဌသံဂါယနာ ဝန်ဆောင်ဆရာတော် တာဝန် စသည်တို့ကို ထမ်းဆောင်ခဲ့သည်။

အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံများသို့လည်း သွားရောက်ခဲ့သည်။ ဆရာတော်သည် သာသနာအကျိုးအတွက် တစ်ဖက်က တပည့်များအား စာဝါပို့ချခြင်း၊ ကျမ်းဂန်များ ပြုစုရေးသားရင်း သက်တော် (၈၇)နှစ်၊ သိက္ခာတော် (၆၇) ၁၃၃၇-ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(ဆရာတော်သည် မိမိ၏ဘဝ အတ္ထုပ္ပတ္တိ အကျဉ်းကို ကိုယ်တိုင်ရေးသားထားခဲ့ပါသည်)

**လေးဘဝ သတိရ ဇာတိဿရရှင်**

(မရီးနှင့်မတ်၊ လင်ကိုသတ်၊ လေးဇာတ်တိုင်အောင်ပင်)

(ကဝိလက္ခဏာသတ်ပုံမှ)

သီဟိုဠ်ကျွန်းရှိ တောရွာတစ်ရွာတွင် ညီအစ်ကိုနှစ်ယောက် ရှိကြသည်။ အစ်ကို၏မယားသည် အစ်ကို တောသို့ အလုပ်သွားလုပ်နေစဉ် မတ်တော်သူ ညီနှင့် ဖောက်ပြန်နေလေသည်။

မရီးဖြစ်သူသည် လင်ထက် မတ်ကို ပိုမို၍ ချစ်မြတ်နိုးနေလေသည်။ သို့အတွက် အစ်ကိုကို သတ်ရန် မရီးက မတ်ကို တိုက်တွန်းလေသည်။ မတ်က ဤကဲ့သို့ မပြုလုပ်ရန် ဘားမြစ်လေသည်။

သုံးကြိမ်မြောက် တိုက်တွန်းပြောဆိုသောအခါ မတ်ဖြစ်သူက...

"ဘယ်လိုလုပ်ပြီး သတ်ဖို့ အခွင့်အရေး ရနိုင်မလဲ"

ဟု မေးသည်။

"အို...လွယ်ပါတယ်ရှင်၊ ရေချိုးဆိပ်က ခတက်ပင်မှောင်ကြာ နေပြီး ပဲခွပ်လက်နက်နှင့် စောင့်နေပါ။ အဲဒီနေရာကို ကျွန်မ လွှတ်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



မရိုးက ဤသို့ အကြံပြုသောအခါ မတ်လည်း သဘောတူပြီး အစ်ကိုကို သတ်ရန် ခတက်ပင်ပေါ်က စောင့်နေလေသည်။

ခင်ပွန်းဖြစ်သူ တောမှ အလုပ်လုပ်ပြီး၍ ပြန်လာသောအခါ ဇနီးဖြစ်သူသည် ချစ်မြတ်နိုးယောင်ဆောင်ပြီးလျှင် ခင်ပွန်း၏ ဦးခေါင်းမှ ဆံပင်များကို ယုယုယယနှင့် ဖြီးပေးနေသည်။

"ခေါင်းက ညစ်ပေလွန်းအားကြီးပါတယ်။ ရေချိုးနေကျ ခတက်ပင်ဆိပ်သွားပြီး ခေါင်းလျှော်လိုက်ပါဦး မောင်ရယ်" လို့ ပြောသည်။ ခင်ပွန်းဖြစ်သူကလည်း နဂိုကတည်းက မယားကို အလွန်ချစ်သူဖြစ်၍...

"ငါ့ဇနီးက ငါ့ကို အင်မတန် ယုယုယယနှင့် ပြုစုရှာပေသည်" ဟု အောက်မေ့ဝမ်းမြောက်လျက် ရေချိုးဆိပ်သို့ သွားလေသည်။

ရေချိုးဆိပ်တွင် ခေါင်းငုံ့ပြီး လျှော်နေစဉ် ညီသည် တိတ်တဆိတ် ဆင်းလာပြီး အစ်ကိုကို ပဲခွပ်နှင့် ခုတ်သတ်လေသည်။

အစ်ကိုသည် သေဆုံးစဉ် မယားကို စွဲလမ်းသော ဘဝနိကန္တိက တဏှာကြောင့် ထိုအိမ်မှာပင် လင်းမြွေ သွားဖြစ်ရလေသည်။

ထိုမြွေသည် ဇနီးအား တပ်မက်တွယ်တာသော စေတနာဖြင့် သေဆုံးခဲ့ရသောကြောင့် ထိုအိမ်အမိုးတွင် နေ၍ ထိုမိန်းမ၏ ကိုယ်ပေါ်သို့ ပစ်ချ ပစ်ချ၍ နေလေသည်။

မိန်းမသည် ထိုမြွေသည် မိမိ၏လင်ဟောင်း ဖြစ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး မြွေကို သတ်ပစ်လေသည်။

မြွေဘဝ သေဆုံးသောအခါ မယားဟောင်းပေါ် အချစ်မပြယ်သေးသော ဘဝနိကန္တိက တဏှာကြောင့် ထိုအိမ်မှာပင် ခွေးဖြစ်ရပြန်သည်။ ထိုခွေးသည် မယားချစ်သောဓာဖြင့် ထိုမိန်းမနောက်သို့ တကောက်ကောက် လိုက်နေသည်။ မခွဲရက် ဖြစ်နေသည်။ တောသွားလည်း လိုက်သည်။

သို့အတွက် ဘေးလူများက...

"ဟဲ့–ခွေးမုဆိုးထွက်ပြီ။ ဘယ်အရပ်သွားမလဲ မသိဘူး"ဟု ပြောင်လှောင် ပြောဆိုကြသည်။

သို့အတွက် မိန်းမသည် ပတ်ဝန်းကျင် ပြောင်လှောင်မှုကို မခံနိုင်၍ ခွေးကို သတ်ပစ်ပြန်လေသည်။

ခွေးဘဝက သေပြန်သောအခါတွင်လည်း တဏှာအချစ်ဓာက မပြတ်သေးသည့်အတွက် ထိုအိမ်မှာပင် နွားဖြစ်ရပြန်လေသည်။ ထိုနွားကလေးသည် ထိုမိန်းမနောက်သို့ တကောက်ကောက် လိုက်နေပြန်သည်။

ထိုသို့လိုက်နေသည်ကို မြင်ကြသော ပတ်ဝန်းကျင်က လူများက...

"ဟော့–နွားကျောင်းသား ထွက်ပြီ၊ ဘယ်နွားစားကျက်မှာ ကျက်စားကြမလဲ မသိဘူး"ဟု လှောင်ပြောင် ပြောဆိုကြပြန်သည်။

သို့တွက် ထိုမိန်းမသည် ရှက်ရွံ့သဖြင့် နွားကလေးကို

www.burmeseclassic.com

www.burmeseclassic.com



သတ်ခိုင်းပြန်လေသည်။

သို့သော် သူသည် ဇနီးဟောင်းအပေါ် ချစ်စိတ်တဏှာ မပြယ်ပျောက်သေးချေ။ စွဲလမ်းလျက်ပင် ရှိသေးသည်။

သို့တွက် နွားဘဝမှသေသော် ထိုမိန်းမ၏ ဝမ်း၌ ပဋိသန္ဓေ နေပြီး လူလာဖြစ်ရပြန်လေသည်။

ကလေးသည် ရှေးက လေးဘဝတိုင်တိုင် ထိုမိခင်မိန်းမ၏ စေခိုင်းချက်အရ သေရသော အဖြစ်အပျက်များကို ပြန်လည် သတိရသော ဇာတိဿရဉာဏ် ရသည့်အတွက်...

"ဒီလို ရန်သူဖြစ်တဲ့ မိန်းမရဲ့ဝမ်းဗိုက်မှာ ဖြစ်မှ ဖြစ်ရလေခြင်း"

ဟု ဆင်ခြင်ပြီး အလွန်စိတ်မချမ်းမသာ ခံစားနေရလေသည်။

ကလေးသည် ထိုစိတ်ကြောင့် သူ၏မိခင်လက်နှင့်သော်မျှ အထိမခံ။ ထိုမိန်းမက သားဆိုသော အမှတ်ဖြင့် လက်နှင့်ထိ ချီပွေ့လျှင် ကလေးက အပြင်းအထန် ငိုတော့သည်။

သို့အတွက် ကလေးကို အဘိုးအဘွားက ပြုစုစောင့်ရှောက်ပြီး နို့တိုက်ကျွေးရလေသည်။

ကလေးစကားပြောနိုင်သောအရွယ်သို့ ရောက်လာသောအခါ အဘိုးက..."ငါ့မြေး မင်းအမေက ထိလျှင် ပွေ့ချီလျှင် ဘာပြုလို့ ငိုရသလဲ"ဟု မေးသည်။

"ဒီမိန်းမကြီးက ကျွန်တော့်အမေ မဟုတ်ဘူး။ လေးဘဝ တိုင်တိုင် ကျွန်တော့်ကို သတ်ခဲ့တဲ့ ရန်သူပဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောပြီး မိမိဘဝအကြောင်းစုံကို ပြန်လည်ပြောပြလေသည်။

ထိုအခါ အဘိုးသည် ကလေးကို ပွေ့ဖက်ငိုယိုပြီး....

"လာပါ ငါ့မြေးရယ်၊ တို့ ဒီအရပ်မှာ နေလို့ အကျိုးမရှိပါဘူး"

လို့ ပြောပြီး ကလေးကို ပွေ့ချီကာ ကျောင်းတိုက်သို့သွားကာ ရှင်ရဟန်းပြု၍ နေကြလေသည်။

မြေးအဘိုးနှစ်ယောက်သည် ထိုကျောင်းတိုက်မှာ နေလျက် တရားအားထုတ်ကြရာ နောင်တွင် အရဟတ္တဖိုလ် ဆိုက်ပြီး ရဟန္တာ ဖြစ်ကြလေသည်။

(ဘဝနိကန္တိက တဏှာကြောင့် ဘဝသစ် ဘဝမျိုးစုံ ဖြစ်ရသူသည် ရဟန္တာဖြစ်မှပင် ထိုဘဝနိကန္တိက တဏှာပြတ်ပါသည်။ သို့အတွက် ဘဝဇာတ်မဆက်လိုသော သံသရာဝဋ်ဆင်းရဲကို မခံလိုသော သူတို့သည် ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်ကြရာသည်)

(အင်္ဂုတ္တိုရ်၊ အဋ္ဌကထာ-၂။ စာ-၁၈၉-၁၉၀)

## သုံးဘဝကူး မုံတောဆရာတော်

ဘိုးတော်ဦးဝိုင်း လက်ထက်တွင် မုံတောဆရာတော်ကြီးသည် သုံးဘဝကူး ဆရာတော်အဖြင့် ထင်ရှားကျော်ကြားမှုသည်။ ထိုဆရာတော်ကို ဘိုးတော်ဦးဝိုင်းက စိတ်ဝင်စားစား ရှိလှ၍

www.burmeseclassic.com

www.burmeseclassic.com



မင်းအမတ်ကြီး ဦးပေါ်ဦးကို စေလွှတ်ကာ သွားရောက်စုံစမ်းခိုင်းလေသည်။

ဆရာတော်ဘုရားကြီး၏ ကိုယ်တိုင်မိန့်ကြားချက်ကို မင်းလှသီရိသီဟသူက မှတ်တမ်းပြုခဲ့သည်။

မူရင်းပေစာမှတ်တမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၃၄–မုံတောဆရာတော်။ ၁၁၀၂–ဖွား၊ သက်တော် ၈၂။ ဘွဲ့ ရှင်ဝရ။ အမည်–ဦးပျော်။ ဇာတိ–အင်ယဉ်မုံတောရွာ။ အမရပူရမြို့တည်မင်းလက်ထက် သားတော် အိမ်ရှေ့မင်းက ကိုးကွယ်သည်။ ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ဖြင့် အဝမြို့ အရှေ့တောင်ထောင့်။ မဟာမင်္ဂလာရွှေဘုံ "ပိုးထိ" ကျောင်းတွင် လှူတော်မူသည်။ ၁၀–နှစ်သား၊ ကျောင်းသား၊ ၁၃–နှစ်ရှင်ပြု။ သာမဏေ ရှစ်ဝါရတွင် ရဟန်းခံသည်။

၁၁၃၈–ခုနှစ်၊ မုံတော ဆရာတော်ကျောင်းသို့ ဘုရင်မင်းတရားကြီး ထွက်တော်မူစဉ် ဆရာတော်ဘုရားကြီး အကြောင်းကို လျှောက်ရမည့် အမိန့်တော်နှင့် မြေတိုင်းအတွင်းဝန်မင်းကြီး "မင်းလှနော်ရထာဘွဲ့ခံ ဦးပေါ်ဦး လျှောက်ထားရာ ဆရာတော်မိန့်သည်ကား...

ဟံသာဝတီရောက်မင်းလက်ထက် မိဘတို့နှင့်အတူ နေ၍ အသက်ဆယ်နှစ်တွင် 'ကျောင်းသို့ ပို့ပါ' အကြိမ်ကြိမ်တောင်းပန်သည်နှင့် ဆရာဘုန်းကြီးထံ ပို့သ၊ စာပေသင်ကြား၊ ဆယ့်နှစ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်အရွယ်ရှိရာ ကျောင်းဆင့်ကပ်တွင် ရပ်နေစဉ် လူတစ်ဦး ခံမ,အများ ဝန်လေးစွာ ထမ်းပိုးဆောင်ယူလာသည်ကို မြင်သည့်အတွက် ထမ်းယူခဲ့သည်၊ ကျောင်းသားက မေးမြန်းလျှင် သားများ စားသောက်ရန် ထမ်းပိုးလုပ်ကျွေးရသည် ပြန်ပြောသောအခါ ထိုနေ့ပင် မိဘတို့ကို တောင်းပန်၍ ထိုဆရာရင်းထံ ရှင်ပြုလျက် တစ်ပါးတည်း ဆွမ်းခံသွားရာ ချေးနက်ချေးရူးကိုက်၍ ကုသ,မရ၊ ဘဝပြောင်းသွား။

"သုသာန်မှာ သင်္ဂြိုဟ်ပြီးနောက် သုသာန်၌ မတကာဘတ် (သက်ပျောက်ဆွမ်း၊ ရက်လည်ဆွမ်း) ဆွမ်းကျွေးတရားနာ လာရောက်ပြီး မြေမြှုပ်နှံသည်။ မြေပုံကို ကြည့်ရှု ငိုကြွေးပြီး ပြန်သွားကြရာ အမိတစ်ယောက်ကို စွဲငင်လိုက်ပါသွား၊ ပင့်သနွေ ယူ၍ ဖွားမြင်"

"ရှစ်နှစ်အရွယ်ရောက်လျှင် ငါ့ဆရာကျောင်းပို့၊ ပြောဖန်များ သဖြင့် မိဘတို့က မေးကြရာ အလုံးစုံပြန်ပြော။ ဆယ်နှစ်အရွယ်တွင် ဆရာရင်းကျောင်းသို့ပို့။ သင်ကြားနေသည့်အတွင်း သီတင်းနေ့တစ်နေ့တွင် ကျောင်းအနီး လွှစင်သို့ ကျောင်းသားတို့နှင့် သွားရောက်လွှတိုက်သည်ကို မြင်၍ "မည်သို့ကြောင့် ပင်ပန်းကြီးစွာ လုပ်ရသည်" မေးမြန်း၊ အထက်ပါနည်း ပြန်ပြောသည်တွင် ထိုနေ့ပင် မိဘတို့ကို တောင်းပန်၍ ၁၂ နှစ်တွင် ရှင်ပြု

"နှစ်ဝါရကာလ ကုဋီအဝင်တွင် မြွေခဲ၍ (မြွေကိုက်၍)

www.burmeseclassic.com

www.burmeseclassic.com



ကုသ,မရ ဘဝပြောင်းသွား၊ အထက်နည်း သုသာန်မှာသင်္ဂြိုဟ်၊ မတကာဘာတ် လုပ်ကျွေးပြီး နောက်နှစ်ရက် အဝမြို့နောက် ဘရန်းပေါက်၊ လက်ဆောင်ယူ ရွာများက ဟင်းရွက်ဟင်းသီး ထမ်းယူပြန်လာ (ကြဲသောသူများ) နေဝင်ကျော်တွင် သုသာန်သို့ ဆိုက်ရောက်၊ အထက်သင်္ဂြိုဟ်သည့် မြေပုံအနီး မိဘတို့က ငါ့သားမောင်ရှင်ကို အမှျပေးဝေပါ၏။ ထိုစဉ် ခဏ ဝမ်းမြောက် လှ၍ အမိတွင် ကိုယ်ဝန်စွဲနေ"

"အမိလည်း သားရောက်လာကြောင်း အိပ်မက်ထင်မြင်၊ နေ့လစေ့၍ ဖွားမြင်ပြီးနောက် သုံးဘဝတိုင် ယောကျ်ားကောင်း ဖြစ်၍ "ဤမိခင်ဝမ်း၌ ပျော်ပေသည်"ဟု မောင်ပျော် အမည်ပေး၊ ရှစ်နှစ် ကိုးနှစ် အတူနေပြီးမှ "ဆရာရင်းကျောင်းသို့ပို့ပါ"ဟု အထက်နည်း ပြန်ပြော၊ ဆရာရင်းထံပို့အပ်စာသင်၊ ဆယ့်သုံး နှစ်အရွယ် ရှင်ပြု၊ ငါးဝါရ ဆရာဘုန်းကြီး ဘဝပြောင်း၊ နောက်အနှစ်နှစ်ဆယ် ရဟန်းပြု၊ အဝမြို့တွင် စာသင်၊ ဝါ-၆ဝ၊ အသက်-၈၂ ရှိကြောင်း။ ။

"မိဘတို့ ရှိသေးလျှင် ဤအမိဝမ်း၌သာ အောင်း၍ ယောကျ်ား ကောင်းစစ် ဖွားမြင်၍ သာသနာတော်၌ ရဟန်းသာမဏေ ပြုချင်ကြောင်း"

သုံးဘဝဖြစ်သော သူငယ်ဘဝ၌ မိခင် မျက်နှာသုတ်ပုဝါ.. တစ်ပါး ဆိုးမစတ်ခဲ့ဖူးကြောင်း သုံးဘဝလုံး သတိရကြောင်းမှာ မိန့်ဆိုတိုင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



## သုံး၁ဝ ခန္ဓာအိမ်ပြောင်းရသော ဆရာတော်

မငေးရွာသည် လယ်ယာလုပ်ငန်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး သာယာလှပသော ရွာတစ်ရွာ ဖြစ်သည်။ ထိုရွာသည် ရန်ကုန်မြို့ ကြည့်မြင်တိုင်၏ အနောက်ဘက်ရှိ လှိုင်မြစ်မှ ဖြာထွက်သော ပန်းလှိုင်မြစ်ဝနှင့် (၇)မိုင်ကျော် ကွာဝေးသော အရပ်၌ တည်ရှိပါသည်။

ထိုရွာတွင် ဗုဒ္ဓဘာသာဝင်တို့၏ ထူးကဲသော သဒ္ဓါတရားဖြင့် ဆန်းကြယ်စွာ တိုင်ပေါင်း(၂၃)လုံးဖြင့် ဆောက်လုပ်ထားသော ကျောင်းကြီးတစ်ကျောင်း ရှိပါသည်။ ထိုကျောင်းကြီးသည် အခန်းပေါင်းများစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အလွန် ခမ်းနားလှသော ကျောင်းကြီး ဖြစ်သည်။

ထိုကျောင်း၌ ဒုတိယမြောက် ကျောင်းထိုင်သော ဆရာတော်မှာ ဦးသီလစာရ ဖြစ်ပါသည်။ ဆရာတော်ကို လူအများက ဘွဲ့အမည် မခေါ်ကြပါ။ လှိုင်မြစ်သာ ဇာတိဖြစ်၍ ဦးလှိုင်ဟူ၍သာ ခေါ်ဝေါ် ကြသည်။

ဆရာတော်သည် ပညာဂုဏ်ကြီးမား၍ နာမည်ကျော်ကြား သည်။ ဆရာတော်ကို ၁၂၄၇–ခုနှစ်၊ တပို့တွဲလတွင် တောင်ခွင် သာသနာ့ပိုင် ဆရာတော်ကြီးက...

"မာလာလင်္ကာရမဖေသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်ပေး၍ ကိုးဂိုဏ်းချုပ် ဆရာတော်အဖြစ် ခန့်

www.burmeseclassic.com


အပ်တော်မူခြင်းကို ခံရသည်။

ဦးလှိုင်ဆရာတော်သည် သက်တော်ရှယ်တော် ကြီးရင့်တော်မူ ပြီးနောက် မကြာခင် ပျံလွန်တော်မူခဲ့လေသည်။

ဆရာတော် ပျံလွန်တော်မူပြီးနောက် (၇)နှစ်အကြာတွင် ဖြစ်သည်။ မငေးထိန်ကုန်းရွာ အရှေ့ဘက်ကမ်းနေ ဦးဘိုးခက်၏ ဇနီး ဒေါ်နှင်းဥတွင် ထူးခြားသော အိပ်မက် မက်လာခဲ့သည်။

ဝတ်ဖြူစင်ကြယ်စွာ ဝတ်ဆင်ထားသော ပုဂ္ဂိုလ်တစ်ဦးသည် ဒေါ်နှင်းဥခေါင်းရင်းမှာ လာရပ်ပြီး…"ဟဲ့–နှင်းဥ နင့်ဆီမှာ ငါ လာနေမယ်၊ ငါ့ကို လက်ခံမလား"ဟု မေးသည်။ ဒေါ်နှင်းဥ ကလည်း ထိုပုဂ္ဂိုလ်ကို မြင်ကတည်းက ချစ်လည်းချစ်၊ ကြောက် လည်းကြောက်၊ ရိုက ရိုသေသဖြင့်…

"လာနေရင် ရပါတယ် လက်ခံပါတယ်"

ပြောလိုက်မိသည်။ ထိုသို့ ပြောပြီး လန့်နိုးလာရာ တစ်ကိုယ် လုံး ဝမ်းသာဝမ်းနည်းဖြစ်သလိုလို ကြောက်ရွံ့တုန်လှုပ်သလိုလို ခံစားရပြီး ဦးဘိုးခက်ကို နှိုးကာ အိပ်မက်အကြောင်းကို ပြောပြ သည်။

"မင်း…စိတ်စွဲလို့၊ ဒါမှမဟုတ် စိတ်ချောက်ချားလို့ မက်တာ ဖြစ်မှာပါကွာ။ ရတနာသုံးပါး အာရုံပြုပြီး ပြန်အိပ်ပါကွာ"ဟု ဦးဘိုးခက်က ပြောဆို နှစ်သိမ့်ပြီး ပြန်အိပ်စေပါသည်။

မျှားမကြာခင်ပင် ဒေါ်နှင်းဥ၌ ကိုယ်ဝန်ရှိလာပြီး ၁၂၅၈–

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၃)ရက်နေ့တွင် ဒေါ်နှင်းဥမှ သားရတနာတစ်ပါး မွေးဖွားလာခဲ့ပေသည်။

ထိုသားလေး ကိုယ်ဝန်ရှိချိန်တွင် ဒေါ်နှင်းဥသည် ဥပုသ်စောင့်လိုသောစိတ်၊ တရားနာလိုသောစိတ် အမြဲဖြစ်ပေါ် ခံစားနေရသည်။ စီးပွားဉစ္စာလည်း တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ သားကလေး မွေးဖွားချိန်ကပင် သားအတွက် လိုလေသေးမရှိ ပြည့်စုံလုံလောက်နေသည်။ ဆေးကပ်ပိုးသော ပစ္စည်းတို့ဖြင့် ကလေးမှာ အစစအရာရာ ပြည့်စုံကုန်လုံ ကြွယ်ဝပြီး ချမ်းသာစွာနေရလေသည်။

သားကလေးအမည်ကို မောင်ဘိုးချစ်ဟု အမည်ပေးထားကြသည်။ မောင်ဘိုးချစ် သုံးနှစ်သားအရွယ် ရောက်တွင် ဖြစ်သည်။ မောင်ဘိုးချစ်သည် အိမ်ရှေ့တွင်နေပြီး လမ်းမပေါ်သို့ ငေးမျှော်ကြည့်နေသည်။

ထိုအချိန်တွင် ရွာထဲမှ ဦးအုန်းဆိသည် လမ်းလျှောက်လာရင်း မောင်ဘိုးချစ်တို့ အိမ်ရှေ့သို့ ရောက်လာသည်။ မောင်ဘိုးချစ်သည် ဦးအုန်းဆိကို မြင်လျှင်မြင်ချင်း ရုတ်တရက် 'ဟေ့–အုန်းဆိ၊ ဟေ့–အုန်းဆိ' ဟု လှမ်းခေါ်လိုက်သည်။

ဦးအုန်းဆိသည် မောင်ဘိုးချစ်လို ကလေး လက်တောက်လောက်ကလေးက လူကြီးကို ဤကဲ့သို့ ရိုင်းစိုင်းစွာ ခေါ်သည်ကို ကြားရသောအခါ အံ့အားလည်းသင့်သွားသည်၊ ဒေါသလည်း ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့တွက် ဤကဲ့သို့ မိုက်မိုက်ရိုင်းရိုင်း ခေါ်သော ကလေးကို ရိုက်နှက် ဆုံးမရန် ဦးအုန်းဆီသည် ကလေးကို ဖမ်းချုပ်ပြီး လက်နှင့်ရိုက်ရန် ဟန်ပြင်လိုက်သည်။

"ဟေ့–အုန်းဆီ၊ မင်း ငါ့ကို ရိုက်မယ်မကြံနဲ့ကွာ၊ မင်းခေါင်းမှာ ငါရိုက်ထားတဲ့ ဒဏ်ရာ ပြန်ကြည့်စမ်းပါဦး"

မောင်ဘိုးချစ်က ကောက်ကာငင်ကာ ဆက်လက်ပြောလိုက်သဖြင့် ဦးအုန်းဆီမှာ အံ့အားသင့်ပြီး ရိုက်မယ့်လက်ကို ရုပ်သိမ်းကာ...

"မင်း ဘယ်သူလဲ"ဟု မေးလိုက်မိသည်။

"ငါ မင့်ဆရာ ဦးလှိုင်လေကွာ"

ဦးအုန်းဆီမှာ စကားဆက်မပြောနိုင်တော့ဘဲ ကလေးကိုသာ ဘယ်ပြန်ညာပြန် စူးစူးစိုက်စိုက် ကြည့်နေပြီး စိတ်မကောင်း ခံစားနေရလေသည်။ မျက်ရည်လည်း ကျမိသည်။

"ဟေ့–အုန်းဆီ၊ မင်း ငါ့ကို ကျောင်းလိုက်ပို့ပေးပါကွာ"

ကလေးက ဆက်လက်ပူဆာ ပြောဆိုသဖြင့် ဦးအုန်းဆီသည် မိမိ၏ ငယ်ဆရာ ဦးလှိုင်ကို သတိရပြီး မျက်ရည် တတွေတွေ စီးကျငိုရင်း ကလေးကို ချီပိုးပြီး ကျောင်းသို့ ခေါ်ဆောင်သွားမိတော့သည်။

ထိုအချိန်ကား ဦးလှိုင်၏ တပည့်ဖြစ်သူ သာသနသီရိ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုနှင့် နန္ဒာသာရ သီရိသဒ္ဓမ္မမဟာ

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မရာဇာဓိရာဇဂုရုဘွဲ့ နှစ်ထပ်ရ ဆရာတော်ဦးပု (ဦးဝိမလ)က ကျောင်းထိုင်နေချိန် ဖြစ်ပါသည်။ ဦးဝိမလနှင့်အတူ ဦးလှိုင်၏ တပည့် ဦးဘခေါ် ဦးသုနန္ဒပါ သီတင်းသုံးနေချိန် ဖြစ်ပါသည်။

မောင်ဘိုးချစ်သည် ကျောင်းသို့ ရောက်လျှင်ရောက်ချင်း ကျောင်းထိုင်ဆရာတော်ကို ဘာမှ မပြောမဆိုဘဲ ဦးလှိုင်ဘဝက သီတင်းသုံးခဲ့သော ကျောင်းခန်းအတွင်းသို့ စွတ်၍ ဝင်သွားလေသည်။ အခန်းကို အစုံလျှောက်ကြည့်ပြီး...

"မောင်ပါ...ငါသုံးစွဲခဲ့တဲ့ တောင်ဝှေးနဲ့ စာအုပ်တွေကော ဘယ်မှာလဲ"ဟု ခပ်ထန်ထန် မေးလေသည်။

ဆရာတော်ဦးပုမှာ ကလေးကို အကဲခတ်ပြီးလျှင် ဆရာတော် နှစ်ပါး တိုင်ပင်ကာ ဦးလှိုင်သုံးစွဲခဲ့သော ပစ္စည်းများနှင့် အခြား ပစ္စည်းများကို ရောနှောပြီး...

"ရှိပါတယ်၊ ဒါပေမယ့် ပစ္စည်းတွေက ရောနေပါတယ်။ စာအုပ်တွေကလည်း ရောနေပါတယ်"

ဟု ပြောပြီး ပစ္စည်းများ၊ စာအုပ်များကို ရောနှောပြီး ပြလေသည်။

မောင်ဘိုးချစ်ကလေးသည် ဦးဘိုးလှိုင်ဘဝက သုံးစွဲခဲ့သော စာအုပ်များ၊ တောင်ဝှေးအမှန်ကို ရွေးပြနိုင်သည်။ အခြားပစ္စည်း အသုံးအဆောင်များကိုလည်း အမှန်ရွေးပြနိုင်ခဲ့သည်။

ထိုသို့ ပစ္စည်းများ ရွေးချယ်ပြရင်းပင် သာယာနေ့တို့၊ စိုးမောင်

www.burmeseclassic.com

www.burmeseclassic.com



တို့ကော ရှိကြသေးရဲ့လားဟု ဆက်မေးပြန်သည်။ ဆရာတော်နှစ်ပါးက...

"ရှိပါသေးတယ်"ဟု ပြောပြီး ကျောင်းသားလွှတ်ကာ ခေါ်ခိုင်းရသည်။

ဦးသာထွန်းနှင့် ဦးစိုးမောင်တို့ ရောက်လာကြသောအခါ မောင်ဘိုးချစ်ကလေးက...

"မင်းတို့ ကြီးကြမှကိုးကွ"

ဟု ပြောလိုက်ရာ ဦးသာထွန်းနှင့် ဦးစိုးမောင်တို့မှာ မျက်ရည်မဆည်နိုင်အောင်ပင် ရှိကြလေသည်။

အချိန်အတော်ကြာ၍ အိမ်ပြန်ရန် ဦးအုန်းဆီက ပြောရာ မောင်ဘိုးချစ်က မပြန်ဘူးဟု ငြင်းဆန်နေသည်။ ဆရာတော်ဦးပါက သက်န်းစကလေးဖြင့် လက်ကို ချည်ပေးပြီး ချော့မော့ကာ ပြန်လွှတ်ရသည်။

အိမ်မှာ မနေလိုဟုဆို၍ သုံးနှစ်သားကပင် ကျောင်းအပ်ရသည်။ ကျောင်းရောက်၍ ကျောင်းသားများနှင့်အတူ ထမင်းကျွေးရာ မစားဘဲ...

"ငါ ဒီလိုစားတာ မဟုတ်ဘူး။ သီးသန့်စားပွဲနဲ့ စားလာတာ"

ဟု ပြောသဖြင့် ဆရာတော်က သီးသန့်လုပ်ပေးပြီး ကျွေးရသည်။

ထိုသတင်းကို ကြားရသော ဦးလှိုင်၏ တပည့်ဖြစ်သူ စလင်းဇာတိ ဖျာပုံက ဓောင်းရွာကျောင်းထိုင်ဘုန်းကြီး ဦးသောလောကသည် လာရောက်စုံစမ်းရင်း ကြွလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဘိုးချစ်သည် ကျောင်းဝိုင်းထဲသို့ ဝင်လာသော ဦးအာလောကကို မြင်ကတည်းကပင် ...

"ဟိုမှာ မောင်အာလောကကြီးပါလား" ဟု လှမ်းပြောလိုက်သည်။

ဦးအာလောကသည် မောင်ဘိုးချစ်ကို လေ့လာပြီး ဦးလှိုင် ပျံလွန်သော နှစ်၊ လ၊ ရက်၊ နေ့နှင့် မောင်ဘိုးချစ် အသက်ကို တွက်ချက်ကြည့်ရာ အတန်ငယ် ကွာခြားနေသည်ကို တွေ့ရ၍...

"မင်း–ဒီဘဝ မရောက်ခင်က ဘယ်မှာ ဘာဖြစ်သေးသလဲ" ဟု မေးလိုက်သည်။

"အလယ်ရွာက ဦးကြာညို၊ ဒေါ်ပုံတို့အိမ်မှာ မိန်းကလေး ဖြစ်ခဲ့တယ်။ ခြောက်နှစ်သမီးရှိတော့ ဝမ်းသက်ပေါက်လို့ ဝမ်းတွေ သွားပြီး သေရော"

ဟု မောင်ဘိုးချစ်က သွက်လက်စွာပင် ပြန်ဖြေလေသည်။ သူ၏ ဒုတိယဘဝကို အလိုလို ကောင်းစွာသိနေသော သဘော ရှိသည်။

မောင်ဘိုးချစ်ကလေးသည် ကိုးဂိုဏ်းချုပ်ဆရာတော် ဝင်စား သူပီပီ ဇာတိမာန်ကြီးလှသည်။ ရဟန်းသံဃာတော်ကြီး ဝါကြီးများ နှင့် လူကြီးသူမများကို ဆက်ဆံရာတွင် ကိုးဂိုဏ်းချုပ်ဆရာတော် ပုံစံအတိုင်း အပေါ်စီးကပင်နေ၍ ဆက်ဆံပြောဆိုလေ့ ရှိသဖြင့် ဆရာတော်ဦးအာလောကက,က ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ထက် အသက်သိက္ခာဂုဏ်ဝါကြီးသူကို ရိုသေလေးစားမှ ကြီးပွားကြောင်း"ကို တိတ္တိရဇာတ်ကို ပြောပြ၍ ဆုံးမလေ့မှာန်ကျလေသည်။

မောင်ဘိုးချစ်ကို အသက် (၁၁)နှစ်တွင် ရှင်ပြုသည်။ ရှင်အရိယာဘွဲ့အမည် ရသည်။ အသက် (၁၆)နှစ်ရွယ်တွင် မန္တလေးအနောက်ပြင် ချမ်းသာကြီးမြောက်တိုက် ရတနာပုံကျောင်းဆရာတော် ဦးဇာဂရထံ ပညာသင်ကြားခဲ့သည်။ ပိဋကတ်အားလုံးကို လေးဝါအရတွင် ကောင်းစွာ ကျွမ်းကျင်တော်မူလေသည်။

မငေးကျောင်းကြီး၏ ဒုတိယဆရာတော် ဦးပု၊ စတုတ္ထဆရာတော် ဦးဘတို့ ပျံလွန်တော်မူသောအခါ ဦးအရိယသည် မန္တလေးမှ မငေးသို့ ပြန်ကြွလာပြီး မငေးကျောင်း၏ ပဥ္စမမြောက် ဆရာတော်အဖြစ် လက်ခံ၍ ကျောင်းထိုင်လေသည်။

## မဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ရ
## ဒုတိယလွှဲပြည်ပြန် ဆရာကြီး ဦးအေးနိုင်

ဆရာကြီး ဦးအေးနိုင်သည် သာသနာရေး ဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဘဝဖြင့် အငြိမ်းစား ယူခဲ့သည်။

ယခုအခါ သာသနာရေးဝန်ကြီးဌာန အကြံပေးပညာရှင် ပိဋကတ် အင်္ဂလိပ်ဘာသာပြန် ပညာရှင်အဖြစ် အမျိုးဘာသာ

www.burmeseclassic.com

www.burmeseclassic.com



သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

ဆရာကြီးသည် အတိတ်ဘဝ လှူဝင်စားတစ်ဦး ဖြစ်ခဲ့သည်။ ဆရာကြီး၏ အတိတ်ဘဝသည်ကား…

ပန်းတနော်မြို့၏ အရှေ့ဘက် (၉)မိုင်အကွာလောက်တွင် ဂုံးမင်းဆိုသော ရွာတစ်ရွာ ရှိသည်။ ထိုရွာတွင် ပစ္စည်းဥစ္စာ တောင့်တောင့်ချမ်းသာသော ဦးနေကျော်ဆိုသော ဗုဒ္ဓဘာသာ ကရင်အမျိုးသားကြီးတစ်ဦး ရှိခဲ့သည်။ သူသည် ရပ်ရွာဗုဒ္ဓဘာသာ ကရင်အမျိုးသား ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။

သူ၏ဇနီးအမည်မှာ ဒေါ်မဲ ဖြစ်ပြီး သား(၃)ယောက်၊ သမီး (၄)ယောက် ရှိခဲ့သည်။

ဦးနေကျော်သည် ရပ်ရေး၊ ရွာရေးကိစ္စများကို ဦးဆောင်လုပ်ခဲ့သလို အလှူပေးမှုကိုလည်း ဦးဆောင်ခဲ့သည်။ အလှူကြီးအနေဖြင့် ကျောင်းဆောက်လှူခဲ့သည်။ ဘုရားတည်ခဲ့သည်။ ရေတွင်း ရေကန်များ တူးဖော်ပေးခဲ့သည်။ ဂုံးမင်းရွာ ဘုန်းကြီးကျောင်းသို့လည်း ပိဋကတ်သုံးပုံများ လှူဒါန်းခဲ့သည်။

ဦးနေကျော်တို့၏ ဂုံးမင်းရွာတွင် ထုံးအိုင်ကြီးများ ရှိခဲ့သည်။ ထိုအိုင်ကြီးများတွင် ငါးများရှိ၍ အစိုးရက အင်းလေလံ နှစ်စဉ် ပစ်လေ့ရှိသည်။ လေလံကို အစိုးရက တစ်နှစ်တစ်ခါ ပစ်လေ့ရှိသည်။

ဦးဘဖေ ဒေါ်သော်တို့သည် ပန်းတနော်မြို့မှ ရေလမ်းခရီး

www.burmeseclassic.com

www.burmeseclassic.com



မိုင်(၁၀၀)ဝေးသော ခနွဲကဘိုရွာတွင် နေကြသည်။ သူတို့သည် အင်းလုပ်ငန်းဖြင့် အသက်မွေးကြသူများ ဖြစ်၍ ဂုံးမင်းရွာသို့ အင်းလေလံလာဆွဲရင်း ဦးနေကျော်တို့ မိသားစုနှင့် မိတ်ဆွေဖြစ်ကြပြီး အင်းလေလံ အတူတူဆွဲကြသည်။

ဦးနေကျော်က ကိုယ်တိုင်မလုပ်၊ ရင်းနှီးငွေထုတ်ပေးပြီး သူရင်းငှားများဖြင့်သာ လုပ်ကိုင်ခဲ့သည်။

ဒေါ်သော်သည် ဂုံးမင်းရွာ၌ နေထိုင်စဉ် ဟင်းများကို ပိုပိုမိုမိုချက်ပြီး ဦးနေကျော်ထံ ပို့ပေးလေ့ရှိသည်။

ဦးနေကျော်သည် ဒေါ်သော်ချက်ပို့သော ဗမာဟင်းကို အလွန်ကြိုက်နှစ်သက်လေသည်။ ရသ တဏှာဖြစ်ခြင်း ဖြစ်သည်။

ငါးဖမ်းလုပ်ငန်း ပြီးသောအခါ ဦးဘဖေ ဒေါ်သော်တို့ ခနွဲကဘိုရွာသို့ ပြန်ကြလေသည်။

နောက်တစ်နှစ် လေလံဆွဲရာသီ ရောက်ပြန်သောအခါ ဂုံးမင်းရွာသို့ ပြန်လာကြပြန်သည်။ အင်းလေလံ ဆွဲကြပြန်သည်။

ဒေါ်သော်ကလည်း ယခင်ကလိုပင် ဦးနေကျော်ထံ ဟင်းများချက်ပို့ပြန်သည်။ ထိုဟင်းများကို ဦးနေကျော်သည် အလွန်ပင်တပ်မက် နှစ်သက်နေမိသည်။

အင်းလုပ်ငန်း ပြီးသွားပြီးနောက် ဦးဘဖေ၊ ဒေါ်သော်တို့ ထုံးစံအတိုင်း ပြန်ကြသည်။ နောက်နှစ်များတွင် ဦးဘဖေတို့မှာ အင်းလေလံမဆွဲတော့ချေ။ သို့အတွက် ဦးနေကျော်သည် ဦးဘဖေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သော်တို့ကို အလွန်ခင်မင်လှ၍ တစ်နှစ်တစ်ခေါက်လောက်တော့ သွားရောက် လည်ပတ်ဖြစ်လေသည်။

နောက်ပိုင်းတွင် ဦးနေကျော်ဇနီး ဒေါ်ပဲ ကွယ်လွန်သွား၍ ဦးနေကျော်သည် ဦးဘဖေ ဒေါ်သော်တို့ထံ မသွားဖြစ်တော့ချေ။

ခြောက်နှစ်လောက်ကြာသော နေ့တစ်နေ့တွင် ဖြစ်သည်။ ဒေါ်သော်ကို သရဲတစ္ဆေ တစ်ကောင်က ဝင်ပူးလေသည်။ ဒေါ်သော်ကို သရဲတစ္ဆေ ဝင်ပူးသည်ဆို၍ လူတွေက ဝိုင်းအုံလာကြသည်။

ဦးဘဖေက တစ္ဆေသရဲကို မကြောက်၊ တစ္ဆေသရဲကို မေးသည်။

"နင် ဘာလိုချင်လို့ ဝင်ပူးတာလဲ၊ ဘာစားချင်လို့လဲ"

"ဘာမှ မလိုချင်ဘူး၊ ဘာမှ မစားချင်ဘူး၊ နင်တို့ ငါ့ကို မသိကြဘူးလား"

ဒေါ်သော်ကနေ တစ်ဆင့် သရဲက ပြောသည်။

"မသိဘူး...ခင်ဗျား ဘယ်သူလဲ"

ဦးဘဖေက ဆက်မေးသည်။

"ငါ ဦးနေကျော်လေ...ငါသေသွားတာ သုံးလလောက်ရှိပြီ၊ နင်တို့ မကြားကြဘူးလား၊ ငါ့သားသမီးတွေက မင်းတို့ကို အကြောင်းမကြားဘူးလား"

"ဟာ...ကျွန်တော်တို့ မသိကြဘူး။ သိရင် သတင်းသွားမေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ စိတ်မကောင်းလိုက်တာဗျာ၊ အစ်ကိုကြီး ဘယ်လိုဖြစ်သွားတာလဲ"

"ဘယ်လိုဖြစ်ခဲ့တယ် ဆိုတာကို ငါမပြောချင်ဘူး၊ ယခု ငါလာတဲ့ကိစ္စကိုပဲ ပြောချင်တယ်"

"ပြောပါအစ်ကိုကြီး၊ ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ"

"ဘာမှလုပ်ပေးစရာ မလိုဘူး။ ငါလာဘာ မင်းတို့နဲ့ လာနေချင်လို့ ခွင့်လာတောင်းတာ၊ မင်းတို့ ခွင့်ပြုနိုင်ကြမလား"

"ဟာ...အစ်ကိုကြီး နေချင်ရင် ရပါတယ်၊ ခွင့်ပြုပါတယ်"

"ဒါဆို မင်းတို့ဆီက ကတိတစ်ခုတောင်းမယ်၊ ငါ မင်းတို့နဲ့ လာနေရင် ငါ့ကို မရိုက်ဘူးလို့ ကတိပေးပါ"

"ဟာ...အစ်ကိုကြီးပဲ ဘယ်ရိုက်လို့ဖြစ်မလဲ၊ မရိုက်ပါဘူးဗျ"

"ဒါဖြင့် ငါ တပေါင်းလမှာ လာနေမယ်"

ထိုအချိန်မှာပင် ပန်းတနော်သင်္ဘောက ဥသြဆွဲပြီး ရွာဆိပ်သို့ ဝင်လာသည်။

"သင်္ဘောလာနေပြီ၊ ငါ ဒီသင်္ဘောနဲ့ လိုက်သွားမယ်၊ ငါသွားဦးမယ်"

တစ္ဆေသရဲသည် ဤသို့ပြောပြီး ဒေါ်သော်ထံမှ ခွာ၍ ထွက်ခွာသွားခဲ့လေသည်။

ထိုတစ္ဆေဖြစ်ကြောင်း ဝင်ပူးကြောင်းကို ဆရာကြီး ဦးအေးနိုင်သည် မသိပါ၊ မိဘတွေက ပြောပြမှ သိသည်ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တဗ္ဗေ သရဲဘဝ (ပြိတ္တာဘဝ)တွင် (၆)လလောက် နေခဲ့ရသည်။ တဗ္ဗေသရဲသည် စတုမဟာရာဇ်နတ် အမျိုးအစားတွင် ပါဝင်သော အနိမ့်စား၊ ဝိနိပါတိက နတ်တစ်မျိုး ဖြစ်သည်။ ပရဒတ္တူပဇီဝိတပြိတ္တာဟု ကျမ်းဂန်၌ဆိုပါသည်။

ပြိတ္တာငယ်များသည် လူများနှင့် အနေနီး၍ လူများက ကုသိုလ်ပြု အမျှပေးဝေရင်း သာဓုခေါ်နိုင်သည်၊ အမျှရနိုင်သည်။ သို့အတွက် လူဖြစ်ဖို့ လွယ်သည်။

လူတွေနှင့်ဝေးသော တောတောင်တွေမှာ ဆင်းရဲဒုက္ခ ခံစားနေကြရသော ပြိတ္တာကြီးတွေမှာ လူပြန်ဖြစ်ရန် မလွယ်ပါဟု ဆရာကြီးက ဆိုပါသည်။

တဗ္ဗေသရဲသည် ပြောဆိုသွားသည့်အတိုင်း တပေါင်းလတွင် ပဋိသန္ဓေနေပြီး ၁၂၈၄–ခု ပြာသိုလဆန်း (၇)ရက်နေ့တွင် မွေးဖွားခဲ့သည်။

ကလေးသည် စကားစပြောတော့ ကရင်စကားလိုလို မြန်မာစကားလိုလို မပီမသ ပြောလေသည်။

(၂)နှစ်သား ရောက်သောအခါ မြန်မာစကားကို ပီပီသသ ပြောနိုင်ပြီ ဖြစ်သည်။ ထိုအချိန်မှစ၍ မိခင်ကို...

"အမေ...ဂုံးမင်းမှာ ကျွန်တော့်အိမ် ရှိတယ်။ ကျွန်တော့်သားသမီးတွေရှိတယ်၊ ကျွန်တော့်ကို ဂုံးမင်းကို ပို့ပေးပါ"ဟု စတင်ပြောဆိုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးသည် ဂုံးမင်းရွာသို့ သွားလိုကြောင်း ခဏ ခဏ ပူဆာနေသည့်အတွက် ပထမ လိုက်မပို့ကြသော်လည်း (၃)နှစ်သားအရွယ်တွင် လိုက်ပို့ပေးကြသည်။ လှေလှော်ပြီး သွားကြသည်။ ကလေးသည် ဂုံးမင်းရွာသို့ သွားရသည့်အတွက် အိမ်ကထွက်ကတည်းက မြူးကြွနေသည်။

ဤခရီးကို ယခင်ဘဝက ခဏ ခဏ သွားဖူးနေ၍ ကလေးသည် မှတ်မိနေသည်။ ဂုံးမင်းရွာအနီးသို့ ရောက်သောအခါ...

"ဟိုမှာ...ငါ့ရွာပဲ"

ဟု အော်ဟစ် ပြောလိုက်လေသည်။

ရွာထဲသို့ ရောက်သောအခါ လူကြီးများက ကလေးအကဲကို စမ်းလိုသဖြင့် ဦးနေကျော်၏ မူလအိမ်ကို ကျော်ပြီး လှေကို လှော်ခတ်သွားလိုက်သည်။ ထိုအခါ ကလေးက...

"ဟာ...ငါ့အိမ်လွန်သွားပြီ၊ ငါ့အိမ်က ဟိုအိမ်"

ဟု အော်ဟစ်လက်ညှိုးထိုးပြီး ပြောပြလိုက်သည်။ သို့အတွက် လှေကို ပြန်ဆုတ်ပြီး ဦးနေကျော်အိမ်သို့ ကပ်ရသည်။

လှေပေါ်က ဆင်းသောအခါ ကလေးက ဦးဆောင်သွားပြီး သူ၏ အတိတ်ဘဝက သမီးများ၏ နာမည်ကို အော်ခေါ်ကာ တက်သွားလေသည်။

ထိုအချိန်တွင် သား(၃)ယောက်က အိမ်ထောင်အသီးသီးကျနေသည်။ ကျန်သမီးများက အပျိုကြီးဘဝနှင့် အတူရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးများက သူတို့နာမည် အော်ခေါ်ပြီး တက်လာသော ကလေးကို တွေ့ရသောအခါ အလွန် အံ့အားသင့်နေကြသည်။

"ဟဲ့...နင်တို့ မမှတ်မိဘူးလား။ ငါ နင်တို့အဖေ ဦးနေကျော်လေ" ကလေးက ဤသို့ပြောဆိုပြီး ဦးနေကျော်ဘဝက ထိုင်နေကျနေရာတွင် ဝင်ထိုင်လေသည်။

သမီးတစ်ယောက်ကို လက်ညှိုးထိုးပြီး...

"ဟဲ့–မနန်းပု နင်က ဆွမ်းချက်ဖို့တာဝန်ယူတာ ဆွမ်းမှန်မှန်လောင်းဖြစ်ရဲ့လား"

"မနန်းရွှေ–နင်က ဈေးဝယ်ပြီး ချက်ပြုတ်တဲ့ဘက်က တာဝန်ဆက်ယူနေတာလား။ မနန်းငွေကော အိမ်သန့်ရှင်းရေး လုပ်ပြီး အဝတ်မှန်မှန်လျှော်ဖွပ်ရဲ့လား"

ဟု သမီးတစ်ယောက်စီ၏ ထူးခြားချက်ကို ကလေးက ပြောလိုက်သောအခါ သမီးများက အားလုံးယုံသွားပြီး အဘ, အဘဟု ဝမ်းနည်းဝမ်းသာ မျက်ရည်ရွဲရွဲနှင့် ခေါ်ကြလေသည်။

"ကျန်တဲ့သမီးငယ်နဲ့ သားတွေကို ခေါ်ပေးစမ်းပါ"ဟု ကလေးက ဆက်လက်အမိန့်ပေးသောအခါ လူလွှတ်ခေါ်ကြရသည်။ သားသမီးတွေ ရောက်သောအခါ တစ်ယောက်စီ၏ နာမည်ကို လှမ်းခေါ်သည်။

"ဟဲ့...မောင်ပန်းသာ မင်းက ခဏ ခဏ ခေါင်းမူးတတ်တယ်၊ ခုကော မူးသေးလား"

www.burmeseclassic.com

www.burmeseclassic.com


စသည်ဖြင့် တစ်ဦးစီ၏ ထူးခြားချက်များကို ထုတ်ဖော်ပြော လိုက်သောအခါ အားလုံးလည်း ယုံကြည်သွားကြလေသည်။

ကလေးသည် အပျိုကြီးသမီးတွေဘက်ကို လှည့်ပြီး...

"ငါ့ဖို့ ဘောင်းဘီသုံးထည်နဲ့ ဖဲဘောင်းဘီလေးထည် ရှိသေးလား။ နင်တို့ ဘာလုပ်လိုက်သေးလဲ"ဟု မေးသည်။

"အဘဆုံးပြီးကတည်းက ဘုန်းကြီးကျောင်းကို အကုန်လှူလိုက်ပြီ"

ထို့နောက် သားတွေဘက်ကိုလှည့်ကာ...

"ဟော့–တို့အိမ်နောက်ဖေးက သရက်ပင်ရင်းမှာ ငါ ငွေအိုးမြှုပ်ထားတာကို ဖော်ထုတ်ယူပြီးကြပြီလား"ဟု မေးသည်။

"ဟင့်အင်း...ကျွန်တော်တို့ မသိဘူး"

သို့တွက် ကလေးက မြှုပ်ထားသောနေရာကို ပြောပြီး တူးခိုင်းသည်။ တူးသောအခါ စဥ့်အိုးတစ်လုံး ပေါ်လာသည်။ ထိုအိုးထဲတွင် လက်ဝတ်လက်စား၊ စိန်၊ ရွှေ၊ ငွေ ရတနာတွေ အသင့်အတင့် ထည့်ထားခဲ့သည်။ သားသမီးတို့သည် ထိုအိုးပြန်ရ၍ အားလုံး ဝမ်းသာကြသည်။

သားသမီးများက အဘ, အဘ ဟိုတုန်းက အဘညောင်းလို့ ခဏ ခဏ နှိပ်ပေးရတယ်။ အခု ခြေဆင်းပေးဦးလေ၊ နှိပ်ပေးမယ် လို့ဟု ပြောသောအခါ ကလေးက ခြေဆင်းပေးပြီး အေး...အေး... နှိပ်ကြ၊ နှိပ်ကြဟု ပြောပြီး ပြုံးပြုံးကြီး အနှိပ်ခံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေးတွေကလည်း ဘိုးဘိုးကြီး နှိပ်ပေးမယ်ဆိုပြီး နှိပ်ပေးသောအခါလည်း အနှိပ်ခံလေသည်။

မြေးများသည် ကလေးဆိုပေမယ့် မောင်အေးနိုင်လေးထက် အသက်ကြီးကြသည်။

နောက်နေ့တွင် တရုတ်နှင့် အိမ်ထောင်ကျနေသော သမီးငယ်က သူတို့အိမ်သို့ ကလေးကို ခေါ်သွားသည်။ သမီးငယ်က အရက်ဆိုင်ဖွင့်ထားသည်။ သမီးငယ်က...

"အဘ ...ဟိုတုန်းက အဘ အရက် တစ်ခါတလေ သောက်တယ်မဟုတ်လား၊ အခုသောက်ပါဦးလား"ဟု ပြောသည်။

"ဟာ...အခုမလုပ်ပါနဲ့၊ ဒီဘဝမှာ ငါမသောက်တော့ဘူး။ ငါ နားလည်လာပြီ"

"အဘ မသောက်ရင် အဘကို သမီး မယုံဘူး၊ သမီးယုံအောင် နည်းနည်းသောက်ပြပါ"

"ကဲ...ဒါဆို သမီးကျေနပ်အောင် နည်းနည်းသောက်မယ်"

ကလေးက ဤသို့ပြောပြီး သမီးငယ်ပေးသော အရက်ကို သောက်ရာ (၃)နှစ်သားအရွယ် အရက်ဒဏ်မခံနိုင်ရာ တစ်နေ့လုံး အရက်မူးနေလေတော့သည်။

အပျိုကြီး (၃)ယောက်က အလွန်ချစ်မြတ်နိုးသဖြင့်...

"အဘ...သမီးတို့နဲ့ အတူတူနေပါ"ဟု ပူဆာကြသည်။

"ငါ စာသင်ရဦးမယ်၊ ပြီးတော့ လာနေမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပြောဆိုပြီး မိသားစုနှင့် အတော်ခဲခဲယဉ်းယဉ်း ခွဲခွာခဲ့ရသည်။ ထိုနောက် တစ်နှစ်တစ်ခါက် မှန်မှန် သားသမီးများထံ သွားရောက်လည်ပတ်ခဲ့သည်။

အသက် (၁၅)နှစ်ရွယ်တွင် (၇)တန်းအောင်ခဲ့ပြီးနောက် ကိုရင်ဝတ်ခဲ့သည်။ ညောင်တုံးမြို့၊ ရွှေဟင်္သာတောရတိုက်၌ စာဆက်သင်ခဲ့သည်။ ထို့နောက် ဆရာကြီးသည် ဓမ္မာစရိယဘွဲ့ ဘီ–အေတန်းများ ရရှိပြီး သာသနာရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ထမ်းဆောင်ခဲ့သည်။ ယခုအခါ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ( ၇၃ )တွင် ဇနီး ဒေါ်သိန်းတင်၊ သား (၃)ဦး၊ သမီး (၁)ဦးတို့ဖြင့် ကျန်းမာချမ်းမြေ့စွာ နေထိုင်ပြီး သာသနာအကျိုးကို ဆက်လက်သယ်ပိုး ဆောင်ရွက်လျက်ရှိနေပါသည်။

ဆရာကြီး ပြောပြချက်မှာ သူသည် အရင်ဘဝက ကုသိုလ်ပြုတိုင်း ဘဝဟောင်းကို ပြန်မြင်ရပါလို၏ အမြဲဆုတောင်းခဲ့သည်။ သို့အတွက် ယခုလို ဘဝဟောင်းကို ပြန်လည်မှတ်မိပြီး သားသမီးများနှင့် ပြန်တွေ့ရသည်ဟု ဆိုပါသည်။

ဦးဘဖေ ဒေါ်သော်တို့အိမ်မှာ လူပြန်ဖြစ်ရသည်မှာ ဒေါ်သော်၏ စားကောင်းသောက်ဖွယ်များကို တပ်မက်သော ရသတဏှာကြောင့် ထိုအိမ်တွင် လူသွားဖြစ်ရသည်။

ပိဋကတ်သုံးပုံ ရှုခဲ့သည့်အတွက် လောကုတ် လောကီ

www.burmeseclassic.com

www.burmeseclassic.com



ပညာစွယ်စုံ တတ်ပညာရှင် ဖြစ်ခဲ့ရသည်။

အတိတ်ဘဝ အင်းလုပ်ငန်း (တံငါလုပ်ငန်း)တွင် သဘောတူ ပါဝင်ခဲ့ရသော အကုသိုလ်ကံကြောင့် တစ္ဆေ သရဲဘဝ (၆)လ လောက် ခံစားနေခဲ့ရသူသည်ဟု ဆရာကြီးက ယုံကြည်ခဲ့သည်။

**ဆရာတော်ဦးတိလောက (ရဝေထွန်း)၏ လူဝင်စားအဆို**

(၁) ဇာတိဿရဉာဏ်

(၂) ကိုယ်စောင့်နတ်၏ စေ့ဆော်မှု

(၃) မိခင်စိတ်ဓာတ်စွဲထင်ကူးစက်မှု

အကြောင်းသုံးမျိုးတို့ကြောင့် လူ့လောကတွင် လူဝင်စားများ ဖြစ်လာတတ်ပါသည်။

**ဇာတိဿရဉာဏ်။** ။ ဇာတိဿရဉာဏ် ဆိုသည်မှာ ကုသိုလ်ကံကြောင့်ဖြစ်သော ထူးဆန်းသော ဉာဏ်တစ်မျိုးပင် ဖြစ်ပါသည်။ ပုဗ္ဗေနိဝါသာနုဿတိ စသော အဘိဉာဏ်ကဲ့သို့ အဆင့်အတန်းမြင့်သော ဉာဏ်မျိုး မဟုတ်လင့်ကစား ဇာတိဿရ ဉာဏ် ရသူသည် လွန်ခဲ့သော ဘဝပေါင်းများစွာတို့ကို ပြန်လည် မြင်သိနိုင်စွမ်း ရှိလေသည်။

အချို့တစ်ဘဝ၊ နှစ်ဘဝသာ မြင်နိုင်သော်လည်း အချို့ဘဝ များစွာ မြင်နိုင်ပါသည်။ ဇာတ်အဋ္ဌကထာတို့တွင် ဘဝပေါင်းများ စွာကို မြင်နိုင်သော ဆဒ္ဒန္တ ဇာတ် နိဒါန်းလာ ဘိက္ခုနီမလေး၊

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းတော် တေမိမင်းသား စသည်တို့ကဲ့သို့ လူ့ဘဝနှင့် ဇာတိဿရဉာဏ်များ ရှိသကဲ့သို့ ရွှေဟင်္သာမင်း ကုဏာဂကငှက်မင်း တို့ကဲ့သို့ ဇာတိဿရဉာဏ်ရ ငှက်များ၊ တိရစ္ဆာန်များလည်း ရှိပါသည်။

အချို့မှာ မွေးဖွားလာစကပင် ဇာတိဿရဉာဏ် ရသော်လည်း အချို့မှာ အနည်းငယ် ကြီးပြင်းလာမှ တစ်စုံတစ်ခု မိမိဖြစ်ခဲ့သော ဘဝနှင့်ဆိုင်သည့် အကြောင်းအရာ တစ်ခုခုကို ကြားသိတွေ့မြင်ရာမှ ဘွားခနဲ နောက်ဘဝက အကြောင်းတို့ကို သိမြင်လာရသည် လည်း ရှိပါသည်။ ဇာတိဿရဉာဏ်ကြောင့် သိမြင်ပြောဆိုနိုင် သူတို့ကား တိတိကျကျသိရှိမှုမက တစ်သက်လုံးလည်း အမှတ် ရနေနိုင်ပါသည်။ ယင်းကဲ့သို့ ဇာတိဿရဉာဏ် ရသူကိုသာ လူ့ဝင်စားအစစ် ဖြစ်သည်ဟု ဆိုသင့်ပေသည်။

**ကိုယ်စောင့်နတ် စေ့ဆော်မှု။** ။လူတို့တွင် ကိုယ်စောင့်နတ် ရှိကြောင်း၊ ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များက ဆိုပါသည်။ လောကီကျမ်းစာတို့တွင်ကား ကိုယ်စောင့်နတ်တို့ကို ဦးရေအမည် နှင့်တကွ အကျယ်တဝင့် ဖော်ပြထားပါသည်။ (ဝိ-၁-၁၀၈၊ ဝိ၊ ၄၊ ၁-၁၈၁၊ ဒီ၊ ၂။ ၄၊ ၇)

ထိုကိုယ်စောင့်နတ်သည် ပုဂ္ဂိုလ်တစ်ဦးအား စွဲမှီစောင့်ကြပ်ရာမှ ထိုပုဂ္ဂိုလ် ကွယ်လွန်သော် အခြားပုဂ္ဂိုလ်တစ်ဦးသို့ ရွှေ့ပြောင်း စောင့်ကြပ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အသိတိနိပါတ် မဟာကုဏာလဇာတ်တွင် ကောသလမင်းကြီး၏ မိဖုရားကို ဗာရာဏသီမင်းကြီး ကောက်ယူ၍ မိဖုရားမြှောက်သည်။ မိဖုရားတွင် ကောသလမင်းကိုစွဲ၍ ပဋိသန္ဓေ ပါလေ၏။ ကောသလမင်းသေလျှင် မိမိသားငယ်၌ ကိုယ်စောင့်နတ်ဖြစ်လေသည်။ သားငယ် (၁၆)နှစ်မြောက်သောကာလ အဖဖြစ်သော ကိုယ်စောင့်နတ်သည် မယ်တော်ကို ပူးဝင်၍ နှောင်ဖြစ်ကို ပြောဆိုပြီး မင်းသားငယ်ကို စောင့်ရှောက်စေ၍ ချမ်းသာရစေ၏။ (ဇာ-၅-၅၊ ၄၆၁)

BURMESE CLASSIC

ဤကိုယ်စောင့်နတ်၏ စေ့ဆော်မှုကြောင့် ကိုယ်စောင့်နတ်ပွဲ မှီခဲ့သော ကွယ်လွန်ပြီးသူတစ်ဦးဦး၏ အဖြစ်အပျက် တစ်စိတ်တစ်ဒေသကို ထုတ်ဖော်ပြောကြားမှုများလည်း ဖြစ်လာတတ်ပေသည်။ ဤသည်ကိုလည်း လူဝင်စားဟု ဆိုကြသည်။ သို့သော် အမြဲပြောဆိုနိုင်ခြင်း မရှိသောကြောင့် လူဝင်စား အစစ်ဖြစ်သည်ဟူ၍ မဆိုသင့်ပါ။ အတုယူ၍သာ ဆိုသင့်ပါသည်။

**မိခင်စိတ်ဓာတ်စွဲထင်ကူးစက်မှု။** ။ ကိုယ်ဝန်ဆောင် မိခင်လောင်း၏ ပြင်းပြသော စိတ်ဓာတ်သည် ဝမ်းတွင်းရှိ သန္ဓေသားအား စွဲထင်သွားတတ်သည်မှာ ဓမ္မတာဖြစ်ပါသည်။ သန္ဓေသားကြောင့်လည်း မိခင်၌ ချဉ်ခြင်းအမျိုးမျိုး ဖြစ်တတ်ပြန်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်နှင့် သန္ဓေသားတို့၏ စိတ်ဓာတ်တို့မှာ အပြန်အလှန် ကူးစက်ယှက်တင်နေသည်ဟု ဆိုရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်၏စိတ်ဓာတ်ကြောင့် ဝမ်းတွင်းရှိ သန္ဓေသား၏ ရုပ်ရည်ဖောက်ပြန်မှု ဖြစ်တတ်သည်ကိုကား အနောက်နိုင်ငံသားတို့ပင် ယုံကြည်လက်ခံထားကြကြောင်း ကပ္ပလီရုပ်ပုံကားချပ်ကလေးကို အမြတ်တနိုး ချိတ်ဆွဲထားမိသော အင်္ဂလန်ပြည်မှ မိခင်တစ်ဦးမှာ ယင်းကပ္ပလီရုပ်နှင့်တူသော သားကလေး မွေးဖွားလာကြောင်း ရေးသားထားသည်ကို စာအုပ်တစ်အုပ်တွင် ဖတ်ရဖူးသည်။ ကလေးသည် မွေးကတည်းက ပါလာသော အမည်းအမှတ်များ၊ အမာရွတ်များ စသည်တို့မှာလည်း အများအားဖြင့် မိခင်စိတ်ဓာတ်၌ ဖြစ်ပေါ်စွဲလမ်းမှုကြောင့် စွဲထင်ပေါ်ပေါက်လာထင်ခြင်းပင် ဖြစ်လေသည်။ အချို့သော ကိုယ်ဝန်ဆောင် မိခင်တို့သည် ကိုယ်ဝန်ဆောင်စဉ် အနီးအနား၌ တစ်ယောက်ကွယ်လွန်သွားလျှင် ထိုသူမိခင်ထံ၌ ဝင်စားလိမ့်မည်ဟူ၍လည်းကောင်း၊ တစ်စုံတစ်ယောက် ကြောက်မက်ဖွယ်ရာ အသေဆိုးဖြင့် သေသွားရာ ကိုယ်ဝန်ဆောင်မိခင်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မပြတ်မြင်ယောင်နေမိ၍လည်းကောင်း၊ မွေးဖွားလာသော ကလေးသည် ထိုမိခင် စွဲလမ်းလာသည့်အတိုင်း စကားစမြည် ပြောဆိုသည့် အချိန်တွင် ထိုကွယ်လွန်သူဖြစ်ကြောင်း တစ်စွန်းတစ်စ ပြောဆိုလာတတ်သည်။ ထိုသူသည် လူဝင်စားဟု ဆိုကြသည်။ သို့သော် သတိ သဿရဉာဏ်ရှင် လူဝင်စားကဲ့သို့ တိတိကျကျ ပြောနိုင်ခြင်း မရှိသဖြင့် ယင်းပုဂ္ဂိုလ်ကို လူဝင်စားစစ်စစ်ဟူ၍ မဆိုရဘဲ

www.burmeseclassic.com

www.burmeseclassic.com



လှုဝင်စား အတုမျှသာ ဖြစ်သည်ဟူ၍ ဆိုကြရမည် ဖြစ်သည်။

အချုပ်ဆိုရသော် လှုဝင်စားဆိုသည်မှာ ဤဘဝမှ နာမ်ဝိညာဉ်သည် နောင်ဘဝသို့ မပျောက်ပျက်ဘဲ ကူးပြောင်းသွားသည်ဟူ၍ ဆိုလိုခြင်း မဟုတ်ပါဘဲ ဤဘဝ၏ ဖြစ်စဉ်တို့ကို ရောက်ရာရောက်ရာဘဝတို့၌ ပြန်လည်သတိရအောက်မေ့နိုင်မှု ဇာတိဿရဉာဏ်ရသူတို့ကိုသာ လှုဝင်စားဟူ၍ ဆိုခြင်းဖြစ်ပါသည်။

[ရတနာစာပေ–အမှတ်(၂)]

တက္ကသိုလ်သျှင်သီရိ
(မွှားရိယ၊ ဘီ–အေ)

BURMESE CLASSIC

www.burmeseclassic.com